

# တွေးမိတွေးရာ

အပိုင်း ၅

တင်စိန်(ဆေး-၁)



တင်စိန်
(ဆေး-၁)

# တွေးမိ တွေးရာ

အပိုင်း ၅

Designed by Aung Moe

## ပုံနှိပ်မှတ်တမ်း

**ပုံနှိပ်သူ**
ဦးဝင်းဗိုလ် (၀၀၆၁၆)
Ju Ju Printing
(၄၂၅)၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ ပုဇွန်တောင်။

**ထုတ်ဝေသူ**
ဦးအောင်မိုး (၀၀၅၇၁)
အမှတ် - ၁၁၊ အောင်သပြေလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**
တက်လမ်းစာပေ
အမှတ် - ၅၆၊ ပထမထပ်၊ ၂၂ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၅၀၄၅၀၄၀၅

မျက်နှာဖုံးဒီဇိုင်း
အောင်မိုး

ကွန်ပျူတာ/ အတွင်းဒီဇိုင်း
ဆုအေးအောင်

စာအုပ်ချုပ်
နံ့သာ

ပုံနှိပ်ခြင်း
၂၀၁၉၊ ဧပြီလ

အုပ်ရေ
၁၀၀၀၀

တန်ဖိုး
~~၂၅၀၀ ကျပ်~~ Complimentary Copy

တင်စိန် (ဆေး-၁)၊ စာရေးဆရာ
တွေးမိတွေးရာ (အပိုင်း-၅)
တင်စိန် (ဆေး-၁) ။ ရန်ကုန်။
ရတနာသိုက်စာပေ၊ ၂၀၁၉
စာ - ၁၈၂၊ ၁၂.၅ × ၂၀ စင်တီမီတာ
တွေးမိတွေးရာ (အပိုင်း-၅)

# မာတိကာ


| | |
|---|---|
| ၁။ စီးပွားရေးလုပ်ငန်း ဘယ်လိုစလုပ်မလဲ? | ၁ |
| ၂။ ကိုယ်ကညံ့နေရင် အောင်မြင်နိုင်သလား | ၉ |
| ၃။ အတူတူကြီးပွားချမ်းသာဖို့ လိုပါတယ်။ | ၁၃ |
| ၄။ လူအများအကျိုးလုပ်ပေးနိုင်လေ စီးပွားရေးအောင်မြင်လေပါ။ | ၁၆ |
| ၅။ လူတစ်ယောက်ကို ပျော်အောင် ဘယ်လိုလုပ်မလဲ | ၂၆ |
| ၆။ ဗဟိုဘဏ် ဥက္ကဋ္ဌအဖြစ် အသက်(၈၀)အရွယ် ဥက္ကဋ္ဌဟောင်းကို ထပ်ရွေးလိုက်တယ်လို့ကြော်ငြာသွားပါတယ်။ | ၃၅ |
| ၇။ ဒေါ်လာဈေးတက်ရင် | ၄၀ |
| ၈။ ဝေမျှပိုင်းခြားပါ | ၅၂ |
| ၉။ လုပ်ငန်းတစ်ခုကြီးလာရင် | ၅၄ |
| ၁၀။ သီဟတင်စိုးနဲ့အတူ ရပ်တည်ပါတယ်။ | ၅၆ |
| ၁၁။ မြန်မာနိုင်ငံက အောက်ခြေအလုပ်သမားတွေအတွက် လုပ်ခလစာ အများဆုံးရအောင် တောင်းနည်း | ၅၉ |
| ၁၂။ ဒီနေ့က ၈၈၈၈ အရေးအခင်းဖြစ်ခဲ့တဲ့ နှစ်သုံးဆယ်ပြည့် နှစ်ပတ်လည်ပါ။ | ၆၂ |
| ၁၃။ အခက်အခဲကြားက အခွင့်အလမ်းနဲ့ တကယ်ဖြစ်နေတာ | ၆၅ |
| ၁၄။ သိရင်ပြောကြပါ။ | ၇၂ |
| ၁၅။ မြန်မာပြည်မှာအခွန်ကောက်တာ နည်းသလားများသလား? | ၇၆ |

| | | |
|---|---|---|
| ၁၆။ | ငွေကျပ်နေကြပါတယ်။ ကူမိသူ အမှားဖြစ်သွားနိုင်ပါတယ်။ | ၇၉ |
| ၁၇။ | ရန်ဖြစ်နေတဲ့ နိုင်ငံ | ၈၂ |
| ၁၈။ | အလုပ်သမား ပြဿနာ ဘယ်လို ရှင်းမလဲ | ၈၄ |
| ၁၉။ | လူရာဝင်ဖို့ | ၉၀ |
| ၂၀။ | ကားများတဲ့ အပိုင်းတွေမှာ မီးပွိုင့် တပ်မထားတတ်တာ တစ်ကမ္ဘာလုံးပါ။ | ၉၂ |
| ၂၁။ | ရွှေကျင်မြို့က ဘုရားကြီး စေတီရဲ့ ပုံရိပ် | ၉၅ |
| ၂၂။ | ကောင်းတော့ ကောင်းတယ်။ ဒါပေမဲ့ . . . | ၉၇ |
| ၂၃။ | မိန်းကလေးတွေရဲ့ အတွင်းခံ ဘောင်းဘီ ခိုးလို့ပါ။ | ၁၀၃ |
| ၂၄။ | နောက်ထပ်လာနိုင်တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု | ၁၀၄ |
| ၂၅။ | ကျရှုံးခြင်း အနုပညာ | ၁၀၆ |
| ၂၆။ | လက်ရှိစီးပွားရေးအခြေအနေမှာ သူများထက် ရှေ့ရောက်အောင်၊ သာအောင် လုပ်မယ်ဆိုရင် | ၁၀၉ |
| ၂၇။ | အလုပ်ရှင် – အလုပ်သမားပြဿနာ | ၁၁၀ |
| ၂၈။ | NLD အစိုးရလက်ထက်မှာ ပုဂ္ဂလိက စီးပွားရေးကဏ္ဍ ဘာကြောင့် ကျရှုံးသလဲ၊ ဘာလုပ်ရင် ကောင်းမလဲ | ၁၂၀ |
| ၂၉။ | ဗုန်ကာန်ရာဇီ ရေခဲတောင် သို့မဟုတ် အထပ်ထပ်ပြီး အသက်ရှင်သန်ခွင့် | ၁၄၅ |
| ၃၀။ | စစ်ဗိုလ်ချုပ်ကြီးဟောင်းတွေရဲ့ ကြွယ်ဝမှုစည်းစိမ်တွေကို တရားဝင်တာ၊ မဝင်တာ မေးခွန်းထုတ် စုံစမ်းစစ်ဆေးရင် ကောင်းမလား။ | ၁၅၉ |
| ၃၁။ | မြစ်ဆုံ ရေအားလျှပ်စစ် စီမံကိန်း ဆက်လုပ်သင့်သလား | ၁၆၁ |

## စာရေးသူ၏အမှာ

စိတ်ကူးပေါက်တာ လျှောက်ရေးပြီး တွေးမိတွေးရာဆိုပြီး အမည်မှည့်လိုက်တာ အခုတော့ လူ အထိုက်အလျောက် သိလာပါတယ်။ တွေးချင်တာတွေ၊ ရေးချင်တာတွေကို တတ်နိုင်သလောက် သူတစ်ပါး ထိခိုက်အောင် ပုတ်ခတ်ပြောတာမျိုး မလုပ်ဘဲ လွတ်လွတ်လပ်လပ် ဘောင်မခတ်ဘဲ တွေးပြီး ထုတ်လိုက်တဲ့ စာအုပ်ကို ရောင်းရရဲ၊ မရောင်းရရ ဂရုမစိုက်ဘဲ ဖတ်စေချင်တဲ့ ဆန္ဒတစ်ခုတည်းနဲ့ အကြိမ်ကြိမ်ရိုက်ပြီး လက်ဆောင်ပေးတဲ့စာရေးဆရာ ကျွန်တော်တစ်ယောက်ပဲ ရှိမှာပါ။

အခုတလော ကိုယ့်လုပ်ငန်းနဲ့ မတူတဲ့ လုပ်ငန်းတွေ ထပ်လေ့လာဖြစ်ပါတယ်။

တွေ့ကြုံတဲ့လူတွေက လုပ်ငန်းမကောင်းတော့ ရင်ဖွင့်တာတွေ ရေးရင်းနဲ့ တိုင်းကျိုးပြည်ပြုဖြစ်မယ့်အရာတွေ ဦးတည်ရေးမိပါတယ်။ တွေးမိတွေးရာ အပိုင်း (၅) မှာတော့ 'NLD အစိုးရလက်ထက်မှာ ပုဂ္ဂလိက စီးပွားရေးကဏ္ဍ ဘာကြောင့် ကျရသလဲ၊ ဘာလုပ်ရင် ကောင်းမလဲ'ဆိုတဲ့ ဆောင်းပါးကို ပင်တိုင်ဆောင်းပါးအနေနဲ့ ရေးခဲ့ပါတယ်။ ဆောင်းပါးတိုင်းမှာ ဘာလုပ်သင့်သလဲဆိုတာ ပါအောင် ရေးကြည့်ပါတယ်။ မကောင်းတာဖြစ်ခဲ့တာတွေ၊ ဖြစ်နေတာတွေ ရေးပြလို့ သိပ်အကျိုးမရှိဘူးထင်လို့ပါ။ နိုင်ငံအတွက် ဖြစ်သင့်တာလေးတွေ အုတ်တစ်ချပ်သဲတစ်ပွင့် ပါဝင်ပေးတာပါ။ ရေးထားတာတွေထဲက အမြင်မတူတာ၊ မှားယွင်းတာရှိရင် ဆက်သွယ်ပြီး ပြင်ပေးပါ။ လိုအပ်သလို ပြန်ပြင်ရေးပေးပါ့မယ်။

တွေးမိတွေးရာ

**တင်စိန် (ဆေး–၁)**


တွေးမိ တွေးရာ
တင်စိန်(ဆေး-၁)


တွေးမိ တွေးရာ
တင်စိန်(ဆေး-၁)


တွေးမိ တွေးရာ
တင်စိန်(ဆေး-၁)


တွေးမိ တွေးရာ
တင်စိန်(ဆေး-၁)


တွေးမိ တွေးရာ
တင်စိန်(ဆေး-၁)



# တွေးမိတွေးရာ

အပိုင်း ၅

တင်စိန်(ဆေး-၁)



# စီးပွားရေး လုပ်ငန်း ဘယ်လို စလုပ်မလဲ ?

အလွယ်ဆုံးနဲ့ ပထမဆုံး စလုပ်သင့်တာက

ကိုယ့်ပတ်ဝန်းကျင်က လူတွေဘာတွေ လိုအပ်နေသလဲ ဆိုတာကို သိအောင်စုံစမ်းပါ . . .

သိလာရင် သူတို့လိုအပ်နေတာကို ဖြည့်ဆည်းပေးလိုက်ပါ။

အဲဒါ စီးပွားရေးပါပဲ။

ဥပမာ လူတိုင်းလိုတာက အစားအသောက် ဖြစ်တတ်ပါတယ်။ ကိုယ့်ဝန်းကျင်က လူတွေ လိုတာ ဖြစ်နေရင် အစားအသောက် တစ်ခုခုလုပ်တတ်ရင် စလုပ်ဖို့ ကောင်းပါတယ်။ ဥပမာ ထမင်းရောင်းတယ် ဒါမှမဟုတ် ကိုယ်က ကျောင်းပြီးခါစ ဆိုတော့ ကိုယ့်လုပ်အားကို လိုအပ်နေတဲ့ လုပ်ငန်း ဒါမှမဟုတ် ကုမ္ပဏီမှာ ရောင်းတယ် ဆိုပါတော့။

သီအိုရီကတော့ . .

Need + Help = Business

Need + Help + Plan = Success Business

Need + Help + Plan + Hobby = Successful Business

ကိုယ် အရင်းအနှီး ဘယ်လောက်ရှိလဲ ဘာလုပ်ချင်တာလဲ ဆိုတဲ့အရာနဲ့ စီးပွားရေးလုပ်ငန်းတစ်ခုကို မစပါနဲ့ ။ ဈေးကွက်ရဲ့ လိုအပ်ချက်က ဘာလဲ ၊ ငါဘယ်လိုကူညီနိုင်သလဲဆိုတာနဲ့ စပါ။ ကိုယ်လုပ်ချင်တာနဲ့ စလုပ်မယ်ဆိုရင် ကိုယ်လုပ်ချင်တဲ့ အလုပ်ကို လိုအပ်နေတဲ့သူတွေရှိတဲ့နေရာမှာ လုပ်ဖို့ လိုပါတယ်။ အဲဒါ နေတဲ့အိမ်နဲ့ ဝေးနေရင် စဖို့ ခက်သွားတတ်ပါတယ်။ အိမ်က မိသားစု အနီးမှာရှိရင် အနည်းဆုံးတော့ ဝိုင်းကြည့်ပေးတဲ့သူရှိတယ်လို့ အထင်ခံရတာကြောင့် မဟုတ်တရုတ် လုပ်ဖို့ ကြံစည်တဲ့သူကနေ အကာအကွယ်ဖြစ်တတ်ပါတယ်။ အစားအသောက် တခုခု စရောင်းဖို့စဉ်းစားတဲ့အခါ အိမ်မှာစားဖို့ စီစဉ်ရင်း ရောစီစဉ်လို့ရတာကြောင့် စလုပ်ဖို့ ပိုအဆင်ပြေတတ်ပါတယ်။

စီးပွားရေးတစ်ခုကို စလုပ်တော့မယ်ဆို ငါ့အတွက် ဘယ်လောက်အကျိုးအမြတ်ရမလဲလို့ စပြီး စဉ်းစားတာထက် . . .

ငါ ဒါလုပ်လိုက်ရင် သူတို့အတွက် ဘယ်လောက်အထိ အဆင်ပြေသွားမလဲ . . . ပေါ် အခြေခံပြီး စဉ်းစားပါ . . . ။

သူတို့အဆင်ပြေသွားရင် ငါ့အတွက်လည်း အကျိုးအမြတ်ဆို တာ ရှိကို ရှိလိမ့်မယ်လို့ ယုံကြည်ပါ . . ၊ သေချာ အစီအစဉ်တွေ ဆွဲပြီး လေ့လာပါ၊ အကောင်အထည် ဖော်ပါ . . . ။

စေတနာပါ ထပ်ပေါင်းထည့်လိုက်ရင်အောင်မြင်တဲ့ စီးပွားရေး လုပ်ငန်းတစ်ခုဖြစ်လာမှာ သေချာပါတယ် . . . ၊ အထူးသဖြင့် လုပ်ငန်းအစမှ မိတ်ဆွယ်တဲ့အနေနဲ့ လုပ်ငန်းအပေါ် စေတနာရှိဖို့ လိုပါတယ်။ အရှုံးခံပြီး စေတနာနဲ့ ပိုပိုသာသာ မပေးနိုင်တောင် ရောင်းတဲ့ စားစရာထဲမှာ စေတနာတွေ မေတ္တာတွေရောထည့်ပြီး အပြုံးလေး ဖြူးရောင်းနိုင်ရင် မိတ် စရနိုင်ပါတယ်။

အဲဒီစီးပွားရေးက ကိုယ့်ရဲ့ဝါသနာပေါ် အခြေခံပြီး စတင်ခဲ့ တာဆိုရင်တော့ . . . ကြိုးစားအားထုတ်မှုရယ်၊ ဉာဏ်ပညာတွေ ကိုပါ ပေါင်းထည့်လိုက်တဲ့အခါ အတိုင်းထက်အလွန် အောင်မြင် တဲ့ စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်လာပါလိမ့်မယ် . . . ။ ဒါ ပထမ ခြေလှမ်းပါ။

နိုင်ငံတကာမှာတော့ အသက်မွေးဝမ်းကျောင်းအလုပ်တစ်ခု ကို ရွေးချယ်တဲ့အခါ မိမိလုပ်ချင်ရာ ဝါသနာပါရာ ချစ်မြတ်နိုးပြီး ရူးသွပ် Crazy ဖြစ်တဲ့ အလုပ်ကို ရွေးချယ်ကြဖို့ အကြံပြုကြပါ တယ်၊ အကြောင်းက မိမိကြိုက်နှစ်သက်တဲ့ အလုပ်ဖြစ်မှ ရေရှည် မပင်မပန်း အားကြိုးမာန်တက် ကြိုးစားလုပ်ကိုင်နိုင်ပြီး ထူးချွန် အောင်မြင်နိုင်မှာ ဖြစ်လို့ပါ။ ဒါတစ်ကမ္ဘာလုံးမှာ လက်ခံထားတဲ့ အယူအဆပါ။ အဲလိုလက်ခံရတဲ့ အကြောင်းရင်းက နိုင်ငံတကာ မှာ ဘာအလုပ်မဆို သူ့ဘာသာသူ ဘဝရပ်တည်နိုင်အောင် သင့်တင့်တဲ့ ဝင်ငွေရလို့ပါ။

ဆရာဝန်အလုပ်က ကျောင်းဆရာအလုပ်ထက် ပိုမကောင်းသလို၊ မော်ဒယ်အလုပ်က ကျောင်းဆရာ အလုပ်ထက် ပိုမနိမ့်ကျပါဘူး။

အလုပ်ဟူသမျှ ဂုဏ်ရှိပြီး သူ့ဟာနဲ့သူ သိက္ခာရှိရှိရပ်တည်နိုင်ကြပါတယ်။ အဆင့်အတန်းကွာတယ်လို့ မယူဆကြပါဘူး။

ဒါပေမဲ့ မြန်မာနိုင်ငံမှာတော့ အဲလို မဟုတ်ပါဘူး။

မြန်မာပြည်မှာ တိုက်ရိုက်ပိုက်ဆံရှာတဲ့အလုပ်ကလွဲရင် (ဥပမာ အရောင်းအဝယ် ဝန်ဆောင်မှုပေးတာမျိုး) တခြား ဝါသနာပါရာ အလုပ်တွေက အောင်မြင်ဖို့ အချိန်အတော်ကြာပြီး ဝင်ငွေအရ ရပ်တည်ဖို့ ခက်လို့ပါ။ လူငယ်တွေကြားမှာ ခေတ်စားလူကြိုက်များတာက အဆို အက၊ အတီး အမှုတ်၊ မော်ဒယ် သရုပ်ဆောင်၊ အားကစား စတာတို့ပါ။ ဘယ်ဝါသနာပါတဲ့ အလုပ်မှ ဘဝရပ်တည်နိုင်ဖို့ သေချာတဲ့ဝင်ငွေ မပေးနိုင်ပါဘူး။ ထူးချွန်နေရင်တောင် အောင်မြင်ပြီး ဝင်ငွေနဲ့ ရပ်တည်နေတဲ့ အဆင်ပြေတဲ့အထိဖြစ်အောင် တော်တော်မလွယ်ပါဘူး။ ၉၉ ◦ ၉ ရာခိုင်နှုန်းလောက်က ကြိုးစားရင်းနဲ့ ကျဆုံးကြပါတယ်။ ဝါသနာပါပြီး ကံ၊ မိဘ၊ အိမ်ထောင်ဘက်၊ ညီအစ်ကိုမောင်နှမ မိသားစုတွေရဲ့ ပံ့ပိုးမှုတွေ မရရင် သိပ်မဖြစ်နိုင်ပါဘူး။ ပညာထူးချွန်တဲ့ ဆရာဝန်လို အလုပ်တောင် ဆရာဝန်ကြီးဖြစ်မှ ဝင်ငွေအရ ရပ်တည်နိုင်ပြီး အသက်အတော်ရမှ ဝင်ငွေကောင်းတော့ အချိန်တိုတတ်ပြီး ကိုယ်ရှာတဲ့ပိုက်ဆံ ကိုယ်တိုင်သုံးဖို့အချိန်မရှိကြတော့တာ များပါတယ်။ ဒါကြောင့် ဘဝရပ်တည်ဖို့ ဝမ်းစာအတွက် လုံလောက်တဲ့ အလုပ်လေးကို ပင်မအလုပ်အနေနဲ့လုပ်ရင်း ဝါသနာပါရာ အလုပ်လေးကို အပိုအလုပ်အနေနဲ့လုပ်ပြီး ကြိုးစားသွားသင့်ပါတယ်။ ဝါသနာပါရာအလုပ်လေးက နည်းနည်း စအဆင်ပြေ

လာမှ ဝါသနာပါရာအလုပ်ကို ပင်မအလုပ်အဖြစ်ပြောင်းပြီး ပုံမှန်ဝင်ငွေရတဲ့ မူရင်းအလုပ်ကို အပိုအလုပ်အနေနဲ့ ပြောင်းလုပ်ရင်း ဝါသနာပါရာအလုပ်ကို အောင်မြင်သည်ထက်အောင်မြင်အောင် အချိန်ပေးပြီး ကြိုးစားလို့ရအောင် ပံ့ပိုးပေးရပါတယ်။ အလုပ်က ကိုယ်တစ်သက်လုံး လုပ်ရမှာဖြစ်လို့ ကိုယ်တကယ် ချစ်မြတ်နိုးပြီး လုပ်ဖို့ ရှုးသွပ်လောက်အောင် ဝါသနာပါပြီး ချစ်မြတ်နိုးတဲ့ အလုပ်ကို ရွေးချယ်သင့်တယ်ဆိုပေမဲ့ ဘဝရပ်တည်ဖို့ သေချာတဲ့ ဝင်ငွေရမယ့်အလုပ်လေးတစ်ခု စလုပ်ဖို့ပါပဲ။ ဝါသနာပါတာကို စိတ်လိုလက်ရ လုပ်ခွင့်ရတဲ့သူက ဘဝပေးကုသိုလ်များတဲ့ အနည်းစုပါ။

ဒုတိယခြေလှမ်းက ပထမလုပ်တဲ့အလုပ်ကနေ ဘဝရပ်တည်ဖို့ ရရင် အဲဒီလုပ်ငန်းနဲ့ ဆက်နွယ်တာလေးတွေ တိုးချဲ့လုပ်ဖို့ လိုပါတယ်။ ဥပမာ ထမင်း၊ ဟင်း ရောင်းရာက အအေးစုံ တိုးရောင်းတာမျိုးပေါ့။

တက္ကသိုလ်ကျောင်းပြီးတော့ အလုပ်စလုပ်ဖို့ ဘယ်က စရမှန်း မသိသူတွေ၊ ကိုယ့်ဘာသာကိုယ် ဘာလုပ်ချင်မှန်း မသိသူတွေ အများကြီးပါ။ ဒါနဲ့ ဟိုသင်တန်း ဒီသင်တန်း လိုက်တက်တာ အများကြီးပါ။ ဒါမျိုးဖြစ်နေရင် ဘယ်လိုလုပ်မလဲ။?

တချို့လူငယ်တွေ ဘာဝါသနာပါမှန်းမသိ၊ ဘာထူးချွန်နိုင်မှန်း မသိတာ မိဘပေါ် တာဝန်ရှိနိုင်ပါတယ်။ အကြောင်းက လူတစ်ယောက် ဘာထူးချွန်နိုင်သလဲဆိုတာ ကလေးဘဝ ခပ်ငယ်ငယ်အချိန်မှာပဲ ဇာတိပြတတ်ပါတယ်။ ဒါကို မိဘကပဲ သတိထားမိဖို့ အခွင့်အရေးရတတ်တာပါ။ မိဘက ဒါကို မသိဘဲ ကလေးက ကြီးပြင်းလာရင် ကျောင်းတက် ပညာသင် လူ့ဘောင်ဘဝက

စည်းမျဉ်းစည်းကမ်းလိုက်နာရင်း သူတို့ထူးချွန်နိုင်တဲ့ အရည်အသွေးတွေကို ဖုံးကွယ်ပစ်တာခံလိုက်တာမျိုး ဖြစ်တတ်ပါတယ်။ အဲဒီအခါမှ ကာယကံရှင်က ကိုယ်ဘာထူးချွန်နိုင်ကြောင်းသိဖို့ ကိုယ်တိုင်လေ့လာနိုင်မှပဲ သိနိုင်တော့မှာပါ။ အဲဒီလိုလူမျိုးတွေကတော့ ဘဝရပ်တည်ဖို့ စီးပွားလုပ်ငန်းစမယ်ဆိုရင် ကိုယ့်လုပ်အားကို ရောင်းဖို့ပဲ ကျန်ပါတယ်။ လိုအပ်တဲ့ လုပ်ငန်းရှင်တွေဆီ ရောင်းရပါတယ်။ တော်တော်များများက လုပ်ငန်းကြီးကုမ္ပဏီကြီးမှာ လုပ်ချင်ကြ၊ ရောင်းချင်ကြတာပါ။ တကယ်တော့ ကုမ္ပဏီကြီးဆိုတာ အလည်သွားကြည့်တာပဲ ကောင်းတာပါ။ အလုပ်လုပ်ဖို့ မကောင်းတတ်ပါဘူး။ အကြောင်းက အလုပ်လုပ်တဲ့သူက လုပ်ငန်းတစ်ခုလုံးရဲ့ အစိတ်အပိုင်းသေးသေးလေး ဖြစ်သွားလို့ပါ။ အဲဒါ တာဝန်ကျတဲ့နေရာလေးအကြောင်းပဲ သိပြီး လုပ်ငန်းတစ်ခုလုံးအကြောင်း သိပ်မသိတော့ပါဘူး။ ဥပမာ Marketing ဈေးကွက်ဆင်းရသူက HR ဝန်ထမ်းရေးရာဆို မသိတော့ပါဘူး။ စက်ရုံလည်ပတ်နေသူက တခြားနေရာတွေ မသိတော့ပါဘူး။ အဲဒါ ကိုယ်တိုင်စီးပွားရေး စလုပ်မယ်ဆို တော်တော်အဆင်မပြေပါဘူး။ ဒီထက်ပိုဆိုးတာက အလုပ်တစ်ခုမှာ ကြာကြာမလုပ်တာပါ။ ဟိုဘက်ကုမ္ပဏီ လုပ်လိုက်၊ ဒီဘက် စက်ရုံပြောင်းလိုက် လုပ်တတ်ကြပါတယ်။ ရုပ်လှတဲ့ မိန်းကလေး၊ ပညာပိုတတ်သူ၊ ဘာသာစကား (အင်္ဂလိပ်၊ တရုတ်၊ အနည်းဆုံးတတ်သူ) ကွန်ပျူတာ ပိုသုံးနိုင်သူတွေဟာ နေရာတကာလိုနေတော့ လစာပိုရတာနဲ့ အလုပ်ပြောင်းတတ်သလို ပျင်းရင်လည်း အလုပ်ပြောင်းတတ်ကြပါတယ်။ အလုပ်ပြောင်းတတ်တော့ ကိုယ်လုပ်ဖူးပေမဲ့ သေချာမတတ်တော့ပါဘူး။ ဒီတော့ အလုပ်ရှင်က ရာထူးတိုးဖို့ စဉ်းစားတဲ့အခါ အလုပ်မြဲတဲ့သူကို

ဦးစားပေးလိုက်ပါတယ်။ ဖြစ်သင့်တာက အလုပ်တစ်ခုမှာ နှစ်နှစ် သုံးနှစ်လောက် စွဲစွဲမြဲမြဲ လုပ်သင့်ပါတယ်။

လုပ်ငန်းငယ်တွေမှာ အလုပ်ဝင်မယ်ဆိုရင်တော့ ကောင်းတာတွေ အများကြီးရှိပါတယ်။ လုပ်ငန်း ဘယ်လို လည်ပတ်နေလဲဆိုတာ သေချာသိနိုင်မယ်။ လုပ်ငန်းရှင်နဲ့ အနီးကပ်နေခွင့်ရပြီး လုပ်ငန်းရှင်ရဲ့ စဉ်းစားပုံ စဉ်းစားနည်းတွေ သိမယ်။ မကောင်းတာတွေက လုပ်ငန်းရှင်ရဲ့ ကိုယ်ရေးပြဿနာတွေပါ ရောရှင်းပေးရတတ်တယ်။ အလုပ်တွင်း အလုပ်ပြင်ပ အတိုအထွာလေးကအစ လိုက်လုပ်ပေးရတတ်ပါတယ်။ လုပ်ငန်းကြီးပဲလုပ်လုပ်၊ လုပ်ငန်းငယ်မှာပဲလုပ်လုပ် ကိုယ်ပိုင်အခွင့်အရေး ရှာလို့ရပါတယ်။ ကိုယ့်လုပ်ငန်းရှင်ရဲ့ လိုအပ်ချက်ရှိတာတွေ ပံ့ပိုးပေးသူ (Supplier) ဒါမှမဟုတ် (Distributor) ဖြန့်ချိသူဖြစ်ဖို့ ပိုလွယ်သွားပါတယ်။ ပိုယုံကြည်နေရသူဖြစ်ခဲ့ရင် ရှယ်ယာခွဲပေးတာတို့၊ ဖက်စပ်လုပ်တာတို့ သမီးနဲ့ ပေးစားတာတို့အထိ ခံရတတ်ပါတယ်။ ဒါ နောက်လိုက်ကောင်းတစ်ယောက်ဖြစ်တဲ့သူတွေ အတွက်ပါ။ ကိုယ့်ဘာသာကိုယ် ကြိုးစားဖို့က တော်တော်ခက်ပါတယ်။ နောက်လိုက်ကောင်း ပီသပြီး ဆရာကောင်း ရှာနိုင်ရင် ဆရာဆွဲတင်လို့ တက်တာပိုမြန်ပြီး အခြေခိုင်တတ်ပါတယ်။

နောက်လိုက်လည်း မလုပ်တတ်၊ ရှေ့က ဦးဆောင်ဖို့ ဆိုပိုခက်တော့ တခြားနည်း ရှိပါတယ်။ စီးပွားရှာတတ်တဲ့ အိမ်ထောင်ဘက်ကို ရှာယူပါ။ အဲဒါ စီးပွားရှာတာထက် ပိုသေချာပြီး မြန်ပါတယ်။ ပြီးမှ လုပ်ငန်းဦးစီးနိုင်အောင် အိမ်ထောင်ဘက်ဆီက ပြန်သင်ယူရပါတယ်။ မသင်ခဲ့ရင်တော့ x x ကြီးဆိုပြီး ရာထူးတက်သွားတတ်ပါတယ်။

ဒါလည်း မလုပ်တတ်သေးဘူးဆိုရင် ချမ်းသာတဲ့ မိဘ၊ ဦးလေး၊ အဒေါ် ဒါမှမဟုတ် အလုပ်ရှင်တို့နားမှာ သံယောဇဉ်ရှိအောင်နေ၊ သစ္စာရှိရှိနေပါ။ ဖျားနာရင် သေချာပြုစုပေးလို့ သေရင် အမွေပေးတတ်ပါတယ်။ အဲဒါ တစ်ခါတစ်ခါ မထင်မှတ်နိုင်အောင် များပြားတတ်ပါတယ်။

ဒါလည်း မလုပ်တတ်သေးဘူးဆိုရင် ဘုရားတရားနဲ့နေပါ။ ဘာသာရေးကို သေချာလုပ်ပါ။ ဘုန်းကြီး သီလရှင်ဝတ်ရင် ဒကာရှိပါတယ်။ ပြီးရင် ဘုရားက သင့်တော်သလို စီစဉ်ပေးပါလိမ့်မယ်။

တွေးမိတွေးရာပါ။

■



# ကိုယ်က ညံ့နေရင် အောင်မြင်နိုင်သလား

အောင်မြင်တာက တော်တာ၊ ညံ့တာနဲ့ သိပ်တော့ မသက်ဆိုင်ပါဘူး။ တော်တဲ့သူ အောင်မြင်အောင် လုပ်ပုံကိုင်ပုံနဲ့ ညံ့တဲ့သူ အောင်မြင်အောင် လုပ်ပုံကိုင်ပုံ မတူပါဘူး။

တော်တဲ့သူတွေက လာဘ်ပိုမြင်တယ်။ တွန်းတွန်းတိုက်တိုက် လုပ်နိုင်တယ်။ ဒီတော့ အောင်မြင်မှုအမြန်ရနိုင်တဲ့နေရာတွေမှာ စုပြုံနေတတ်တော့ အရည်အချင်းတူတဲ့ သူတွေရဲ့ ပိုင်ဆိုင်မှု အကြီးအကျယ်ခံရပြီး တစ်နေရာရာမှာ ချက်ချင်းနေရာရပြီး အောင်မြင်သွားတတ်ပါတယ်။ ခွင်ကျဉ်းကျဉ်းလေးတစ်ခုမှာ အောင်မြင်သွားရင် ပြန်ထွက်လို့ ခက်သွားပါပြီ။ Exit Barrier ရှိသွားပါတယ်။ တကယ်လို့ အခွင့်အရေးတစ်ခုခု ထပ်မြင်လို့ ထပ်ကြိုးစားမယ်ဆိုရင် လက်ရှိအလုပ်ကို ရပ်ပြီးလုပ်ရမှာမို့ ပေးဆပ်ရမယ့် နစ်နာဆုံးရှုံးစရာ Opportunity Cost ရှိသွားပါပြီ။

အဲဒီလိုအချိန်မျိုးမှာ လူတော်တော်တော်များများက သိပ်မသေချာတဲ့ နောက်အလုပ်တစ်ခုရဲ့ ရလဒ်အတွက် အသစ်ကို ထပ်မစမ်းတော့ဘဲ လက်ရှိ ခွင်ကျဉ်းကျဉ်းမှာပဲ နေလိုက်ဖို့ ဆုံးဖြတ်လိုက်တတ်ကြပါတယ်။ အထူးသဖြင့် အိမ်ထောင်ကျသွားတဲ့အခါ မိသားစုအရေး ရှိတာကြောင့် အသစ်တစ်ခု ထပ်မတိုးနိုင်တော့တာပါ။ ပညာရေးမှာ အောင်မြင်နေတဲ့ ဆရာဝန်တွေကို ကြည့်ရင် အိမ်ထောင်ဘက်နဲ့ Addiction Effect ၁ + ၁ = ၂ ပဲ ရပါတယ်။ Potentiation Effect တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန် အားပေးပြီး နှစ်ယောက်ရှိတဲ့ အင်အားထက်သာတဲ့ ရလဒ် သိပ်မရတတ်ပါဘူး။ ၁ + ၁ > ၂ မဖြစ်တတ်ပါဘူး။ အကြောင်းက တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန် မကူညီနိုင်ဘဲ ရှုန်းကန်နေကြရလို့ပါ။ ဒါ့အပြင် တော်တဲ့သူတွေက ဆရာလို့ အခေါ်ခံရပြီးနောက် မိမိထက် ပညာနိမ့်ကျသူ တခြားသူတွေ အတူ သင်ယူလေ့လာဖို့ မသင့်တော်သလို လူအများက ယူဆလိုက်ကြတာ တစ်မျိုး၊ အတူသင်ယူပြီး ရလဒ်နိမ့်ကျရင် ပတ်ဝန်းကျင်မှလူများ မလေးစားတာမျိုး ဖြစ်မှာစိုးလို့ တစ်မျိုး တချို့က လည်း ဆရာဖြစ်ပြီး ထပ်မံလေ့လာရန်မလိုဟု တလွဲ ယူဆလိုက်တတ်ပါတယ်။ အဲဒီလိုဖြစ်ခဲ့ရင်တော့ ကျဆုံးခြင်း စတာပါ။

ညံ့တဲ့သူတွေက ညံ့တာကို အများသိနေတော့ ဘယ်သူ့ကို ဆရာတင်တင် ဂုဏ်မငယ်ပါဘူး။ မှားလုပ်မိရင်လည်း လူတိုင်းက မှားနိုင်တာကို လက်ခံထားသူမို့ ပြဿနာ မရှိပါဘူး။ တကယ်လို့ တစ်ခုခု ပြောင်းလုပ်ဖို့ လိုလာရင်လည်း နဂိုကတည်းက သိပ်မရတော့ ဆုံးရှုံးစရာ Opportunity cost လည်း မရှိပါဘူး။ ပိုကောင်းတာ တစ်ခုခုတွေ့ရင် ဖုတ်ဖတ်ခါထပြီး လုပ်ရုံပါ။ ပိုနစ်နာသွားစရာမရှိတော့ လုပ်လို့ပိုအဆင်ပြေတတ်ပါတယ်။

ညံ့တဲ့လူတွေက လူတော်တွေကြားထဲ ဝင်ပြိုင်ဖို့ မနိုင်နိုင်တော့ လိုက်ပြိုင်လုပ်လို့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် လူတော်တွေ သိပ်မလုပ်တတ်တာတွေကို ဦးတည်လုပ်သင့်ပါတယ်။

ဘာတွေ လုပ်သင့်သလဲ။

၁။ ရေရှည် ရည်မှန်းချက်ထားပြီး လုပ်ပါ။ ဥပမာ ၁၀ နှစ်၊ နှစ် ၂၀ လောက် လုပ်ရတဲ့အလုပ်မျိုးကို ရွေးလုပ်ပါ။ လူတော်တွေ အဲဒီလိုအလုပ်မျိုးမှာ ရှိမနေတတ်တော့ အနူတော လူချောဖြစ်ပြီး အောင်မြင်ဖို့ အခွင့်အရေး ရတတ်ပါတယ်။

၂။ ရည်မှန်းချက်တူသူတွေကို စည်းရုံးပြီး အတူတူ လုပ်ပါ။ ညံ့တဲ့သူအချင်းချင်းဆိုတော့ တစ်ယောက်နဲ့တစ်ယောက် ကိုယ်ချင်းစာပြီး သည်းခံလုပ်နိုင်ကြပါတယ်။

၃။ အများထဲက သင်ခန်းစာယူပြီး လမ်းကြောင်းရှာ လုပ်ပါ။

၄။ ဖွဲ့ရှိရှိလုပ်ပါ။ တကယ်တော့ လူ့ဘဝကြီးက ရပ်တည်ဖို့ အတော်ခက်ပါတယ်။ အထူးသဖြင့် လူညံ့တွေအတွက်ပေါ့။ ဒီနေ့မှာ တော်တော်ခက်တယ်၊ မနက်ဖြန်က ပိုခက်ပါတယ်။ နောက်နေ့ဆို ပိုပိုခက်မယ်လို့ အတူလုပ်သူတွေထဲက အများအပြားက ယူဆပြီး လက်လျှော့လိုက်တတ်ပါတယ်။ အဲဒီလူတွေ မရှိတော့တဲ့အခါ ခရီးက အတော်ရောက်နေပြီး အောင်မြင်မှုက ဆီးကြိုနေတတ်ပါတယ်။

၅။ အကောင်းမြင်ပါ။

၆။ လူအများအတွက် အလုပ်လုပ်ပါ။ လူတွေ လိုအပ်နေတာတွေ၊ အခက်အခဲတွေ့နေတာတွေကို ဖြေရှင်းပေးနိုင်ရင် ကိုယ့်အတွက် အခွင့်အရေးပါ။

ညံ့လို့ မအောင်မြင်ရဘူးလို့တော့ မဟုတ်ပါဘူး။ ဖွဲ့ကောင်းပြီး ရေရှည်ကြိုးစားတဲ့လူတိုင်းအတွက် အခွင့်အရေး အမြဲရှိပါတယ်။ ကမ္ဘာပေါ်က အကြီးအကျယ် အောင်မြင်မှုတိုင်းလိုလိုဟာ အောင်မြင်ဖို့ အခွင့်အလမ်းမရှိဘူးဆိုတာ အလွယ်တကူမသိရှိတဲ့ လူညံ့တွေ လုပ်ထားတာ ဖြစ်နေပါတယ်။ တော်တဲ့သူဖြစ်ရင် ညံ့တဲ့သူကို စာနာဖို့ လိုပြီး ညံ့တဲ့သူဖြစ်ရင်တော့ ကိုယ့်ဘာသာကိုယ် လေးစားဖို့ လိုပါတယ်။ ကိုယ်လည်း တခြားသူတွေနဲ့ တန်းတူ အောင်မြင်ဖို့ အခွင့်အလမ်းရှိနေတယ်ဆိုတာ သိထားသင့်ပါတယ်။

တွေးမိတွေးရာပါ။

■



# အတူတူ ကြီးပွားချမ်းသာဖို့ လိုပါတယ်။

အရင်က ပေါ်တူဂီ အင်ပါယာ၊ စပိန်အင်ပါယာ၊ အီဂျစ် အင်ပါယာ၊ မွန်ဂိုအင်ပါယာ၊ ဗြိတိသျှအင်ပါယာဆိုပြီး အမျိုးမျိုး ရှိခဲ့ပါတယ်။

ဒုတိယကမ္ဘာစစ်ပြီးတော့ အမေရိကန် စီးပွားရေး ဦးဆောင် လာပြီး အမေရိကန် စီးပွားရေးအင်ပါယာဆိုပြီး ဖြစ်လာပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂတို့ ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ စတဲ့ အဖွဲ့တွေ က အမေရိကန်ရဲ့ လက်ကိုင်တုတ်လိုပဲ ဖြစ်ခဲ့ပါတယ်။ အဲဒီ အင်ပါယာတွေက တစ်ဖက်သားကို အနိုင်တိုက်ပြီး စိုးမိုးဖို့ ကြိုးစားခဲ့တာချည်းပါဘဲ။ ဒါဟာ အဲဒီအင်ပါယာတွေ ရေရှည် မတည်မြဲတဲ့အကြောင်းရင်းပါပဲ။

နမူနာ ပြောရရင် ခန္ဓာကိုယ်တစ်ခုမှာ ခြေ၊ လက်၊ ဦးခေါင်း စသည့် အင်္ဂါတစ်ခုခုက အရမ်းစိုးမိုးကြီးထွားနေလို့ မရပါဘူး။ အချိုးတူ ကြီးထွားတာပဲ ဖြစ်နိုင်တာပါ။

ဒီတော့ လူ့ဘောင် သာယာဝပြောဖို့ ထပ်စဉ်းစားသင့်တာက အတူတူ ကြီးပွားချမ်းသာဖို့ပါ။

နိုင်ငံတွေ၊ လူမျိုးတွေ၊ တိုင်းရင်းသားအဖွဲ့အစည်းတွေ၊ စစ်ဗိုလ်တွေ၊ အရပ်သားတွေ၊ ဘာသာ မတူသူတွေ၊ ရာထူး ကြီးသူ ငယ်သူတွေ၊ ကျား မ မတူသူတွေ၊ ရုပ်ချောသူတွေ မချော သူတွေ (မိန်းမလှတွေက အသာစီးယူတတ်ပါတယ်)၊ ပိန်သူ ဝသူ (ဝသူတွေက ခွဲခြားဆက်ဆံခံရပါတယ်)။ Single mom တွေ (single mom တွေကို ပတ်ဝန်းကျင်က နှိမ့်ချမြင်တတ်ပါတယ်) ဘာမှ ခွဲခြားမှုမရှိဘဲ အတူတူကြီးပွားချမ်းသာဖို့ ဦးတည်လုပ်ကြမှ လူတွေရဲ့ ကမ္ဘာကြီးအေးချမ်းသာယာပြီး ရေရှည်ခံမှာပါ။

မြန်မာပြည်မှာတော့ အဲဒီလို ခွဲခြားဆက်ဆံတာမျိုးကို မလုပ်နိုင်ဖို့ နေရာတကာ ရှိနေတဲ့ 'လုပ်စားတွေ' ကို သေချာခွဲခြား ဆက်ဆံအရေးယူဖို့ လိုနေပါတယ်။ နမူနာပြောရရင် သတင်း သမားတွေတိုင်းကို ခွဲခြားမှုမရှိဘဲ ဆက်ဆံနိုင်ဖို့ ဟိုတစ်လော က ၂၀၁၈ ခုနှစ်အတွင်း ထောင်ဒဏ်ကျသွားတဲ့ နိုင်ငံခြားသတင်း ဌာနက မြန်မာသတင်းထောက် 'လုပ်စားတွေ' ကို သေချာခွဲခြား ပြီး အရေးယူဖို့ လိုပါတယ်။ သူတို့က ရခိုင်ဒေသက အရေး အခင်းတွေဖြစ်လာအောင် လုပ်ကြံတဲ့သတင်းတွေ တင်ခဲ့သူတွေပါ။

လယ်မြေအသိမ်းခံရတဲ့ လယ်သမားတွေကို စာနာစိတ်နဲ့ မခွဲခြားဘဲ ဆက်ဆံနိုင်ဖို့ ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန်တွေမှာ ဝင်ပေါက်ပိတ် မိုက်ကြေးခွဲတဲ့ 'လုပ်စားတွေ'ကို ပြတ်ပြတ်သားသားအရေးယူဖို့ လိုပါတယ်။

စက်ရုံတွေမှာ အလုပ်လုပ်တဲ့ အလုပ်သမတွေရဲ့ အခွင့်အရေးကို စာနာစိတ်နဲ့ မခွဲခြားဘဲ ဆက်ဆံနိုင်ဖို့ အလုပ်သမား ဆန္ဒပြပွဲတွေ ဖြစ်အောင် လှုံ့ဆော်ပေးတဲ့ 'ဆန္ဒပြလုပ်စားတွေ'ကို အရေးယူဖို့ လိုပါတယ်။

ပြောခဲ့သလို 'လုပ်စားတွေ' က စစ်တပ်ထဲမှာ ရှိနိုင်သလို ပါတီတွေမှာလည်း ရှိနိုင်ပါတယ်။ အစိုးရအရာရှိတွေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ တိုင်းရင်းသား ခေါင်းဆောင်တွေ၊ ဘုန်းကြီးအယောင်ဆောင်သူတွေ၊ အယုတ်အလတ် အမြတ်မရွေး ကျားမကြီးငယ်မရွေး ရှိနေနိုင်ပါတယ်။ အဲဒီလူတွေကို နှိမ်နင်းနိုင်မှ တည်ငြိမ်ပြီး အတူတကွ ကြီးပွားချမ်းသာအောင် လုပ်လို့ ရမှာပါ။

တွေးမိတွေးရာပါ။

■



# လူအများ အကျိုး လုပ်ပေးနိုင်လေ စီးပွားရေး အောင်မြင်လေပါ။

ဒေါ်လာ တစ်သန်းနှစ်သန်း ရအောင်ဆိုရင် ကိုယ့်ဘာသာကိုယ် လုပ်ငန်းငယ်လေးတစ်ခုထောင်ပြီးလုပ်လို့ ရချင်ရနိုင်ပါတယ်။ ဆယ်သန်းလောက်ဆို ဝန်ထမ်းအလုပ်သမားတွေ အများကြီးနဲ့လုပ်ဖို့ လိုချင်လိုလာပါတယ်။ သန်းတစ်ရာနဲ့အထက် သန်းထောင်ဂဏန်းဆိုတာမျိုးက ကိုယ့်ဘာသာကိုယ် ဝန်ထမ်းအများကြီးခန့်ပြီး လုပ်လို့ မရတော့ပါဘူး။ အသေးစား အလတ်စား စီးပွားရေး လုပ်ငန်းရှင်တွေအများကြီးကို ထောက်ပံ့ကူညီပြီး အဲဒီလူတွေ အောင်မြင်အောင် လုပ်ပေးရပါတယ်။ အဲဒီလူတွေ အောင်မြင်လာတာနဲ့အမျှ ကိုယ်အောင်မြင်လာတာပါ။ ကိုယ့်ကို အဆုံးအစမရှိ ချမ်းသာကြွယ်ဝခြင်းကို အဲဒီလုပ်ငန်းရှင်အငယ်တွေက တွန်းတင်ပေးတာပါ။

ဥပမာ–ဘဏ်အာမခံလုပ်ငန်း အင်တာနက်နဲ့ ပတ်သက်တဲ့ လုပ်ငန်းအားလုံး ဥပမာ Facebook, Google, Walmart, Amazon, Alibaba, Air B N B, နောက်ဆုံး Grab taxi ပဲဖြစ်ဖြစ်ပါ။ လုပ်ငန်းရှင်အငယ်တွေ အောင်မြင်အောင် ကူညီခြင်းဖြင့် ကိုယ် အောင်မြင်အောင် လုပ်တာပါ။ မြင်သာအောင် မြန်မာပြည်က taxi ကားကို နမူနာပေးပါ့မယ်။ ရန်ကုန်မြို့မှာ တစ်နေရာနဲ့ တစ်နေရာသွားဖို့ အခက်အခဲရှိနေသူတစ်ဦးကို Taxi ကားလေး တစ်စီးနဲ့ လိုက်ပို့ပေးရင် ကိုယ့်စားဝတ်နေရေး ပြေလည်ပါတယ်။ တကယ်လို့ ၃၊ ၄၊ ၅ စီးထောင်ပြီး တခြားလူတွေပါ ပေးမောင်းနိုင်ရင်တော့ မောင်းသူတချို့ရဲ့ စားဝတ်နေရေးကိုပါ ဖြေရှင်းပေးနိုင်လို့ ကားထောင်တဲ့သူက အထိုက်အလျောက် စုဆောင်းမိလာနိုင်ပါတယ်။ Taxi ကားအစီး ၃၀၀၀၀ ကို ကိုယ်တိုင်ရင်းနှီးမြှုပ်နှံပြီး လုပ်ဖို့တော့ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ Taxi ကားပိုင်ရှင် ၃၀၀၀၀ ကျော်ကို တစ်ဦးချင်းစီ အောင်မြင်အောင် လုပ်ပေးနိုင်တဲ့ Grab ကုမ္ပဏီက အောင်မြင်သွားပါတယ်။ ဝင်ငွေတွက်ကြည့်ချင်သလား။ Taxi ကား မောင်းသမားတိုင်းက နေ့စဉ် အုံနာခ ၁၀၀၀၀၊ ဆီဖိုး ၁၀၀၀၀၊ ကိုယ့်အတွက် ကျန်အောင် ၁၀၀၀၀၊ ပေါင်း ၃၀၀၀၀ ကျပ် ရအောင် မောင်းပါတယ်။ ၂၀ ရာခိုင်နှုန်း (အရင်က ၁၅ ပါ) Grab ကိုပေး ရတော့ Grab က ကားတစ်စီးကို တစ်ရက် ၆၀၀၀ ရပါတယ်။

ကားအစီး ၃၀၀၀၀ ဆိုတော့ ၆၀၀၀ x ၃၀၀၀၀ ပါ။ တစ်ရက်ကို သိန်း ၁၈၀၀ ရပါတယ်။ တစ်လကို သိန်း ၅၄၀၀၀ သိန်းပါ။ တစ်နှစ်ကို သိန်းပေါင်း ၆ သိန်းကျော်ပါ။ Grab က ကားသမားတွေ တစ်ဦးချင်းကို နဂိုမောင်းတာထက် တစ်သိန်းခွဲ ၂ သိန်းလောက် ပိုရအောင် ပြန်ပေးတာတော့ ရှိပါတယ်။ Grab ရတာမနာလိုလို့ မဟုတ်ပါဘူး။ ကိုယ်တိုင်လည်း မကြာမကြာ စီးမိပြီးစီးတိုင်းလည်း သဘောကျပါတယ်။ ကားသမားတိုင်းလိုလိုလည်းကြိုက်ကြပြီး နိုင်ငံတော်အစိုးရလည်း အခွန်ကင်းလွတ်ခွင့်ကာလနောက်ပိုင်းရမယ့် အခွန်ငွေတွေ တွက်ကြည့်တော့ မနည်းပါဘူး။ သူငယ်ချင်း Grab မစီးဖူးသေးရင် Application ကို Download လုပ်ပြီး စီးကြည့်ပါ။ ကားဆရာနဲ့ စကားပြောကြည့်ပါ။ (သူဌေးကြီးဖြစ်လို့၊ တက္ကသိုလ်က ပါမောက္ခဖြစ်လို့ တက္ကစီစီးလို့ မသင့်တော်ဘူး၊ အဆင့်အတန်းမတူလို့ စကားမပြောချင်ဘူးဆိုရင်မှားသွားပါလိမ့်မယ်။ တက္ကစီကားဆရာတွေက လူပေါင်းစုံ ကြုံတွေ့လို့ ဗဟုသုတ အရမ်းများတတ်ပါတယ်) သူငယ်ချင်း ကြိုက်သွားပါလိမ့်မယ်။ ကိုယ်တိုင်ငွေရဖို့ လုပ်တာထက် အများပြည်သူတွေ အကျိုးအများဆုံးဆောင်ရွက်ပေးဖို့ မိတ်ဖက်လုပ်ငန်းရှင်အငယ်လေးတွေကို အောင်မြင်အောင် လုပ်ပေးခြင်းသာလျှင်တကယ်အောင်မြင်မှုဖြစ်တယ်ဆိုတာ သိစေချင်တာပါ။ ကမ္ဘာမှာအအောင်မြင်ဆုံး ကုမ္ပဏီအားလုံးက ဒီအယူအဆကို လက်ခံထားကြတာပါ။ သူတို့ရဲ့ ထုတ်ကုန်တွေကို တတ်နိုင်သလောက်လျှော့ရောင်းနိုင်အောင် ဖြစ်နိုင်ရင် သုံးဖို့လိုအပ်နေတဲ့လူတွေကို အလကားပေးနိုင်အောင် ကြံဖန်စဉ်းစားနေကြတာပါ။ Facebook တို့ Google, Gmail တို့ကို သူငယ်ချင်း အလကားသုံးနေတာပါ။

နောက်နမူနာတစ်ခုက မြန်မာပြည်မှာ အောင်မြင်နေတဲ့ Wave Money ပါ။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးက မြို့ နယ် အသီးသီးကို ဟန်းဖုန်းကတစ်ဆင့် ငွေလွှဲပေးတာပါ။ ဘဏ်တွေ မလုပ်နိုင်တာကို လုပ်ပေးတာပါ။ သုံးစွဲသူတွေ အရမ်းအဆင်ပြေတဲ့ အလုပ်ပါ။ Grab Taxi လို ဝင်ငွေကောင်းပြီး ပိုကျယ်ပြန့်လာနိုင်တဲ့လုပ်ငန်းပါ။

မြန်မာပြည်မှာ ဖြစ်နေတာတစ်ခု ထပ်နမူနာပေးရမယ်ဆိုရင် Air B & B ကို ပြောပြချင်ပါတယ်။ အခု နှစ်ပိုင်း မြန်မာနိုင်ငံကို လာတဲ့ နိုင်ငံခြားသားခရီးသွား လျော့သွားပါတယ်။ ဟိုတယ်ခတွေ ဈေးကြီးလို့ပါ။ Air B & B က နိုင်ငံတကာမှာ အခန်းပေါင်းသိန်းနဲ့ ချီရှိတဲ့ ဟိုတယ် Chain ပါ။ သူက Grab လိုပဲ ကိုယ်ပိုင်ဟိုတယ် မရှိပါဘူး။ ကိုယ်ပိုင်ဟိုတယ်ရှိတဲ့ လုပ်ငန်းရှင်အငယ်တွေအိမ်မှာ အခန်းပိုရှိနေတဲ့ အိမ်ပိုင်ရှင်တွေကို ချိတ်ဆက်ပြီး ဈေးအသက်သာဆုံးနဲ့ တည်းခိုနိုင်အောင် စီစဉ်ပေးတာပါ။ အဲဒီလူတွေ အောင်မြင်အောင်၊ တည်းခိုမယ့်သူတွေ အဆင်ပြေအောင် လုပ်ပေးပြီး ကော်မရှင်ယူတာပါ။ လက်ရှိကမ္ဘာမှာ အကြီးဆုံးဟိုတယ် Chain ပါ။ ဒါကလည်း လူအများရဲ့ အကျိုးကို ဆောင်ရွက်ပေးနိုင်အောင် လုပ်ပေးတာပါ။ မြန်မာပြည်မှာတော့ B & B ကို လက်မခံနိုင်ဘူးလို့ ငြင်းပါတယ်။ ဟိုတယ်တွေမှာ လူဝင်နည်းနေလို့ နေအိမ်တွေမှာပါနေနိုင်အောင် စီစဉ်ပေးတဲ့ B & B ကို လက်မခံဘူးလို့ ပြည်တွင်းလုပ်ငန်းရှင်ပိုင် ဟိုတယ်တွေက ဝန်ကြီးဌာနကို ကန့်ကွက်လိုက်တာပါ။ (မြန်မာနိုင်ငံမှာရှိတဲ့ နိုင်ငံခြားကုမ္ပဏီပိုင်ဟိုတယ်တွေကတော့ မကန့်ကွက်ပါဘူး) ဒါနဲ့ပဲ ဧည့်သည်နည်းတော့ ဈေးကြီး၊ ဈေးကြီးတော့ ဧည့်သည်မလာ သံသရာလည်နေပါတယ်။

Grab လို ပြည်သူတွေ များနိုင်သလောက်များများရဲ့ အကျိုးဦးတည်လုပ်တာကို အသေးစားနဲ့ အလတ်စားလုပ်ငန်း SME တွေကို အားပေးလုပ်ကိုင်စေတဲ့ ကုမ္ပဏီနောက်တစ်ခုက ထိုင်းနိုင်ငံက CP ပါ။ ကြက်စာတွေထုတ်လုပ်တာ အသားစား ကြက်၊ ဥစားကြက်မျိုးစုံ ထုတ်ပါတယ်။ အစပိုင်းက မြန်မာနိုင်ငံမှာ မွေးမယ့်ကြက်တွေကို ထိုင်းနိုင်ငံက တင်သွင်းခဲ့ပြီး အခုနောက်ပိုင်းမှာ မြန်မာနိုင်ငံတွင်းမှာပဲ ဖောက်ပြီး မွေးပါတယ်။ CP က ကြက်မွေးလိုတဲ့ တောင်သူတွေ၊ လုပ်ငန်းရှင်တွေ၊ ဌာနဆိုင်ရာတွေ၊ စစ်တပ်တွေကို မွေးလို့ရအောင် နည်းမျိုးစုံနဲ့ ကြံဖန်လုပ်ပေးပါတယ်။ နေရာပဲ တတ်နိုင်လို့ နေရာပဲစိုက်ရင် အဆောက်အဦ၊ ကြက်ပေါက်အစာ၊ အကုန်စိုက်ပါတယ်။ ကာကွယ်ဆေးထိုးရမယ့်အချိန် လာထိုးပေးပါတယ်။ ရောင်းရမယ့်အချိန် ဝယ်မယ့်သူခေါ်လာပြီး ဝယ်ယူစေပါတယ်။ အကျိုးအမြတ်ကို သင့်တော်တဲ့ဈေးနဲ့ ဖြတ်ပေးပါတယ်။ တတ်နိုင်လို့ ကြက်ပေါက်၊ အစာ၊ ဆေးပဲ ဝယ်ချင်လည်း သီးခြားစီဝယ်လို့ ရပါတယ်။

ပူးပေါင်းဆောင်ရွက်မယ့် လုပ်ငန်းရှင်အငယ်တွေ အောင်မြင်အောင် နည်းပညာ၊ အတတ်ပညာ အကူအညီ အကုန်ပေးပါတယ်။ စစ်တပ်အတော်အများများနဲ့ ပူးပေါင်းပြီး ကုန်ဈေးနှုန်းကျဆင်းရေးအတွက် မွေးကြပါတယ်။ CP ကုမ္ပဏီက သူ့ဆီကို ဆန်ကွဲ၊ ပြောင်းဆန်၊ ငါးခြောက် စတာတွေကို တင်သွင်းရင်လည်း ဈေးကွက် ပေါက်ဈေးထက် ပိုပေးတတ်လို့ တင်သွင်းချင်သူများလို့ ကိုယ်တာနဲ့ တင်သွင်းခွင့်တွေ ချပေးပါတယ်။ ဒါ့အပြင် CP က ငွေအများကြီးရှိနေပေမဲ့ သူသုံးတဲ့ အဆောက်အဦ နေရာတွေကို အပိုင်မဝယ်ပါဘူး။ ငှားသုံးပါတယ်။ မြေပိုင်ရှင်တွေ၊ အဆောက်အဦပိုင်ရှင်တွေကို ငှားခပေးပြီး ရှင်သန်စေပါတယ်။

ဒါ့အပြင် CP ကုမ္ပဏီက မြန်မာနိုင်ငံမှာ ပြီးခဲ့တဲ့နှစ် အနည်းငယ် အထိ ထိပ်တန်းအခွန်ငွေဆောင်တဲ့ ကုမ္ပဏီထဲမှာ ပါပါတယ်။ CP က စဉ်းစားတာက 'ပြည်သူတွေ အကျိုးများများ သယ်ပိုးတဲ့ လုပ်ငန်းကို ဘယ်အစိုးရတက်တက် အကူအညီပေးပါလိမ့်မယ်။ ဒါ အောင်မြင်ဖို့ပဲ ရှိပါတယ်'လို့ ယူဆတာပါ။ အခု လက်ကား ကြက်သားဈေး ၃၀၀၀ ပတ်ဝန်းကျင်မှာ တည်ငြိမ်နေတာ CP ကြောင့်ပါ။ ဒါ ငြင်းလို့ မရပါဘူး။

နောက်ထပ် အောင်မြင်နေတဲ့ လုပ်ငန်းက Telecommunication လုပ်ငန်းပါ။ MPT. Telenol, Oredoo. Mytel ဆိုပြီး Operator လေးဦး ရှိနေပါပြီ။ အဲဒီ ကုမ္ပဏီတွေကလည်း ပြည်သူတွေကို အရေအတွက်အများဆုံးကို ဝန်ဆောင်မှုပေးနိုင်အောင် ကြိုးပမ်းနေကြတာပါ။ လုပ်ငန်းရှင် SME တွေကို ကြီးပွားတိုးတက်အောင် အထောက်အပံ့ပေးနေတဲ့ လုပ်ငန်းပါ။ SME တွေ အောင်မြင်လေ သူတို့လည်း အောင်မြင်လေပါ။ အခု အဲဒီ ၄ ဦး အချင်းချင်း ပြိုင်ဆိုင်ပြီး ပိုကောင်းတဲ့အင်တာနက်ကို ပိုသက်သာတဲ့နှုန်းထားနဲ့ပေးရင်း အင်တာနက်သုံးစွဲတဲ့ဈေးနှုန်းကျလာတာ တွေ့ရမှာပါ။ ဘိလပ်မြေ ထုတ်လုပ်တဲ့ ထိုင်းက SCG တရုတ်က Alpha တို့လည်း ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေ အောင်မြင်အောင် ပြည်သူတွေ အများဆုံး အဆင်ပြေအောင် ထောက်ပံ့နေတဲ့ လုပ်ငန်းတွေပါပဲ။ သူတို့က အခု တစ်နှစ်ကို ဒေါ်လာသန်းနှစ်ရာနဲ့ ညီမျှတဲ့ မြန်မာငွေလောက် ရောင်းနေရပါပြီ။

ပြည်တွင်းလုပ်ငန်းတွေကို ကြည့်ရင်လည်း လူအများဆုံးရဲ့ အခက်အခဲတွေ ဖြေရှင်းပေးတဲ့ လုပ်ငန်းတွေ၊ SMEတွေကို ပံ့ပိုး ပေးတဲ့လုပ်ငန်းတွေဖြစ်တဲ့ လုပ်ငန်းတွေကပဲ အကြီးအကျယ် အောင်မြင်နေတာပါ။ ဥပမာ ဘဏ်၊ အာမခံလုပ်ငန်း၊ လမ်း တံတား၊ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ ရှော့ပင်းစင်တာ၊ အလုပ် ရှာဖွေပေးတဲ့ လုပ်ငန်းတွေ အောင်မြင်နေကြတာပါ။ အဲဒီမှာ သူတို့နဲ့ နှီးနွှယ်နေတဲ့ SME တွေ၊ လူငယ်တွေ၊ အမျိုးသမီးတွေ အောင်မြင်အောင် ပံ့ပိုးပေးနိုင်တဲ့လုပ်ငန်းတွေက ပိုအောင်မြင် တာ တွေ့ရပါလိမ့်မယ်။ အရင် မြန်မာပြည်က ပြည်တွင်းလုပ်ငန်း ရှင်တွေ လုပ်သလို ကုန်ပစ္စည်းတစ်ခုထုတ်ပြီး အမြတ်တချို့ တစ်ဝက်တင်ရောင်းတာမျိုးက တကယ်အောက်ခြေက စီးပွားရေး လုပ်တဲ့သူတွေ လုပ်ကြတဲ့ပုံစံမျိုး၊ ဥပမာ လယ် ၁၀ ဧက စိုက်မယ်၊ ကုန်ကျစရိတ်ထက် ပိုအမြတ်တင်ပြီး ရောင်းတာမျိုး၊ ဘဏ် တစ်ခုက အပ်ငွေလက်ခံပြီး အမြတ်တင်ပြီး ငွေချေးပေးတာမျိုး၊ တိုက်တစ်လုံးဆောက်ပြီး အမြတ်တင်ရောင်းတာမျိုးတွေက တက္ကစီကား ကိုယ်တိုင်မောင်းတာမျိုး၊ ကား သုံး လေးစီး ထောင် စားတာမျိုးအဆင့်ပဲ ရှိတာပါ။ တကယ် လုပ်ငန်းကြီး Grab တို့၊ CP တို့၊ Tele com က Operator လေးဦးတို့၊ Wave Money တို့၊ SCG တို့လို ဖြစ်မသွားပါဘူး။ စီးပွားရေးလုပ်တာ Transaction အရောင်းအဝယ်တစ်ခုစီအတွက် အမြတ်ရှာဖွေဖို့ထက် အများ ပြည်သူအကျိုးကို အများဆုံး သယ်ပိုးနိုင်ဖို့လိုတယ်ဆိုတဲ့ အယူ အဆ၊ ဖြစ်နိုင်ရင် ဝန်ဆောင်မှုကို အလကားပေးနိုင်တဲ့အထိ လုပ် ပေးခြင်းသာ စီးပွားရေးလုပ်တာလို့ ယူဆကြတာပါ။

## ဘာလုပ်ရင် ကောင်းမလဲ

အများပြည်သူအများဆုံး လုပ်နိုင်တဲ့အလုပ်ရှာလုပ်ပါ။ ဥပမာ အခု ရန်ကုန်မှာ ပစ္စည်းအသေးလေး တစ်ထုပ်၊ တစ်နေရာက တစ်နေရာ ကိုယ်တိုင်သွားယူလည်း အဆင်မပြေပါဘူး။ တကယ် လို့ ဆိုင်ကယ်နဲ့ ဖြစ်ဖြစ်၊ ကားနဲ့ ဖြစ်ဖြစ် ပို့ပေးနိုင်မယ်ဆိုရင် အလုပ်ဖြစ်နိုင်ပါတယ်။ မြို့နယ်တွေမှာ အခြေချစခန်းတွေ ထား ပြီး ပို့ကြတဲ့လုပ်ငန်းတွေ အတော်အဆင်ပြေပါတယ်။ တကယ်ပို့ ပေးတဲ့သူတွေကို ဥပမာ တက္ကစီကားတွေနဲ့ချိတ်ပြီး ပို့ခိုင်းလို့ ရ နိုင်ပါတယ်။ နောက်တစ်ခုက စက်ရုံတွေမှာ နေ့လယ်စာ ဒါမှ မဟုတ် ညစာ စီစဉ်ပေးတာမျိုး၊ တန်ဖိုးနည်းအိမ်ရာ တည်ထောင် ပေးတာမျိုးပါ။ (ခုထိတော့ လုပ်တဲ့လူတိုင်း တန်ဖိုးနည်းအိမ်ရာ ထူထောင်ဖို့ထက် လုပ်ပိုင်ခွင့်ရယူပြီး ဈေးတက်ဖို့ပဲ စောင့်နေတာ များပါတယ်)

အစိုးရပိုင်းအနေနဲ့ သတိထားသင့်တာက တစ်ခါတစ်ခါမှာ ‘အများပြည်သူအတွက်လုပ်ရင်’ ဆိုတဲ့အယူအဆကို အခွင့်အရေး ရရင်ရသလို လုပ်ငန်းကြီးတွေကလည်း ချိုးဖောက်တာမျိုးတွေ ရှိတတ်ပါတယ်။ ဥပမာ MPT ဆိုပြီး တစ်ဦးတည်းရှိတဲ့အခါ ဈေးကွက်ကို ခြယ်လှယ်ပြီး အမြတ်ကြီးစားတာမျိုး လုပ်တတ် ပါတယ်။ အဲဒီလိုဖြစ်ရင် မြန်မာအစိုးရအဆက်ဆက်က လုပ်ပိုင် ခွင့် ပိတ်ပင်တာတစ်ခုတည်းကိုပဲ လုပ်ခဲ့မိပါတယ်။ တကယ်လုပ်

သင့်တာက အစိုးရက ပြိုင်ဘက် ထပ်ထည့်ပေးတာမျိုးပါ။ အခု လက်ရှိအခြေအနေမျိုး Operator လေးဦး ဖြစ်လာတဲ့အခါ သူတို့ အချင်းချင်း ယှဉ်ပြိုင်ပြီး စွမ်းဆောင်ရည်ကောင်းသထက်ကောင်း အောင် ကြိုးစားကြရပါတယ်။ အစိုးရက ဒါကိုပဲ ဖန်တီးပေးရ ပါတယ်။ ဈေးကွက်ခြယ်လှယ်ပုံပေါက်ရင် လုပ်ပိုင်ခွင့် ပိတ်တာ ထက် နောက်တစ်ဦးကို လုပ်ပိုင်ခွင့် ထပ်ချပေးလိုက်တာဟာ အကောင်းဆုံးနည်းလမ်းပါ။ ဥပမာ Grab က ကားသမားဆီက ၂၀ ရာခိုင်နှုန်းယူတာများတယ်လို့ ယူဆရင် Grab လို နောက် တစ်ဦးကို ယှဉ်ပြိုင်လို့ရအောင် အခြေအနေ ဖန်တီးပေးပြီး လုပ်ခွင့် ချပေးလိုက်ဖို့ လိုပါတယ်။ ဒါဟာ ဈေးကွက်စီးပွားရေးရဲ့ အနှစ် သာရပါ။ 'ဈေးတက် စီးပွားရေး' ဖြစ်ရင် အဆင်မပြေပါဘူး။

နိုင်ငံတကာမှာ မြန်မာနိုင်ငံလို အသွင်ကူးပြောင်းရေးကာလ ကြုံရတဲ့နိုင်ငံတွေမှာ ကြုံရတာက ပြည်တွင်းလုပ်ငန်းတွေမှာ လာဘ်ပေးလာဘ်ယူတာ နီးစပ်သူတို့သာ လုပ်ပိုင်ခွင့်ရတာ အလွဲ သုံးစားလုပ်တာမျိုးတွေပါ။ ဒါမျိုးဖြစ်ခဲ့ရင် လာဘ်ပေးရတဲ့ အချိုး အစားက နိုင်ငံတကာမှာ တစ်ခါတစ်ရံ ရရှိမယ့်အကျိုးရဲ့ ၁၀ ရာခိုင်နှုန်းလောက်ကစပြီး အခု နောက်ပိုင်း ရာခိုင်နှုန်း ၅၀၊ ၆၀ လောက်ထိ ပေးရတတ်ပါတယ်။ အဲလိုမှာ မရရင် Corruption လာဘ်ပေးမှုမှ တာဝန်ရှိသူက မိမိနဲ့ နီးစပ်သူကို လုပ်ပိုင်ခွင့်ချ ပေးတာ Napotism ကို ဦးတည်သွားပါတယ်။ Corruption ဖြစ်ရင် အစိုးရတစ်ခုအတွင်းမှာပဲ ဖြစ်နေရင် ယူထားသူက တာဝန်ယူ တတ်တာကြောင့် ပြဿနာ သိပ်မများပေမဲ့ အစိုးရပြောင်းသွားလို့ အရင်လူဟောင်းကို လုပ်ငန်းရဲ့ရှယ်ယာ သတ်မှတ်ခွဲပေးရတာ မျိုးဖြစ်ခဲ့ရင် ပိုရှုပ်ထွေးသွားတတ်ပါတယ်။ ဥပမာ အမြဲတမ်း လုပ်နေရတဲ့လုပ်ငန်းစီမံကိန်းတစ်ခုအတွက် အဆင်ပြေနေဖို့

တာဝန်ရှိအရာရှိကို အမြဲအားကိုးလို့ ရချင်နေတာ လုပ်ငန်းရှင်ပါ။ ဒီအတိုင်းပဲ အရာရှိကလည်း ဝင်ငွေအမြဲ ရှိနေစေချင်တတ်ပါတယ်။ အဲဒီအခါ လုပ်ငန်းက ဝင်ငွေကို ခွဲပေးလာရတဲ့အခါ လုပ်ငန်းရှင် ခရိုနီက နိုင်ငံတော်ကို ပေးရမယ့်အခွန်အခ လျှော့ပေးဖို့ နိုင်ငံတော်အတွက် လုပ်ပေးရမှာတွေ လျှော့လုပ်ပေးလာတာတို့ ဖြစ်လာတတ်ပါတယ်။ ဥပမာ လေးလမ်းသွားလမ်း ဖောက်ပေးရမှာ နှစ်လမ်းသွားပဲ ဖောက်ပေးတာတို့ အိမ်ရာစီမံကိန်းက အရေအတွက် လျှော့ပေးတာတို့ မျိုးစုံဖြစ်လာတတ်ပါတယ်။ အခြားနည်းမျိုးစုံနဲ့ စည်းကမ်းဖောက်ဖျက်တာမျိုးလည်း ရှိနိုင်ပါတယ်။ အဲဒါမျိုးကို အာဏာရှိစဉ် အစိုးရလက်ထက်မှာ လူမသိခဲ့ပေမဲ့ နောက်အစိုးရလက်ထက်မှာ သိသွားရင် ခရိုနီလုပ်ငန်းရှင်က အစိုးရနဲ့ သဘောတူစာချုပ် ချိုးဖောက်တယ်ဆိုတာ ပေါ်ပေါက်လာနိုင်ပါတယ်။ အဲဒီအခါ လုပ်ငန်းရပ်ခိုင်းဖို့ ဖြစ်လာနိုင်ပါတယ်။ အဲဒီအခါမျိုးက အများကြီးဖြစ်နိုင်တာကြောင့် နိုင်ငံစီးပွားရေးထိခိုက်လာနိုင်တဲ့အထိ ဖြစ်လာနိုင်ပါတယ်။ တကယ်လို့ လုပ်ဖို့ လိုလို့ နိုင်ငံတော်ကပဲ ပြန်ဦးစီးလုပ်ရင် အများအကျိုးလုပ်တာဖြစ်ပေမဲ့ လုပ်ငန်းငယ် SME တွေကို အောင်မြင်အောင် လုပ်ပေးသင့်တယ်လို့ ယူဆတဲ့ ခေတ်သစ်စီးပွားရေး အယူအဆကို သွေဖည်သွားပါတယ်။ ပိုကောင်းတာကတော့ ပိတ်သိမ်းဖို့ရှိတဲ့လုပ်ငန်းဆို တကယ်ယှဉ်ပြိုင်လုပ်နိုင်မယ့်သူ အရင်ကြိုရှာပြီးမှ ပိတ်သိမ်းတာကို စဉ်းစားသင့်ပါတယ်။

တွေးမိတွေးရာပါ။

■



# လူတစ်ယောက်ကို ပျော်အောင် ဘယ်လိုလုပ်မလဲ

မနက်ဖြန် မသေချာတော့တဲ့အခါ၊ ဒီနေ့ နောက်ဆုံးနေ့ဖြစ်ရင် သူငယ်ချင်း ဘာလုပ်မလဲ။

ပျော်ရွှင်စရာအမှတ်တရလေးတွေလုပ်ပြီး တစ်သက်လုံး သတိရနေစေမှာပါ။ ဒီတော့ လူတစ်ယောက်ကို ပျော်အောင် ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာ သိဖို့လိုလာပါတယ်။ အခု မတ်လ ၂၀ရက်နေ့က International Happy Day လို့ သတ်မှတ်ပြီး လူတွေ ပျော်ရွှင်ဖို့ လုပ်လာပါတယ်။ လူတွေကို ပျော်ရွှင်စေတဲ့ အကြောင်းအရာတွေကိုလည်း သုတေသနလုပ်ပြီး လေ့လာခဲ့ကြပါတယ်။ လူတစ်ယောက်ကို ပျော်ရွှင်စေတဲ့အကြောင်း အများကြီး ရှိပါတယ်။ အဲဒါတွေကတော့ ...



**၁။ လူတစ်ယောက်က သူ့ပတ်ဝန်းကျင်က လူတွေနဲ့ နှိုင်းယှဉ်တဲ့အခါ သာတယ်လို့ ခံစားရတဲ့အခါ ပျော်ပါတယ်။**

ကိုယ်ရဲ့ဘေးမှာ ကိုယ့်ထက် ပညာ ငွေ အဆင့်အတန်း အသိုင်းအဝိုင်း စသည်တို့ နိမ့်ပါးတဲ့သူတွေ ဖြစ်နေရင် အဲဒီလူတွေထက် သာလွန်နေတယ်လို့ ခံစားရမှာပါ။ အဲဒီအခါ ပျော်တယ်လို့ ခံစားရမှာပါ။ အသက်အရွယ်ကြီးတဲ့သူနဲ့ ကစားတဲ့အခါ သူတို့ပျော်အောင် သူတို့က ပိုသာတယ်ဆိုတာ တမင်သက်သက် purposely အရှုံးပေးရင် ပညာတတ်တဲ့သူတို့က ချက်ချင်းသိပါတယ်။ ဒါမျိုးကို တချို့က သိပ်မကြိုက်တတ်ပါဘူး။ accidentally on purpose မတော်လို့လိုလိုလုပ်ပြီး တမင်အရှုံးပေးတာက သိပ်မသိသာတော့ သူတို့က တကယ်သူတို့သာနေတယ်ထင်ပြီး ပျော်တတ်ပါတယ်။

## ၂။ ပိုက်ဆံပေးပြီး ဈေးဝယ်ရတဲ့အခါ ပျော်ပါတယ်။

ပိုက်ဆံပေးပြီး ဈေးဝယ်တဲ့အခါ ရောင်းတဲ့သူက ကောင်းကောင်းမွန်မွန် ဆက်ဆံကြပါတယ်။ အဲဒီအခါ လူတွေက ပျော်ကြပါတယ်။ အသက်အရွယ်ကြီးတဲ့သူတစ်ယောက်ကို သူတို့စားချင်တာ၊ သုံးချင်တာ၊ လိုချင်တာကို ဝယ်ပြီးပေးတာနဲ့ သူတို့ကိုယ်တိုင် ငွေပေးဝယ်ရတာ မတူပါဘူး။ ဝယ်ပေးတာပဲလုပ်ရင် သူတို့ကြာရင် ထုံထိုင်းသွားပါတယ်။ တိရစ္ဆာန်ရုံ လှောင်အိမ်ထဲက ကျားတွေ၊ ခြင်္သေ့တွေလို ဖြစ်သွားတတ်ပါတယ်။ ပိုက်ဆံပေးပြီး ကိုယ်တိုင်ဝယ်ခွင့်ရရင် ပိုပျော်တတ်ပါတယ်။ ဒါပေမဲ့ ငွေပေးလိုက်ရင် ချွေတာပြီး ငွေစုတာမျိုး မကြာမကြာ ဖြစ်သွားတတ်ပါတယ်။

## ၃။ ချီးကျူးခံရတဲ့အခါ ပျော်ပါတယ်။

ချီးကျူးတာတော့ လူအတော်ကြိုက်ကြပါတယ်။ ရိုးရိုးသားသား ရင်ထဲရှိတဲ့အတိုင်း ချီးကျူးတတ်ဖို့တော့ လိုပါတယ်။ ကြံဖန်လိမ်ပြီးချီးကျူးတာမျိုးတော့ အသက်ကြီးတဲ့သူတွေက ချက်ချင်း သတိထားမိသွားတတ်ပါတယ်။

## ၄။ ကိုယ့်ဘာသာကိုယ်နေချင်သလို နေရတဲ့အခါ ပျော်တတ်ပါတယ်။

ကိုယ့်ဘာသာကိုယ်နေချင်သလိုနေလို့ မရတဲ့အခါမှာ မပျော်တာတော့ သေချာပါတယ်။ ကိုယ့်ဘာသာကိုယ်နေချင်သလို နေရတဲ့အခါ ပျော်ဖို့ကတော့ တခြားအချက်တွေ လိုတတ်ပါတယ်။ ဒါပေမဲ့ ပျော်ဖို့အလားအလာ ပိုများပါတတ်ပါတယ်။ ကိုယ်နေချင်သလိုနေတယ်ဆိုတာ စားတာ သောက်တာ နေတာထိုင်တာ လည်ပတ်တာ အပါအဝင်ပေ့ါ။

**၅။ ကိုယ်လက်လေ့ကျင့်ခန်းလုပ်တဲ့အခါ ပျော်ပါတယ်။**

လူတွေက ကိုယ်လက်လေ့ကျင့်ခန်းလုပ်ရတဲ့အခါ ပျော်ကြပါတယ်။ လေ့ကျင့်ခန်း လုပ်တဲ့အခါ Endorphin ထွက်ပါတယ်။ အဲဒါက သဘာဝအကိုက်အခဲပျောက်ဆေးပါ။ ဒါ့အပြင် လူကို ပျော်ရွှင်စေပါတယ်။

**၆။ အများသူငှာကို ဝေမျှရတဲ့အခါ ပျော်ပါတယ်။**

ရယူလို့ ရရင် ပျော်တာတော့ လူတိုင်းသိကြပါတယ်။ လိုအပ်နေတဲ့သူတွေကို မျှဝေခွင့်ရရင်တော့ ကျေနပ်ပီတိ ဖြစ်တတ်ကြပါတယ်။ ဒါကြောင့် လူတချို့က အလှူလုပ်ဖို့ မျှဝေဖို့ ချွေးငှားပြီးတောင် လုပ်ကြတာပါ။ ဘာသာရေးရှုထောင့်အရ မှန်တယ်လို့ ပြောပေမဲ့ ဘာသာတရားမရှိတဲ့သူတွေလည်း ပျော်ကြပါတယ်။ အလှူပေးတာအပြင် အများအတွက်လုပ်တဲ့ ကုသိုလ်ဖြစ် လုပ်အားပေးတာမျိုး လုပ်ရင်လည်း ပျော်ကြပါတယ်။ ဖြစ်နိုင်တာက အဲဒီလို လုပ်အားပေးတာမျိုး၊ မျှဝေတာမျိုးလုပ်ရင် လူအများက အကောင်းပြောပြီး ချီးကျူးတတ်တဲ့အတွက် ပျော်တာမျိုးလည်း ဖြစ်နိုင်ပါတယ်။

**၇။ တခြားလူတွေကို ဂရုစိုက်တဲ့အခါ ပျော်ပါတယ်။**

**Caring About Other People**

ကိုယ်ချစ်တဲ့သူ ကိုယ်ဂရုစိုက်တဲ့သူအကြောင်းတွေးတဲ့အခါ သူတို့အကြောင်း မြင်တွေ့ကြားသိတဲ့အခါ အောက်ဆီတိုစင် (Oxytocin level) မြင့်တက်တယ်လို့ ဆိုပါတယ်။ အဲလို မြင့်တက်လာတာဟာ လူတွေကို ပျော်စေလို့ လေ့လာမှုတွေက ဆိုပါတယ်။

လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် ဆက်ဆံရေးက တစ်ဆင့် ချစ်ခင်မြတ်နိုးကြတာမျိုးက လူတွေကို ပျော်ရွှင်စေတာပါ။

## ၈။ အသက်အရွယ်

အသက်အရွယ်ကလည်း ပျော်ရွှင်မှုမှာ အရေးကြီးပါတယ်။ လေ့လာမှုတွေအရ အသက် ၇၀ ကျော်နဲ့ ၁၈၊ ၁၉ တို့ နှိုင်းယှဉ်တဲ့အခါ ဘဝအတွေ့အကြုံပိုများပြီး ကိုယ်အကြောင်းကို ပိုသိတဲ့ အသက်ကြီးတဲ့သူတွေက ထူးထူးခြားခြား အဖြစ်အပျက်တွေ့တဲ့အခါ ပိုပျော်တာကိုတွေ့ရပါတယ်။ ဘဝမှာ အပျော်ဆုံး အသက်အရွယ်ကို လေ့လာတဲ့အခါ အသက် ၆၉ နှစ်ထက် ပိုကြီးတဲ့ အရွယ်နဲ့ အသက် ၂၃ နှစ်အရွယ်တို့ကို တွေ့ရှိရပါတယ်။ လူတော်တော်များများအတွက် ဝမ်းနည်းဖို့ အကောင်းဆုံးအရွယ်ကတော့ အသက် ၄၀ ကျော်အရွယ်ဖြစ်နေတာတွေ့ရပါတယ်။ (ps : မိမိဘာသာ သတ်သေတတ်တဲ့အရွယ်ဟာ အသက် ၄၀ ကျော် ၅၀ အရွယ်တွေ ဖြစ်နေပါတယ်။ Attempt suicide က သတ်သေဖို့ ကြိုးစားတာပါ။ မိန်းမတွေမှာ အတွေ့များပြီး Committed suicide တကယ်သတ်သေဖြစ်သွားတာကတော့ ယောကျ်ားတွေမှာ အတွေ့များပါတယ်။ စိတ်ဝင်စားဖို့ ကောင်းတာတစ်ခုက သတ်သေဖို့ စိတ်ကူးရှိတဲ့သူက သူသတ်သေမယ်လို့ ရင်းနှီးတဲ့သူကို ဖွင့်ပြောတတ်ပြီး ရင်းနှီးသူက သတ်သေမယ်ဆိုရင် ဘယ်လိုသတ်သေမှာလဲ၊ ဘယ်တော့ သတ်သေမှာလဲ၊ ဆေးသောက်ပြီး သတ်သေမယ်ဆိုရင် ဘာဆေးသောက်မှာလဲ၊ ဘယ်နှလုံးသောက်မှာလဲ စသည်ဖြင့် အသေးစိတ်မေးပြီး အပြေတောင်းတာမျိုးကို လုပ်ခဲ့ရင် အမှန်တကယ် သတ်မသေ

ဖြစ်တော့ဘူးလို့ ဆိုပါတယ်။ ရင်းနှီးသူက ဘာမှမတုံ့ပြန်ဘဲ လျစ်လျူရှုထားမိရင် တကယ်သတ်သေသွားဖြစ်ဖို့ များတယ်လို့ လေ့လာမှုတွေက ဆိုပါတယ်)

**၉။ အကောင်းမြင်တတ်ခြင်း (Positive attitude)**

အကောင်းမြင်တဲ့သူတွေက ပိုပျော်တတ်ပါတယ်။ အကောင်းမြင်တယ်ဆိုတာ သူတစ်ပါးကို ကြင်နာတရားနဲ့ ဆက်ဆံတတ်တာ၊ ကျေးဇူးတင်တတ်တာ၊ ကိုယ့်ဘာသာကိုယ် ကံကောင်းတယ်လို့ သဘောထားတာ၊ ကိုယ့်အားသာချက်ကို အသုံးပြုနိုင်တာတို့ ပါပါတယ်။

အဲဒီအချက်တွေကပဲ လူကို ပျော်ရွှင်စေတာပါ။ ဘာသာရေးလိုက်စားတဲ့သူတွေ ပျော်ကြရတာက အကောင်းမြင်တတ်လို့ပါ။



## ၁၀။ အဖော်ရှိရင် ပျော်ပါတယ်။

အဖော်ဆိုတာ လူဖြစ်နိုင်သလို အိမ်မွေးတိရစ္ဆာန် ခွေးတို့ ကြောင်တို့ အပါအဝင်ပါ။ ခွေးတို့ ကြောင်တို့ မွေးတာ အလုပ်ရှုပ်ပေမဲ့ စိတ်ဖိစီးမှုကျစေတယ်လို့ ပြောကြပါတယ်။ လူ အဖော်ကတော့ အိမ်ထောင်ဘက်၊ မိဘ၊ ညီအစ်ကို မောင်နှမ သားသမီး၊ သူငယ်ချင်း မိတ်ဆွေအပေါင်းအသင်းတွေ ပါပါတယ်။ သူငယ်ချင်း မိတ်ဆွေ အပေါင်းအသင်းများများရှိရင် ပျော်ကြပေမဲ့ လူတိုင်းက ပြဿနာကိုယ်စီနဲ့မို့ များများပေါင်းပြီး လူရွေးပြီး နည်းနည်း လောက်နဲ့ပဲ ရင်းရင်းနှီးနှီးနေတာ ပိုကောင်းမယ်ထင်ပါတယ်။ နောက်ပြီး ဆက်ဆံရေးကို အမြဲဖြစ်ရမယ်လို့ ယူဆလို့ မရပါဘူး။ စိတ်ပင်ပန်းဖို့ သိပ်ဖြစ်လာရင် လမ်းခွဲဖို့ ဆုံးဖြတ်တာ တစ်ခါတစ်ခါ နှစ်ယောက်စလုံးအတွက် အကောင်းဆုံးဖြစ်တတ်ပါတယ်။

## ၁၁။ လိင်ဆက်ဆံရင် ပျော်ရပါတယ်။

လိင်အကြိမ် မကြာခဏဆက်ဆံတဲ့သူတွေက စိုးရိမ်မှု လျော့ကျစေတယ်၊ စိတ်ဖိစီးမှုလျော့စေတယ်၊ ဒါ့အပြင် စိတ်ဓာတ်ကျတာမျိုး လျော့စေပါတယ်။ ဒါ့အပြင် လိင်ဆက်ဆံမှု အကြိမ် အရေအတွက်များတဲ့ စုံတွဲတွေက ပိုကျန်းမာပြီး ဝင်ငွေပိုကောင်းတယ်လို့ လေ့လာမှုတွေက ဆိုပါတယ်။ တစ်ပတ်ကို ၄ ကြိမ်နဲ့ အထက် လိင်ဆက်ဆံသူတွေဟာ ဝင်ငွေ ၅ ရာခိုင်နှုန်းလောက် ပိုကောင်းတယ်လို့ ၂၀၁၃ ခုနှစ်က အမေရိကန်မှာ လေ့လာမှုတွေက ဆိုပါတယ်။ ဘယ်လိုဆက်စပ်သလဲတော့ သေချာ မသိပါဘူး။ ဖြစ်နိုင်က အမေရိကန်မှာ လူတွေက ပိုက်ဆံနဲ့ ပတ်သက်ပြီး စိတ်ဖိစီးမှုရှိကြတော့ လိင်ပုံမှန်ဆက်ဆံပြီး စိတ်ဖိစီးမှုလျော့ပြီး အလုပ်ပိုလုပ်နိုင်တော့ ဝင်ငွေပိုရလာနိုင်တာ ဖြစ်နိုင်ပါတယ်။ ဒီတော့ လိင်ဆက်ဆံတာ ပျော်ကြမှာပါ။

## ၁၂။ ပျော်ဖို့ အလေးအနက် မထားတဲ့သူတွေက ပိုပျော်ကြပါတယ်။

၂၀၁၁ ခုနှစ်က လုပ်ခဲ့တဲ့ လေ့လာမှုတစ်ခုက ပျော်ရွှင်အောင် အတင်းလုပ်တဲ့လူတွေက ဘဝကို အဆင်ပြေအောင်နေပြီး ပျော်အောင် သိပ်မကြိုးစားတဲ့လူတွေလောက် မပျော်ကြဘူးလို့ ဆိုပါတယ်။ ပျော်တာက ကောင်းတဲ့အရာတစ်ခု ဖြစ်ပေမဲ့ အလိုဆန္ဒလျှော့နိုင်ဖို့လိုတော့ ပျော်ဖို့ အတင်းလိုချင်နေတဲ့လူတွေက ထင်သလို မပျော်ကြဘူးဆိုတာ သဘာဝကျပါတယ်။

## ၁၃။ လူရာဝင်ရင် ပျော်ပါတယ်။

**(Social Inclusiveness)**

လူရာမဝင်ရင် မပျော်ပါဘူး။ အထူးသဖြင့် ကိုယ့်အနီးအနားက လူက လူရာဝင်ပြီး ကိုယ်က လူရာမဝင်ရင် မပျော်ပါဘူး။ ဘုရင်မကြီးရဲ့ ကြင်ယာတော် မင်းသားကြီး ... ဆိုပြီး အခေါ်ခံရတာ အတော်ပြည့်စုံမယ်ထင်ရပေမဲ့ လူတွေရဲ့ အထင်ကြီးလေးစားတာ မခံရတော့ လူရာမဝင်ဘူး ဆိုပါတော့၊ အခု ဒိန်းမတ်နိုင်ငံက ဘုရင်မကြီး မာဂရက်ရဲ့ ကြင်ယာတော် မင်းသားကြီး Henrik က သူကွယ်လွန်ခဲ့ရင် သူ့အလောင်းကို ဘုရင်မကြီးရဲ့ အုတ်ဂူနဲ့အတူ ယှဉ်တွဲ မမြှုပ်နှံဖို့တောင်းဆိုနေတာ မင်းသားကြီး တစ်သက်လုံး လူရာမဝင်ခဲ့လို့ပါ။ အောင်မြင်ချမ်းသာနေတဲ့ သူဌေးသမီးတွေဟာ အိမ်ထောင်ဘက်ရှာတွေ့ဖို့ ခက်နေရတဲ့ အကြောင်းရင်းတစ်ခုက သူ့ရဲ့ အိမ်ထောင်ဘက်ဖြစ်မယ့်လူဟာ လူရာဝင်ဖို့ စွမ်းဆောင်နိုင်ဖို့ အရမ်းခက်နေလို့ ယူဖို့ ကြောက်ကြလို့ပါ။

လက်ရှိ အင်္ဂလန်နိုင်ငံက အယ်လစ်စဘတ်ဘုရင်မကြီးက တော့ သူ့ရဲ့အိမ်ထောင်ဘက်ဖြစ်လာမယ့် ဖိလစ်မင်းသားကို သူ့ကို လက်ထပ်ဖို့ စပြီးတောင်းဆိုခဲ့တာပါ။ ဖိလစ်မင်းသားတော့ လက်ခံ လိုက်ပါတယ်။

ချမ်းသာအောင်မြင်နေပြီး ကိုယ့်ရဲ့ပတ်ဝန်းကျင်ကို ပြန်ပြီး မျှဝေမှု မရှိရင်တော့ သေချာပေါက် လူရာမဝင်ပါဘူး။ လူရာဝင် ရင်တော့ ပျော်တတ်ပါတယ်။ လူရာဝင်ဖို့ လူတွေက မျိုးစုံ ကြိုးပမ်း တတ်ပါတယ်။ အလှူလုပ်တာ၊ လုပ်အားပေးတာ၊ မိတ်ဆွေတွေ ကို ကျွေးမွေးပြုစုတာ မျိုးစုံလုပ်တတ်ပါတယ်။ အသက်ကြီးသွား တဲ့သူတွေက သူတို့ထက်အငယ်တွေကို မှန်နှိုးပေးတာမျိုး အငယ် တွေလုပ်ချင်တာ အားပေးတာမျိုး လုပ်တတ်ပါတယ်။ လူကြီးတွေ လူရာဝင်ပြီးပျော်ဖို့ ကိုယ့်မှာ လူကြီးတွေ ကျွေးတာ အဝခံပြီး လိုက်စားရတာ အမောပါ။

တွေးမိတွေးရာပါ။

■



## ဗဟိုဘဏ် ဥက္ကဋ္ဌ အဖြစ် အသက် (၈၀) အရွယ် ဥက္ကဋ္ဌဟောင်းကို ထပ်ရွေးလိုက်တယ်လို့ ကြော်ငြာသွားပါတယ်။

အသက်က အရေးမကြီးဘူး လုပ်နိုင်ဖို့ပဲ လိုတယ်လို့ ယူဆကြပုံရပါတယ်။

**My comment:**

အသက် ၈၀ အရွယ်က

သေချာတာက

### ၁။ အသက်ပိုကြီးလာမှာပါ။

(အသက်ကြောင့်ဖြစ်တဲ့ ရောဂါတွေ ရှောင်လို့ မရနိုင်ပါဘူး။ ဥပမာ အသက် ၈၀ မှာ ယောက်ျား ၁၀၀ ရာခိုင်နှုန်း ဆီးကျိတ်ကြီးပါတယ်။ အဲဒါ ဆီး ခဏခဏသွားတာတို့၊ ဆီးမထိန်းနိုင်တာတို့ သေချာပေါက်ဖြစ်ပါတယ်။ အဲဒါ သူ့အလုပ်ကို ဘယ်လောက်ထိ သက်ရောက်မှုရှိမလဲဆိုတာ ပြောလို့ မရပါဘူး။)

### ၂။ အခုထိ လုပ်နိုင်သေးရင် သူ့နေရာမှာ လူသစ်တစ်ယောက် ခန့်ခဲ့ရင် သူလိုက်ထိန်းကျောင်းဖို့ လိုရင် သူလုပ်ပေးနိုင်ပါလိမ့်မယ်။

အခုအချိန်မှာ အဲဒီရာထူးအတွက် သူက အတော်ဆုံး အကောင်းဆုံး လုပ်နိုင်တဲ့သူ ဖြစ်ချင်ဖြစ်နေပါလိမ့်မယ်။ ဒါပေမဲ့

နောက် ၅ နှစ် ၁၀ နှစ်မှာ မသေချာတာတွေက

၁။ လုပ်နိုင်ဖို့ သိပ်မသေချာတော့ဘူး။

၂။ ဒါ့အပြင် သူ့အစား တစ်ယောက်ယောက်ကို ခန့်ထားရင် လိုအပ်လို့ လိုက်ထိန်းကျောင်းဖို့လိုရင် လိုက်ထိန်းကျောင်းနိုင်ဖို့ မသေချာတော့ပါဘူး။

၃။ တကယ်လို့ ကျန်းမာရေးကြောင့် ရုတ်တရက် တစ်ခုခုဖြစ်ခဲ့ရင် အဲဒီအချိန်မှ အဆင်ပြေရာ ဆွဲခန့်ရင် အခန့်ခံရတဲ့သူက အတွေ့အကြုံမရှိတဲ့သူဖြစ်နေမှာမို့ နိုင်ငံအတွက် အန္တရာယ် အရမ်းများသွားပါလိမ့်မယ်။

Digital ခေတ် ပြောင်းလဲရေးမှာ သူ မလုပ်နိုင်ဘူးလို့ ပြောကြတဲ့လူတွေ ရှိပေမဲ့ သူ လုပ်နိုင် မလုပ်နိုင်ဆိုတာကို မသိလို့ သူ့အရည်အချင်းကို အငြင်းမပွား ထင်မြင်ချက် မပေးတော့ပါဘူး။

**ဘာလုပ်ရင် ကောင်းမလဲ။**

လူငယ်တစ်ယောက်လောက် ထည့်ပြီး နောက်ကနေ သူက ဝိုင်းထိန်းပေးရင် သူလည်း ထိန်းနိုင်၊ သူ မလုပ်နိုင်တဲ့အချိန်ကျရင် အတွေ့အကြုံရှိနေတဲ့ လူသစ်တွေက အဆင်သင့်ဖြစ်နေပါပြီ။ ဒါမှမဟုတ် လူငယ်တစ်ယောက်ယောက်ကို ဗဟိုဘဏ် ဒုတိယ ဥက္ကဋ္ဌဆိုပြီး ခန့်ထားပြီး အတွေ့အကြုံ ယူစေသင့်ပါတယ်။

အသက် ၈၀ အရွယ်ကို မတော်လို့၊ မကောင်းလို့ နိုင်ငံအကျိုး ထမ်းဆောင်နိုင်စွမ်း မရှိဘူးလို့ မယုံကြည်လို့ ပြောတာမဟုတ်ပါဘူး။ ထူးချွန်တဲ့ နိုင်ငံခေါင်းဆောင်တွေ ရုတ်တရက် မမျှော်လင့်တာ ကြုံပြီး ကွယ်လွန်တတ်တဲ့ အတိတ်က ကံကြမ္မာဆိုးတွေကို မယုံကြည်လို့ပါ။ ဥပမာ ဗိုလ်ချုပ်အောင်ဆန်း၊ ကနောင်မင်းသားကြီး စသည်. . ။ သူ့ရဲ့တန်ဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံတွေကို နိုင်ငံအတွက် အများဆုံး ရနိုင်သလောက်ရအောင် လူငယ်တွေကို အတွေ့အကြုံ အမွေပေးနိုင်အောင်ပါ။ တကယ်တော့ နိုင်ငံတည်ဆောက်တဲ့နေရာမှာ အတော်ဆုံးလူတွေ မလိုပါဘူး။ အတော်ဆုံးအဖွဲ့ပဲ လိုတာပါ။ အခု အရေးကြီးတာက အတော်ဆုံးအဖွဲ့ Best team ဖြစ်အောင်ဖွဲ့ဖို့ လိုနေတာပါ။ မြန်မာနိုင်ငံမှာ Management သင်တန်းတွေ Leadership သင်တန်းတွေ ပွနေတော့ အဲဒါတွေထက် နောက်လိုက်ကောင်းတွေ၊ Good followers တွေ အများအပြားလည်း လိုနေပါတယ်။ Best team ဖွဲ့ရင်လည်း နောက်လိုက်ကောင်းတွေ အများအပြား လိုနေ

ပါတယ်။ နောက်လိုက်ကောင်းဖြစ်ဖူးရင် ခေါင်းဆောင် ကောင်း ဖြစ်ဖို့ အခွင့်အရေးပိုများပါတယ်။ တစ်ဖက်လူကို လက်ညှိုးထိုး အရှက်ရ အပြစ်ရှာ Naming, Blaming, Shaming နိုင်သူတွေ အာဘောင်အာရင်းသန်သန်နဲ့ မိန့်ခွန်းပြောနိုင်သူတွေဟာ လူကြားမှာ လူတိုင်း ချက်ချင်းသတိထားမိတတ်တာကြောင့် ရာထူးခန့်အပ်ဖို့ ဖြစ်လာရင် အဲဒီလူတွေကို ရာထူး ပေးမိ တတ်ပါတယ်။ လက်တွေ့မှာ အလုပ်မဖြစ်လို့ လူငယ်ထုကို အယုံ အကြည်လျော့လာပြီး ပိုသေချာတဲ့ လူကြီးလူဟောင်းတွေကို ပြန်ရွေးလာတာလည်း ဖြစ်နိုင်ပါတယ်။ Good followers နောက်လိုက်ကောင်းတွေ အနီးကပ်ထားလိုက်ရင် ဘယ်သူက ပြဿနာ ဖြေရှင်းနိုင်သလဲ (Problem solver) ပိုသိလာနိုင်မှာပါ။ လိုနေတာက အဖြေရှာပြီး ဖြေရှင်းနိုင်သူပါ။ ပြဿနာတွေ ရှာဖွေ ပြောနိုင်သူတွေ မဟုတ်ပါဘူး။ ပြဿနာတွေ တင်ပြသူတိုင်းကို ဘယ်လိုဖြေရှင်းမလဲ မေးကြည့်ပါ။ ဆီလျော်တဲ့အဖြေ မရှိတဲ့သူက ပြဿနာကောင် သက်သက်ပါ။ ရှင်းပစ်ဖို့ လိုပါတယ်။ ဆီလျော် တဲ့အဖြေရှိသူက ရာထူးနဲ့ ထိုက်တန်သူ ဖြစ်နိုင်ပါတယ်။ အကောင် အထည်ဖော်နိုင်သူဟာ ရာထူးနဲ့ အခွင့်အာဏာပေးလိုက်ပါ။

ဗဟိုဘဏ် ဥက္ကဋ္ဌနေရာတင် မကပါဘူး၊ ထပ်ခန့်မယ့် ဒု ဝန်ကြီးတွေနေရာမှာ လူငယ်တွေ ခန့်ပေးပြီး အတွေ့အကြုံ ရစေပြီး နိုင်ငံရေးမျိုးဆက် အုပ်ချုပ်ရေးမျိုးဆက်မပြတ်အောင် လုပ်ရမှာပါ။

ဒါဟာ လူငယ်ထုရဲ့ ထောက်ခံမှုကို ပိုမိုရရှိစေနိုင်ပါတယ်။

တိုင်းရင်းသားတွေ ထောက်ခံမှု လိုချင်ရင် ထူးချွန်တဲ့ တိုင်းရင်းသားတွေကို နေရာပေးဖို့လိုပါတယ်။

အမျိုးသမီးတွေရဲ့ ထောက်ခံမှု လိုချင်ရင် အမျိုးသမီးတွေကို နေရာပေးဖို့ လိုပါတယ်။

လူငယ်တွေရဲ့ထောက်ခံမှုကို လိုချင်ရင် ထူးချွန်တဲ့ လူငယ်တွေကို နေရာပေးဖို့ လိုပါတယ်။

လူငယ်ခေါင်းဆောင်ငယ်တွေ မွေးထုတ်ထားမှ အိမ်နီးချင်းနိုင်ငံတွေက ခေါင်းဆောင်လူငယ်တွေကို ယှဉ်နိုင်မှာပါ။

တွေးမိတွေးရာပါ။

■



# ဒေါ်လာဈေးတက်ရင်

အရင်က ဒေါ်လာဈေးတက်ရင် အစိုးရက ကြားဖြတ်ဟန့်တား(Intervention) လုပ်ပါတယ်။ ရှိတဲ့ဒေါ်လာ ထုတ်ရောင်းပေးတာ၊ သွင်းကုန်ကန့်သတ်တာတို့ လုပ်ပါတယ်။ အခိုက်အတန့်တော့ အဆင်ပြေပါတယ်။

အခုတော့

၁။ ဗဟိုဘဏ်က သီးခြားရပ်တည်တဲ့အဖွဲ့အစည်းဖြစ်နေတာ

၂။ လိုငွေပမာဏက ထိန်းဖို့ ခက်လောက်တဲ့အထိ များလာတာ

၃။ ဗဟိုဘဏ်က ပိုက်ဆံမရှိတာ

၄။ ဒေါ်လာငွေကိုယ်တိုင်အားကောင်းလာတာ

တို့ကြောင့် အခုအထိ လှုပ်ရှားမယ့်ပုံ မပေါ်သေးပါဘူး။



ဒါလည်း မှားတယ်လို့ ပြောလို့တော့ မရပါဘူး။ တကယ်လို့ Market mechinism သေချာအလုပ်လုပ်ရင် သူ့ဘာသာသူ Supply နဲ့ Demand ထိန်းညှိပြီး ဖြစ်သင့်တဲ့ ဈေးနှုန်းရောက်သွားမှာပါ။ အဲဒါမျိုးကတော့ ပိုတည်ငြိမ်ပါလိမ့်မယ်။ ဒါကြောင့် ဗဟိုဘဏ်က ဒေါ်လာဈေးကို မထိန်းတော့ဘဲ လုံးဝလွှတ်ပေးလိုက်ရင် ဘာတွေဖြစ်မလဲ၊ ဘာတွေပြင်ဆင်ထားသင့်သလဲ ဆိုတာ ပြောပြပါ့မယ်။

တကယ်လို့ ငွေဈေး အတက်အကျ မထိန်းတော့ရင် မြန်မာကျပ်ငွေတန်ဖိုးကျတဲ့အတိုင်း လက်ခံလိုက်ရင် သွင်းကုန်တန်ဖိုးတက်လာမယ်။ သွင်းကုန်ဈေးကြီးလာမယ်။ ဒါဆို လူတွေနိုင်ငံခြားသွင်းတဲ့ ကုန်ပစ္စည်းတွေ လျှော့သုံးလာမယ်။ ဥပမာ ဟမ်းဖုန်းအဟောင်းလေးကို ခဏမှိန်းသုံးလိုက်မယ်။ ပြည်တွင်းထုတ်ကုန်ရှိရင် ပိုသုံးလာမယ်။ ဥပမာ ထိုင်းကသွင်းတဲ့ ငံပြာရည်အစား ပြည်တွင်းထုတ် ငံပြာရည် ပိုသုံးလာမယ်။ ဒီတော့ ပြည်တွင်းက စက်ရုံ ပိုအလုပ်ဖြစ်လာမှာ ဖြစ်သလို ထိုင်းငံပြာရည်ထုတ်သူက မြန်မာနိုင်ငံမှာလာပြီး စက်ရုံတည်ဖို့ စဉ်းစားလာနိုင်ပါတယ်။ ဒါဆို မြန်မာတွေ အလုပ်ပါ ရလာနိုင်ပါတယ်။

နောက်တစ်ခုက နိုင်ငံခြားထွက်လည်တာ ပိုဈေးကြီးလာမယ်။ ဒါဆို နိုင်ငံသားတွေ ပြည်တွင်းမှာ ပြောင်းပြီး လည်ပတ်လာနိုင်တယ်။ ဒါဆို ပြည်တွင်းခရီးသွားလုပ်ငန်းတွေ တက်လာမယ်။ နိုင်ငံခြားက မြန်မာနိုင်ငံကို လာလည်ရတာ ပိုသက်သာလာမယ်။ ဒါဆို နိုင်ငံခြားသား ဧည့်သည်တွေပိုများလာနိုင်တယ်။ (အာရှက ဧည့်သည်ပဲ မြန်မာပြည် လာကြမှာပါ။ ထိုင်းတို့ တရုတ်တို့ပေါ့) နိုင်ငံခြားက စက်ရုံတွေလာရင်းနှီးမြှုပ်နှံတာလည်း ပိုများလာနိုင်ပါတယ်။ နောက် နမူနာအနေနဲ့ မြန်မာတွေ အကုန်အကျ အတော်ခံကြတဲ့ မင်္ဂလာဆောင်ဟာ ဒေါ်လာတန်ဖိုးမြင့်လာတဲ့အတွက် အကျိုးသက်ရောက်မှုကို လေ့လာကြည့်ပါ။ ပြည်တွင်းက ဟိုတယ်ကြီးတွေမှာ ဒေါ်လာနဲ့ တောင်းပါတယ်။ ဒီတော့ ကုသိုလ်လည်းရ ဝမ်းလည်း ဝအောင် မင်္ဂလာပွဲကို မြန်မာကျပ်ငွေနဲ့ လက်ခံတဲ့ ဘုန်းကြီးကျောင်းမှာပဲ လုပ်လိုက်ရင် အလှူတစ်ပိုင်းလည်း ဖြစ်၊ အလုအပ ပြင်ဆင်စားရိတ်အတွက် မင်္ဂလာမောင်နှံလည်း သက်သာ၊ ဧည့်သည်လည်း သက်သာ ဘုန်းကြီးကျောင်းတွေလည်း အလှူငွေ အများကြီးရပြီး ဟိုတယ်တွေလို ခမ်းနားအောင် ပြင်ဆင်သွားနိုင်ပြီး နိုင်ငံခြားသားတွေ လာရောက်လေ့လာလည်ပတ်မယ့်နေရာများ ဖြစ်သွားနိုင်ပါတယ်။

ပို့ကုန်တွေလည်း ဒေါ်လာငွေနဲ့ တွက်ပြီး ပိုသက်သာလာမှာမို့ ပိုပြီး ပြိုင်ဆိုင်လာမယ်။ ဒါဆို နိုင်ငံခြားပို့ကုန်လုပ်ငန်းတွေ အားကောင်းမောင်းသန်နဲ့ လုပ်လာနိုင်မယ်။ (အခု ဒီတလော အနိမ့်ဆုံး လုပ်ခကို ၃၆၀၀ ကျပ်ကနေ ၄၈၀၀ ကျပ် ပြောင်း သတ်မှတ်လိုက်တာ နိုင်ငံခြားစက်ရုံအများအပြားကို ကုန်ကျစရိတ် အလွန်အမင်း တက်စေပါတယ်။ အခု မြန်မာငွေ တန်ဖိုးကျတာက အဲဒီစက်ရုံတွေကို ထိခိုက်မှုလျော့ပါးစေတဲ့အတွက်

တစ်မျိုးကောင်းပါတယ်) အဲဒီဟာတွေဖြစ်လာရင် ဒေါ်လာဈေးက ဖြစ်သင့်တဲ့အနေအထား ရောက်သွားမှာပါ။ အဲဒီလို Market mechinism သေချာ အလုပ်လုပ်နိုင်ဖို့ နှစ်နှစ် သုံးနှစ် ကြာချင်ကြာပါလိမ့်မယ်။ (မြန်မာနိုင်ငံမှာတော့ ပိုကြာနိုင်ပါတယ်) အစိုးရနဲ့ လုပ်ငန်းရှင်တွေ ပြောခဲ့တဲ့လုပ်ငန်းတွေကို ဘယ်လောက်ကောင်းကောင်း လုပ်နိုင်သလဲ မူတည်ပါတယ်။

**ဘာလုပ်ရင် ကောင်းမလဲ ...**

အသုံးလျှော့ဖို့ လိုပါတယ်။

၁။ တစ်နိုင်ငံလုံးကိစ္စ၊ တစ်နိုင်ငံလုံး ဝိုင်းလုပ်ဖို့ လိုပါတယ်။ မနက်မိုးလင်း အိမ်ရာထကတည်းက တရုတ်ပစ္စည်း၊ ထိုင်းပစ္စည်း၊ နိုင်ငံတကာက ပစ္စည်းတွေချည်း စားနေ၊ သုံးနေပြီး နိုင်ငံခြားကို ပို့နိုင်တဲ့ ပစ္စည်းတွေ ကြံစည်ထုတ်လုပ်တာ မရှိဘဲ ဒေါ်လာဈေးတက်တာ ထိုင်အော်နေလို့ ဘာမှ ထူးလာမဟုတ်ပါဘူး။



၁– ၁

မြန်မာနိုင်ငံက ထုတ်ကုန်ထဲက ကောင်းတာတွေ ရှိပါတယ်။ ဒါကို လူတွေသိလာအောင်၊ ယုံကြည်လာအောင် ပြောပြဖို့ လိုပါတယ်။ ကောင်းတာတွေက Fruit and vegetable ပါ။ သြဂဲန်းနစ် (Organic) အသီးအနှံပါ။ ဒ့ါအပြင် Genetically modified food GM food မဟုတ်ကြပါဘူး။ အဲဒါတွေက နိုင်ငံတကာမှာ အရမ်းခေတ်စားလာပါပြီ။ ထိုင်းမှာလည်း လူတွေ စားသုံးလာပါပြီ။ အရသာက သဘာဝရှိသင့်သလောက်ပဲ ရှိပါတယ်။ အရမ်းချိုနေအောင်၊ မွှေးနေအောင် လုပ်ထားတဲ့ GM အသီးအနှံတွေ မဟုတ်ပါဘူး။ ကျန်းမာရေးနဲ့ အညီညွတ်ဆုံးမို့ နိုင်ငံခြားမှာ ဈေးအရမ်းကြီးပါတယ်။ Australia မှာ မကြာမကြာ သွားနေဖြစ်တော့ မြန်မာပြည်မှာရှိတုန်း ဟိုမှာ ဈေးကြီးပြီး မြန်မာပြည်မှာ ဈေးသက်သာတဲ့ အသီးအနှံတွေ တဝရွေးစားပါတယ်။ ရုံးပတီသီး တစ်တောင့်ကို ဟိုမှာ မြန်မာငွေ ၂၀၀ လောက် ကျပါတယ်။ ကွမ်းရွက်တစ်ရွက်ကို မြန်မာငွေ တစ်ထောင်ပါ။ နနွင်းမှုန့်ဆို မြန်မာငွေ ၂၀၀ ဖိုးလောက်ကို ဟိုမှာ တစ်သောင်းလောက် ပေးရပါတယ်။ သင်္ဘောသီးက မြန်မာပြည်က ဈေးထက် ဆယ်ဆလောက် ပေးရပါတယ်။ ဒီတော့ အသီးအနှံများများ စားပါ။ ဝိတ်ကျပါတယ်။ ကျန်းမာရေးနဲ့ ညီညွတ်ပါတယ်။ ဖြစ်နိုင်ရင် သက်သတ်လွတ်စားပါ။ ကုသိုလ်ပါ ရပါလိမ့်မယ်။ ဒါကို အစိုးရက ပြည်သူတွေ စိတ်ဝင်စားလာအောင် ပြောပြတဲ့ မီဒီယာ အစီအစဉ်တွေ လုပ်ပေးသင့်ပါတယ်။

၁-၂

၂၀၁၇ ခုနှစ်မှာ မြန်မာနိုင်ငံမှာ ဘတ်ဂျက်လိုငွေ ဒေါ်လာ သန်းထောင်ဂဏန်းလောက် ရှိပါတယ်။ ရုတ်တရက် ကြည့်ရင် အများကြီး ဖြစ်နေသလိုပါပဲ။ ဒီလိုငွေကို အလွယ်ဖြေရှင်းနိုင်တဲ့ နည်း ရှိပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၇ ခုနှစ်က လာလည်တဲ့ သူကတော့ နှစ်သန်းခွဲပဲ ရှိပါတယ်။ လူသုံးသန်းလောက် နိုင်ငံခြား ထွက်ကြပါတယ်။ ထွက်လည်တဲ့ လူသုံးသန်းက တစ်နှစ်ထဲမှာ တစ်ကြိမ်ထက် ပိုသွားတဲ့သူဖြစ်တဲ့အပြင် အများစုက အားလျား ပြီး သွားကြတာပါ။ ဒါကြောင့် သုံးသန်းထဲက လူတစ်ဝက် တစ်သန်းခွဲက နိုင်ငံခြားထွက်တာ တစ်ဝက်လောက် လျှော့ချနိုင် ရင် နိုင်ငံအတွက် သန်းတစ်ထောင့်ငါးရာလောက် အကုန် သက်သာသွားမှာပါ။ အဲဒါ ဘတ်ဂျက်လိုငွေအားလုံးကို ခုမိသွား ပြီလေ။ (ခရီးတစ်ခါသွားရင် ဒေါ်လာ တစ်ထောင်လောက် သုံး ကြပါလိမ့်မယ်) အဲဒီလူတွေကို ပြည်ပသွားမယ့်အစား ပြည်တွင်း မှာ လည်ပတ်သုံးစွဲဖို့ စီစဉ်ပေးနိုင်ရင် နိုင်ငံရဲ့ GDP ထဲ ဒေါ်လာ ဘီလျံ ၃၀ လောက် တိုးလာစေမှာပါ။ (အမေရိကန်မှာ ထပ်ဆင့် သုံးစွဲခြင်းဖြင့် GDP ကို အဆ ၃၀ ကျော် တိုးစေပါတယ်။ အဲဒီလို မြန်မာနိုင်ငံမှာလည်း ဖြစ်နိုင်ပါတယ်) အဲဒါ တစ်ဦးချင်း GDP per capital ကို လက်ရှိထက် ဒေါ်လာ ငါးရာကျော် ခြောက်ရာ လောက် တက်လာစေနိုင်ပါတယ်။ အဲဒီလိုဖြစ်ဖို့ အစိုးရက ခရီး သွားလုပ်ငန်းတို့၊ ဟိုတယ်တို့ သယ်ယူပို့ဆောင်ရေးတို့ကို အဆင် ပြေပြေ လုပ်နိုင်အောင် လုပ်ပေးဖို့တော့ လိုပါတယ်။



၁-၃

ဒေါ်လာ အသုံးလျှော့ဖို့ စဉ်းစားမယ်ဆိုရင် အခုမြန်မာနိုင်ငံက International school တွေအကြောင်းပါအောင် ပြောမှပါ။ အခု ပညာရေးကို ပုဂ္ဂလိကတွေကို လုပ်ခွင့်ပြုလိုက်ကတည်းက International school တွေကို အပြိုင်အဆိုင်ဖွင့်လာကြပါတယ်။ တချို့ နိုင်ငံခြားသားတချို့သင်တဲ့ကျောင်းလို့ ပြောလို့ ရရုံပါ။ ကျောင်းသားတစ်ယောက်ကို ကျောင်းလခ တစ်နှစ်ကို ဒေါ်လာ လေး-ငါးထောင် ခပ်လွယ်လွယ် ပေးရပါတယ်။

အခု ကျောင်းသားပေါင်း သိန်းဂဏန်းလောက် တက်နေကြပါတယ်။ (အတိအကျတော့ မသိပါဘူး) အဲဒါ ကုန်ကျငွေ ဒေါ်လာ သန်းငါးရာကနေ သန်း တစ်ထောင်ကြားတော့ ရှိနိုင်ပါတယ်။ ဒါ့အပြင် နိုင်ငံခြားမှာ တက္ကသိုလ်တက်ဖို့ လွှတ်ရင် တစ်ယောက်ကို တစ်နှစ်ကို ဒေါ်လာ လေး-ငါးသောင်းလောက် ခပ်လွယ်လွယ် ကုန်နိုင်ပါတယ်။ (အနောက်နိုင်ငံတွေ သွားရင်)

မိဘတိုင်းက သားသမီးကို အကောင်းဆုံးဖြစ်စေချင်ပါတယ်။ အဲဒါ နိုင်ငံအတွက် နိုင်ငံခြားငွေ ပိုကုန်စေပါတယ်။ မိဘတွေကို နိုင်ငံခြားငွေ ပိုကုန်လို့ International school မထားရဘူး၊ နိုင်ငံခြားတက္ကသိုလ် မထားသင့်ဘူး ပြောလို့တော့ မရပါဘူး။ ဒါပေမဲ့ မိဘတွေ ကြိုသိထားသင့်တာ အနောက်နိုင်ငံတွေမှာ ကျောင်းတက်ပြီးခဲ့တဲ့ သားသမီးတွေ ကြီးပွားချမ်းသာသွားမှာ မဟုတ်ဘူးဆိုတာ သတိထားမိစေချင်ပါတယ်။ အနောက်နိုင်ငံတွေက တက္ကသိုလ်တွေက ဆင်းလာပြီး အလုပ်လုပ်လို့ရမယ့် ပိုက်ဆံဘယ်လောက်လဲဆိုတာ အရင်စုံစမ်းသင့်ပါတယ်။ သားသမီးတွေကို နိုင်ငံခြားပို့ ကျောင်းထားတဲ့ငွေတွေကို သားသမီး အများစုက ဆယ်နှစ် အလုပ်လုပ်ပြီး ပြန်မစုနိုင်ဘူးဆိုတာ အရင်သိသင့်ပါတယ်။ အရမ်းပိုလျှံပြီး ချမ်းသာတဲ့သူမဟုတ်ရင်တော့ International school ထားတာမျိုး ပြန်စဉ်းစားသင့်ပါတယ်။ အိုစာမင်းစာတောင် မချန်ဘဲ ပေးမိပြီး တစ်နေ့ သားသမီးက မိဘကို ပြန်မကြည့်ရင် အကုန်ခံထားမိတဲ့ မိဘနောင်တရဖို့ ဖြစ်လာနိုင်ပါတယ်။

၁-၄

လူနည်းစုသုံးတာမှန်ပေမဲ့ ခေါ်လာ အတော်ကုန်တာ နောက်တစ်ခုက နိုင်ငံခြားထွက် ဆေးကုကြတာပါ။ စာရင်း သေချာမရှိပေမဲ့ အခု တစ်နှစ်ကို လူ ငါးသောင်းကနေ တစ်သိန်းဝန်းကျင်လောက် နိုင်ငံခြားထွက် ဆေးစစ်ကြ၊ ဆေးကုကြပါတယ်။ အများဆုံးသွားကြတာ ထိုင်းနိုင်ငံပါ။ တရုတ်၊ အိန္ဒိယ၊ မလေးရှား၊ စင်ကာပူတို့လည်း သွားကြပါတယ်။ အမေရိကန်၊ အင်္ဂလန်တို့ကိုတော့ ပိုချမ်းသာတဲ့သူတွေ သွားကြပါတယ်။

ဆေးစစ်ရင် တစ်ခါကို ဒေါ်လာ လေးငါးရာလောက်တော့ အနည်းဆုံး ကုန်ကျပါတယ်။ တစ်ခုခုကုရင်တော့ ဒေါ်လာ သိန်းဂဏန်းအထိ ကုန်တတ်ပါတယ်။ တချို့လည်း တကယ်လိုလို့ပါ။ ဆေးသွားစစ်တဲ့လူအများစုကတော့ လိုလို့မဟုတ်ပါဘူး။ ပါးစပ်အရသာခံဖို့ပါ။ မြန်မာတွေအတွက် ကြွားစရိတ်က စားစရိတ်ထက် ပိုတတ်ပါတယ်။ ပြည်တွင်းမှာ ကြံဖန်ကြွားလို့ရတဲ့ ဆေးကုသဖို့ ဈေးကွက်တွေ ဖန်တီးထားရင် ပြည်ပထွက်ပြီး ကြွားစရိတ်လျော့သွားနိုင်ပြီး ဒေါ်လာအသုံး လျော့လာနိုင်ပါတယ်။ (ဥပမာ–ယခု ရန်ကုန်မှာ နောက်ဆုံးဖွင့်တဲ့ ပုဂ္ဂလိကဆေးရုံဆို ဘန်ကောက်ထက် ဈေးကြီးနေပါပြီ။ Dental Chair တွေနဲ့တင် ဒေါ်လာသိန်းချီတန်တာမျိုး ထည့်ထားပါတယ်။

## ဘာလုပ်ရင်ကောင်းမလဲ

၁။ မလိုအပ်တာတွေကို တတ်နိုင်တဲ့လူတွေ ဖြုန်းနေလို့ ဒေါ်လာ လိုအပ်ချက် မြင့်လာတာအတွက် အောက်ခြေပြည်သူနဲ့ အစိုးရက ရလာတဲ့ ဒေါ်လာငွေကို လျှော့ရောင်းပေးဖို့ မလုပ်သင့်ပါဘူး။ အဲဒီဒဏ်ကို သုံးတဲ့သူတွေပဲ ခံသင့်ပါတယ်။ ပြောခဲ့တဲ့ အပိုသုံးတာတွေက တစ်နှစ်ကို ဒေါ်လာ ဘီလျံပေါင်းများစွာ ရှိနေနိုင်ပါတယ်။ သုံးဘီလျံကနေ လေးဘီလျံလောက်တော့ ရှိနိုင်ပါတယ်။

အခု ဗဟိုဘဏ်က ကြားဝင် ဟန့်တားမှုမလုပ်ရင် ပြောခဲ့သလို ဖြုန်းနေတဲ့သူတွေ အဖြုန်းလျှော့ရင် ဒေါ်လာဈေးတည်ငြိမ်လာမှာပါ။ (သတိထားမိသလောက် ဖြုန်းနိုင်တဲ့လူတော်တော်များများ အဖြုန်းလျှော့နေပါပြီ။ လုပ်ငန်းတွေကိုလည်း ကျစ်ကျစ်လျစ်လျစ်ဖြစ်အောင်လုပ်ပြီး အုပ်ချုပ်လို့ ကောင်းပြီး ထပ်ကျလာတဲ့ စီးပွားရေးအတွက် ပြင်ဆင်နေပါပြီ။ ဘဏ်ချေးငွေ ဆပ်နိုင်ပြီး ဆပ်ဖို့ လိုတဲ့သူတွေကလည်း ပြန်ဆပ်ပြီး စရိတ်လျှော့နေပါပြီ) ဒါပေမဲ့ အဲဒီလို မတည်ငြိမ်သေးခင်

၂။ အောက်ခြေလူတန်းစားက ကုန်ဈေးနှုန်းတက်တဲ့ဒဏ်ကို အချိန်အတိုင်းအတာတစ်ခု (နှစ်နှစ် သုံးနှစ်) အထိ သည်းခံပေးဖို့ လိုပါတယ်။

၃။ ပြည်တွင်း စက်ရုံတွေ လုပ်ငန်းတွေ ကောင်းကောင်း လည်ပတ်နိုင်အောင် အလုပ်သမားခေါင်းဆောင်တွေ အလုပ်သမားအဖွဲ့အစည်းတွေက အကြံအဖန်လုပ်ပြီး ဆန္ဒပြတာမျိုး လုပ်ငန်း ပိတ်သိမ်းသွားစေလောက်တဲ့ အပြုအမူတွေကို ရှောင်ကြဉ်ဖို့ လိုပါတယ်။

၄။ အစိုးရ လုပ်ပေးရမှာက စီးပွားရေး လုပ်ငန်းတွေကောင်းကောင်း လုပ်နိုင်အောင် ဥပဒေချိုးဖောက်တာတွေကို အရေးယူပေးပါ။ ပြဋ္ဌာန်းထားတဲ့ ဥပဒေအတိုင်း အကာအကွယ်ပေးပါ။ မိုက်ကြေးခွဲငွေညှစ်တာမျိုး၊ ကျူးကျော်တာမျိုး၊ အကြံအဖန်လုပ် ခွင်ရိုက်တာမျိုး အရေးယူပေးဖို့ လိုပါတယ်။ ပိုက်ဆံယူပြီး ဆန္ဒပြတာမျိုး၊ ဆန္ဒပြပွဲမှာ ဦးဆောင်သူတို့ဟာ လျော်ကြေးတွေရရင် သာမန်အလုပ်သမတွေထက် ၃၊၄ဆလောက် ပိုရနေတာမျိုး ရှိနေပါတယ်။ ဒါဟာ အောက်ခြေအလုပ်သမတို့ ဆန္ဒမပါဘဲ အတင်းဆွဲဆောင်ဖြားယောင်းဆန္ဒပြတာမျိုးဖြစ်နေလို့ အဲဒါမျိုးကို ဖော်ထုတ်အရေးယူပေးဖို့ လိုပါတယ်။


၅။ လုပ်ငန်းတွေ အကောင်းဆုံး ယှဉ်ပြိုင်နိုင်တဲ့ ပတ်ဝန်းကျင်ဖြစ်အောင် လုပ်ပေးဖို့ လိုပါတယ်။ ဒီအချက်က Market mechinism အလုပ်လုပ်ဖို့ လိုနေတာပါ။ စက်ရုံအလုပ်ရုံ ပေါ်လာစေတာ၊ ယှဉ်ပြိုင်မှု ဖြစ်စေတာမျိုးပါ။

နိုင်ငံတစ်ခုရဲ့ ငွေတန်ဖိုးကျတာ ကောင်းတာ မကောင်းတာ ကိုင်တွယ်တဲ့ပေါ် မူတည်ပါတယ်။ ဈေးကျနေတာ Intervention

မလုပ်ဘဲထားတဲ့ မူဝါဒက မမှားဘူးဆိုပေမဲ့ အစိုးရနဲ့၊ ပြည်သူတွေရဲ့ တုံ့ပြန်မှုပေါ် မူတည်ပြီး အဖြေအမျိုးမျိုး ဖြစ်သွားနိုင်ပါသေးတယ်။ ဖော်ပြခဲ့သလို ၁။ ဖြုန်းတီးသူ ၂။ အောက်ခြေပြည်သူ ၃။ အလုပ်သမား အဖွဲ့အစည်း ၄။ အစိုးရ ညီညီညာညာ ပူးပေါင်း အကောင်အထည်ဖော်ဖို့လိုပါတယ်။ ဒေါ်လာဈေးကျဖို့ လှူတိုင်းမှာ တာဝန်ရှိနေတာပါ။ သက်တမ်းနှစ်နှစ်ခွဲ အစိုးရရဲ့ လုပ်ဆောင်မှု၊ ပြည်သူတွေရဲ့ စိတ်ဓာတ်ရင့်ကျက်မှု၊ ဝိုင်းဝန်းလုပ်ဆောင်တတ်မှု၊ စိတ်ဓာတ်ရင့်ကျက်မှုတို့နဲ့ ချိန်ထိုးရင် အကောင်းဘက်ရောက်ဖို့ နိုင်ငံတကာ စံချိန်ထက် နောက်ကျဖို့ ရှိပါတယ်။

တွေးမိတွေးရာပါ။

■




# ဝေဖန်ပိုင်းခြားပါ

ဇယားတစ်ခုပြထားပြီး သားဖောက်နှုန်းမြန် အစွလာမ်လို့ ပြောခဲ့သူတွေက မုသားဝါဒကျူးလွန်သူများ အခြားသူရဲ့ သာသနာကို ညှိုးနွမ်းအောင် ပြုလုပ်များသာ ဖြစ်ကြောင်း ..........၊ လို့ ရေးထားပါတယ်။

My comment : ဇယားရဲ့ ခေါင်းစဉ် "Applying this assumption of this, distribution of population" ဤယူဆချက်ကို အသုံးပြုခဲ့ရင် လူဦးရေခွဲဝေပုံဆိုတော့ ဘယ်ယူဆချက်မှန်း မဖော်ပြထားတဲ့ ဇယားပါ။ အကြမ်းအားဖြင့် ဘာသာအလိုက် လူဦးရေအချိုးအစားခွဲဝေပုံပဲ ဆိုပါတော့။ ဒါ့အပြင် ဘယ်နေရာမှာ ကောက်ယူထားတဲ့ ဇယားဆိုတာလည်း မဖော်ပြထားပါဘူး။ ဒါကြောင့် ဇယားဖော်ပြချက်နဲ့ ရေးထားတဲ့စာသားများ ဘယ်လို ဆက်သွယ်မှန်း၊ ကောက်ချက်ချရမှန်း မသိပါ။ (post တင်တဲ့သူက မြန်မာနိုင်ငံကို ရည်ညွှန်းပုံရပါတယ်)

တကယ်လို့ ဖော်ပြထားတဲ့ ဇယားဟာ မြန်မာနိုင်ငံလို ဗုဒ္ဓဘာသာနိုင်ငံရဲ့ လူဦးရေရဲ့ ကိုးကွယ်တဲ့ဘာသာအရ လူဦးရေဝေခွဲပုံကို ဖော်ပြတာဖြစ်ခဲ့မယ်ဆိုရင် Post တင်ထားသူက ကောက်ချက်ချပုံ လွဲနေပါတယ်။

မြန်မာနိုင်ငံက ဗုဒ္ဓဘာသာနိုင်ငံဆိုတော ဗုဒ္ဓဘာသာဝင် အရေအတွက် အများဆုံးဖြစ်တာ မဆန်းပါဘူး။

ခရစ်ယာန်နိုင်ငံမှာတော့ ခရစ်ယာန်များမှာပါ။ အစ္စလာမ်နိုင်ငံမှာ အစ္စလာမ်များမှာပါ။ လူအရေအတွက်ကို ကြည့်ပြီး သားပေါက်နှုန်းကြည့်လို့ မရပါဘူး။ အဲဒါ ဘယ်လိုမှ မဆက်စပ်ပါဘူး။ တကယ်လို့ သားဖွားနှုန်းကို ရည်ညွှန်းချင်ရင် ဥပမာ တစ်နှစ်မှာ လူတစ်သိန်းမှာ ဘယ်နှဦးမွေးဖွားတယ်ဆိုပြီး ညွှန်းရမှာပါ။ ဥပမာ ဗုဒ္ဓဘာသာဦးရေ တစ်သိန်းမှာ လူဘယ်နှဦး မွေးသလဲ၊ ခရစ်ယာန်ဘာသာဝင် တစ်သိန်းမှာ တစ်နှစ်မှာ လူဘယ်နှဦး၊ အစ္စလာမ်ဘာသာ တစ်သိန်းမှာ တစ်နှစ်ကို ဘယ်နှဦးမွေးသလဲဆိုတာကြည့်ပြီး နှိုင်းယှဉ်ရမှာပါ။ Post တင်သူက လူဦးရေအချိုးအစားပြတဲ့ဇယားနဲ့ လူဦးရေပွားနှုန်းနဲ့ မဆိုင်တာနှစ်ခုကို အတင်းဆွဲပြီး ဆက်စပ်လိုက်တာပါ။

**ကောက်ချက်**

ဖော်ပြချက် မပြည့်စုံတဲ့ ဇယားဖြင့် ဆက်စပ်မှု မရှိသည့် အကြောင်းအရာနှစ်ခုကို ဆွဲယူဆက်စပ်ပြီး လိုရာဆွဲယူပြီး ပြောလိုက်တဲ့ Post ပါ။

တွေးမိတွေးရာပါ။

■



# လုပ်ငန်းတစ်ခု ကြီးလာရင်

တဖြည်းဖြည်းနဲ့ လုပ်ငန်းကို ကိုယ်မပိုင်တော့ဘူး။ လုပ်ငန်းက ကိုယ့်ကို ပိုင်သွားရော။ လုပ်ငန်း ရှင်သန်အောင် လုပ်ရင်း ကိုယ့်ဘဝသေသွားတာကိုလည်း သတိမထားမိကြဘူး။

နောက်တစ်ခုက လုပ်ငန်းကြီးလာတာနဲ့အမျှ လုပ်ငန်းခွဲဒါမှမဟုတ် လုပ်ငန်းရဲ့အစိတ်အပိုင်းကို တကယ် ကိုင်တွယ်နိုင်တဲ့လူ (ကျွမ်းကျင်တဲ့ပညာရှင်) လက်ထဲ ထည့်ပေးလိုက်ကြရတယ်။ ကိုယ်လိုချင်လို့ဆိုပြီး အတင်းယူထားလို့ မရဘူး။ မကိုင်တွယ်နိုင်ဘဲ ယူထားရင် ယူထားတဲ့လူကို ဒုက္ခပေးရော။ ဒီတော့ ကျွမ်းကျင်တဲ့သူကို အလုပ်ထဲ မြဲနေအောင် ဆွဲဆောင်ထားရပါတယ်။ မိသားစုလုပ်ငန်းအများစုမှာတော့ လုပ်ငန်းကို သေချာထိန်းနိုင်တဲ့သူကို သမီးနဲ့ ပေးစားလိုက်ကြပါတယ်။

ဒီထက် သေချာတဲ့နည်း မရှိဘူးလေ။ အနည်းဆုံးတော့ သားသမီး အရင်းအချာတွေကို လွှဲပေးရပါတယ်။ လွှဲပေးပြီးသွားရင် သူတို့သဘောဖြစ်သွားပါပြီ။ ကိုယ့်ကို ဥက္ကဋ္ဌရာထူး နာယက နေရာမှာ ထားချင်ထားမယ်။ ရုပ်တု ထုထားပေးရင် ပေးမယ်။ လုပ်ပိုင်ခွင့်အာဏာတော့ မရှိတော့ပါဘူး။ (အဲလိုဖြစ်ရင်တောင် အတော်ကောင်းပါတယ်)

အဲဒီကျွမ်းကျင်တဲ့ပညာရှင်က သူ့အလုပ် ပီပီပြင်ပြင် လုပ်နိုင်အောင် လိုအပ်ချက်တွေ (ပိုက်ဆံ၊ စက်၊ လူ စသည်) ပြောပြီး ကိုယ့်ကို ပြန်လုပ်ခိုင်းရော၊ အဲလိုနဲ့ ကိုယ်သူဌေးလား၊ သူ သူဌေးလား မကွဲတော့ဘူး။ နောက်ပြီး ရှိုးပြထားတဲ့ ရုံးခန်းမှာ စတိုင်ကျကျထိုင်ပြီး ညွှန်ကြားသည်ကို အာပေါင်အာရင်း သန်သန် ရှင်းပြနေတာဟာ မန်နေဂျာပါ၊ သူဌေးမဟုတ်ပါ။ မန်နေဂျာ ရုံးခန်းထက် ပိုကောင်းအောင် ပြင်ဆင်ထားတဲ့ရုံးခန်းကို သူဌေးရဲ့ ရုံးခန်းပြောတာထက် သူဌေးရဲ့ ခေတ်ပုံထားတဲ့အခန်းလို့ခေါ်ရင် ပိုမှန်မယ်။ လုပ်ငန်းအကြီးကြီး ပိုင်တာထက် ကိုယ်ပိုင်တဲ့ လုပ်ငန်းကို နိုင်နိုင်နင်းနင်း ဩဇာအာဏာအပြည့်နဲ့ စေလိုရာစေနိုင်တာ ပိုကောင်းပါတယ်။

တွေးမိတွေးရာပါ။

■



# သီဟတင်စိုးနဲ့ အတူ ရပ်တည်ပါတယ်။

ရုပ်ရှင်သရုပ်ဆောင် သီဟတင်စိုးကို အိမ်ဖော်ဖြစ်သူက သူ့ကို မုဒိမ်းကျင့်တယ်ဆိုပြီး အမှုဖွင့်တိုင်ကြားထားပါတယ်။

မြန်မာနိုင်ငံက မုဒိမ်းဥပဒေက 'ဆူးပေါ် ဖက်ကျလည်း ဆူးကျိုး၊ ဖက်ပေါ် ဆူးကျလည်း ဆူးကျိုးမယ့် အားနွဲ့တဲ့ ယောက်ျားသားတို့ဘဝရောက်သွားလောက်တဲ့ မဆင်မခြင် တစ်ဖက်သတ် ပြဋ္ဌာန်းထားတဲ့ 'မတရားဥပဒေ' ဖြစ်နေပြီလားဆိုတာ စဉ်းစားချိန်တန်ပါပြီ။

မိန်းမတစ်ယောက်က မုဒိမ်းကျင့်တယ် ပြောတိုင်း ယောကျ်ား တစ်ယောက်ကို ဘာဖြေရှင်းခွင့်မှ မပေးသေးဘဲ အရင် အချုပ်ထဲ ထည့်လိုက်ဖို့ တကယ်ဖြစ်နေပြီလား။ အခုတစ်လော ဖြစ်တဲ့ အဆိုတော်နဲ့ မော်ဒယ်တို့ရဲ့ သံသယဖြစ်ဖွယ်အမှုကလည်း မပြီး သေးပါ။

အခုလို ခဏခဏ မုဒိမ်းအကျင့်ခံရတဲ့ မိန်းမ (အဲဒီ အမျိုး သမီးက ပဲခူး၊ ကမာရွတ်၊ တာမွေ၊ သာကေတမြို့နယ်တို့မှာ အလားတူ အမှုဖွင့်ထားတယ်လို့ ဂျာနယ်တွေမှာ ဖော်ပြထားပါ တယ်။ တောင်းသလောက် ပေးလိုက်လို့ အမှုမဖွင့်တာ ဘယ် လောက်များမလဲ ပြောမရပါ။ ဒီမိန်းမရဲ့ အသက်အရွယ် အတွေ့ အကြုံ၊ အရွယ်အစားအင်အားနဲ့ တော်ရုံ မုဒိမ်းကျင့်ဖို့ မလွယ်ပါ။ သဘောမတူရင် အနားကပ်ဖို့ မလွယ်လောက်အောင် သန်မာ ပုံရပါတယ်)ကတော့ မုဒိမ်းတကယ်အကျင့်ခံနေရတာထက် မြူဆွယ်သွေးဆောင်ပြီး သဘောတူဆက်ဆံပြီးမှ အကြံအဖန် လုပ် ခွင်ရိုက်ပြီး မုဒိမ်းကျင့်တယ်လို့ တိုင်တာမျိုးဖြစ်ဖို့ ပိုများပါ တယ်။ အထူးသဖြင့် အခုလို အခြေအနေမျိုးမှာပေါ့။ စွပ်စွဲခံ ရတဲ့လူက 'ဒီလို မိန်းမမျိုးတောင် မရှောင်ဘဲ မုဒိမ်းကျင့်ရလောက် အောင် အောက်တန်းကျနေပြီလား' လို့ အပြောခံရတာက ပို ရှက်ဖို့ ကောင်းနေပါတယ်။

တရားဥပဒေက တည့်တည့်ဖြစ်နေဖို့ လိုပါတယ်။ တစ်ဖက် ဖက်ကို ယိမ်းတာနဲ့ အခွင့်အရေးယူတဲ့လူ ပေါ်လာနိုင်ပါတယ်။ အခုလို စီးပွားရေးကျပ်နေတဲ့အချိန်မှာဆို ပိုဖြစ်နိုင်ပါတယ်။

အခုလို ဖြစ်တာမျိုးက မြန်မာပြည်တွင်းမှာ ရိုးရိုးသားသား လုပ်ကိုင်စားသောက်နေတဲ့ အိမ်ဖော်အလုပ်သမထုကို အယုံအကြည်မဲ့စေပါတယ်။ ဒါ့အပြင် အိမ်နီးချင်းနိုင်ငံက လိင်အလုပ်သမများ လာရောက်လုပ်ကိုင်ဖို့ ဆွဲဆောင်တာမျိုး ဖြစ်လာနိုင်ပါတယ်။ (မြန်မာအလုပ်သမားတွေ အကြံအဖန်လုပ်ကြတော့ လုပ်ငန်းရှင်တွေက အိမ်နီးချင်းနိုင်ငံက အလုပ်သမားတွေ ခေါ်လာကြတာမျိုးပေါ့။ မြန်မာ့လိင်အလုပ်သမ ဈေးကွက်တောင် ပျက်သွားနိုင်ပါတယ်)

## ဘာလုပ်ရင် ကောင်းမလဲ

အိမ်မှာ CCTV တော့ တပ်ကြဖို့ လိုနေပါပြီ။ KTV တို့၊ အနှိပ်ခန်းတို့မှာ မိန်းကလေးတွေ့လို့ လက်ဆော့တာမျိုး မလုပ်မိဖို့လည်း လိုလာပါတယ်။

တွေးမိတွေးရာပါ။

(သီဟတင်စိုးဘက်က ရပ်တည်ပါတယ်)

P.S – နောက်ဆုံးသတင်းအရ သီဟတင်စိုးကို မုဒိမ်းမှုနဲ့ လီဆည်အမှုဖွင့်တာ ပေါ်သွားလို့ အဲဒီအမျိုးသမီးနဲ့ ပွဲစားတို့ကို ဖမ်းဆီးလိုက်ပါပြီ။ မိသားစုပေါင်းများစွာကို လှည့်လိမ်ပြီး ငွေညှစ်ဖို့ ကြိုးစားခဲ့တာပါ။

■



# မြန်မာနိုင်ငံက အောက်ခြေ အလုပ်သမားတွေအတွက် လုပ်ခလစာ အများဆုံးရအောင် တောင်းနည်း

အလုပ်သမားတွေ ဆန္ဒပြတောင်းဆိုစရာမလိုဘဲ လုပ်ငန်းရှင်တိုင်း ထိုင်းနိုင်ငံက လစာလောက်ကို လိုလိုလားလား ပေးလာစေမယ့် နည်းတစ်ခု ရှိပါတယ်။ ဒါဟာ အခုလို အထည်ချုပ်လုပ်ငန်းတွေက အလုပ်သမတွေက လုပ်ခလစာနည်းပါးပြီး လက်ရှိကုန်ဈေးနှုန်းအရ သူတို့စားဝတ်နေရေး အဆင်သိပ်မပြေတဲ့အချိန်မှာ အတော်အရေးကြီးပါတယ်။ ဒါပေမဲ့ အလုပ်သမားနဲ့ အစိုးရအလုပ်သမားအဖွဲ့အစည်းတွေ အရင်လုပ်ရမယ့် အချက်တွေ ရှိပါတယ်။

၁။ အလုပ်သမားတွေက သူတို့လုပ်တဲ့ အလုပ်ကို ကျွမ်းကျင်ပြီး အိမ်နီးချင်းထိုင်းနိုင်ငံက စက်ရုံတွေက အလုပ်သမားတွေလောက် အလုပ်ပြီးအောင် လုပ်နိုင်ရမယ်။

၂။ အလုပ်သမားတွေက အိမ်နီးချင်း ထိုင်းနိုင်ငံက စက်ရုံတွေမှာလိုပဲ ခိုးတာ ဝှက်တာ၊ ဖျက်လိုဖျက်ဆီးလုပ်တာ၊ အကြံအဖန်လုပ် ခွင်ရိုက်တာမျိုး မလုပ်ဘဲ ရိုးရိုးသားသား ကြိုးကြိုးစားစားအလုပ်မှာ ရေရှည်မြဲပြီး လုပ်နိုင်ရမယ်။

၃။ အလုပ်သမားခေါင်းဆောင် အဖွဲ့အစည်းတွေက အလုပ်သမားတွေရဲ့ လိုအပ်ချက်တောင်းဆိုပေးတဲ့အခါ ကိုယ်ကျိုးမကြည့်ဘဲ ဥပဒေအတိုင်း မျှမျှတတတောင်းဆိုတာမျိုးလုပ်ရပါမယ်။ လုပ်ငန်းပိတ်တာ၊ ပြုတ်သွားတာမျိုးမဖြစ်အောင် ကာကွယ်ပေးရမယ်။

၄။ အစိုးရက စက်ရုံများတည်ထောင်လုပ်ကိုင်အောင် အခြေခံအဆောက်အအုံကို လုံလောက်ရန် ဖန်တီးပေးဖို့ လိုပါတယ်။ လျှပ်စစ်၊ လမ်း၊ ဥပဒေတို့ပါ။ ဥပဒေ ပြဋ္ဌာန်းချက်တို့ကို အပြောင်းအလဲ မကြာခဏလုပ်တာမျိုးရှောင်ကြဉ်ဖို့ လိုပါတယ်။

၅။ အစိုးရက အခြားအမျိုးတူ လုပ်ငန်းများ လာရောက်လုပ်ကိုင်နိုင်အောင် ဆွဲဆောင်သည့် ဥပဒေများ ပြဋ္ဌာန်းချက်များ ပြဋ္ဌာန်းပေးဖို့ လိုပါတယ်။


၆။ လုပ်ငန်းပျက်စီးစေတဲ့ တရားဥပဒေမဲ့ မိုက်ကြေးခွဲလုပ်ဆောင်တာမျိုးကို ထိရောက်စွာ အရေးယူပေးဖို့ လိုပါတယ်။

လုပ်ငန်းရှင်များ အကျိုးအမြတ်များများရရှိတာ မနာလိုစရာ မလိုပါ။ အလုပ်သမားနဲ့ အဖွဲ့အစည်းတွေကလည်း အရမ်းလိုက်တောင်းဆိုဖို့လည်း မလိုပါဘူး။ လုပ်ငန်းရှင် စီးပွားဖြစ်ပြီး ချမ်းသာခွင့်ရှိရင် လုပ်ငန်းရှင်တွေ အများကြီးထပ်လာပါလိမ့်မယ်၊ ပြီးတော့ ကျွမ်းကျင်တဲ့ အလုပ်သမားတွေကို အပြိုင်အဆိုင် လုပ်ခ လစာ ပိုပေးပြီး လိုလိုလားလားခေါ်ကြမှာပါ။ လုပ်ငန်းရှင်တွေက လိုလိုလားလားတိုးပေးတာမျိုးက ပိုခိုင်မာပါတယ်။ အလုပ်သမားက မရသင့်တာကို အတင်းကျဉ်းထဲကျပ်ထဲ ခွင်ရိုက်ပြီး အတင်း ပိုရအောင် တောင်းတာမျိုးက လုပ်ငန်းရှင် အများစု ညှိနှိုင်းပေးဖို့ အခက်အခဲရှိတတ်ပါတယ်။ ဒါကြောင့် ရေရှည်မခံပါဘူး။ လိုလိုလားလားပေးလာအောင်ကြိုးစားထားပြီး ပိုမပေးလာဘူးဆိုရင် ပိုပေးတဲ့နေရာမှာ ရှာလုပ်ပါ။ ပြည်တွင်းမှာ မရရင် ပြည်ပမှာ ထွက်လုပ်ပါ။ ဘာမှ သံယောဇဉ်တွယ်မနေပါနဲ့။ ကိုယ့်ဘက်က တန်ရာတန်ကြေးပေးပြီး ကျွမ်းကျင်အောင် မကြိုးစားဘဲ အချောင်လိုချင်ရင်တော့ ပြည်ပမှာ အလုပ်ရဖို့ မပြောနဲ့၊ ပြည်တွင်းက အလုပ်တွေတောင် ပြည်ပက လုပ်သားတွေလာလုပ်လို့ ခွင်ပျောက်သွားမှာပါ။

ထိုင်းနိုင်ငံမှာလို ကြိုးစားမလုပ်ဘဲ ထိုင်းနိုင်ငံက လုပ်ခလစာမျိုးတောင်းဆိုတာ ကိုယ့်နိုင်ငံကို ရောက်လာတဲ့ လုပ်ငန်းရှင်တွေ ကိုယ့်နိုင်ငံ အစိုးရနဲ့ ကောင်းကောင်းမွန်မွန် အလုပ်လုပ်ချင်ပြည်သူအများစု ဒုက္ခရောက်အောင် ကြံဖန် ဂျိုကျတာပါ။ ဒါမျိုးကိုတော့ ဒီအတိုင်း ကြည့်မနေသင့်ဘူး ထင်ပါတယ်။

တွေးမိတွေးရာပါ။

■



# ဒီနေ့က ၈၈၈၈ အရေးအခင်း ဖြစ်ခဲ့တဲ့ နှစ်သုံးဆယ်ပြည့် နှစ်ပတ်လည်ပါ။

ရှစ်လေးလုံး နှစ်သုံးဆယ် ပြည့်သွားပါပြီ။ မြန်မာနိုင်ငံမှာ အဲဒီလို အထိမ်းအမှတ်နေ့တွေ အများကြီးပါ။ ဥပမာ ဒီနှစ်ထဲမှာ

အာဇာနည်နေ့က ၇၁ နှစ်
လွတ်လပ်ရေးနေ့က နှစ် ၇၀
မှိုင်း ရာပြည့်က xxx နှစ်
တောင်သူလယ်သမားနေ့က xxx နှစ်
အလုပ်သမားနေ့က xxx နှစ်
သီပေါမင်း ပါတော်မူတာ xxx နှစ်
အင်္ဂလိပ်အစိုးရလက်အောက် ရောက်တာ xxx နှစ်

အထိမ်းအမှတ်နေ့တွေ များသာများလာတယ်။ ပြန်ပြောင်း သတိရအောင်တော့ ပြောကြပါတယ်။ ဒါပေမဲ့ မြန်မာတွေ စည်းရုံးဖို့ မမြင်သေးပါဘူး။ ပြည်တွင်း ငြိမ်းချမ်းရေးလည်း ဝေဝါး တုန်းပါ။ စည်းကမ်းလိုက်နာဖို့လည်း မရှိသေးပါဘူး။ တရားဥပဒေ စိုးမိုးဖို့လည်း မရှိသေးပါဘူး။ သဘာဝ သယံဇာတလည်း ကုန် သလောက် ဖြစ်နေပါပြီ။ လူငယ်တွေလည်း အိမ်နီးနားချင်းနိုင်ငံ တွေ ထွက်ပြီး အလုပ်လုပ်ရလို့ ကုန်တော့မှာပါ။ နိုင်ငံတကာက ပစ္စည်းတွေလည်း တင်သွင်းသုံးစွဲနေရပါပြီ။ စက်ရုံတွေလည်း ပြည်တွင်းလုပ်ငန်းရှင်တွေ မလုပ်နိုင်လို့ နိုင်ငံခြားသားပိုင် စက်ရုံ တွေကို အားကိုးနေရပါပြီ။ ဒါကို မကြာခဏ ဆန္ဒပြကြလို့ ပိတ်တဲ့ စက်ရုံတွေ ပိတ်နေကြပါပြီ။ အနောက်စည်းရိုးလည်း ပေါက်နေ ပါပြီ။ အတိတ်ကို သင်ခန်းစာယူပြီး ကြိုးစားအားထုတ်မှုတွေ မရှိသရွေ့ ဖြစ်ခဲ့တဲ့ အထိမ်းအမှတ်နေ့တွေက အလကားပါပဲ။ အသက်ပေးခဲ့တဲ့သူတွေလည်း အလဟဿ အသက်ပေးခဲ့တာပဲ။ လူတိုင်း ကိုယ်ရည်သွေး အစွမ်းပြ ငြင်းခုန်ပြီး တစ်ခုခုကို ကြံဖန် အပြစ်တင်တာပဲ လုပ်မယ့်အစား တကယ်ကြိုးစားအားထုတ်ပြီး လုပ်ဖို့ လိုနေပါပြီ။ အခု လောလောဆယ် အပြစ်တင်များတာက အရင်စစ်အစိုးရအဆက်ဆက်နဲ့ ခရိုနီတွေပါ။ သိပ်မကြာခင်မှာ

လက်ရှိ NLD အစိုးရကို အပြစ်တင်ပါလိမ့်မယ်။ သမိုင်းကို သင်ခန်းစာမယူဘဲ ဒီအတိုင်းဆက်သွားမယ့်သူတွေကို တစ်ချိန်က နာမည်ကြီးခဲ့တဲ့ အဆိုတော် ဝေမိုးရဲ့ သီချင်းလို ပြောရမယ်ဆိုရင်

'အာလူး လာမပေးနဲ့ လေတွေ နည်းနည်းလျှော့'

https://www.facebook.com/100008045345485/videos/1447338742210957/

တွေးမိတွေးရာပါ။

(ကြိုးပမ်းအားထုတ်ခဲ့တာတွေကို ပြက်ရယ်တာ မဟုတ်ပါဘူး။ သက်ဆိုင်သူတွေကို အလုပ်ဖြစ်တာလေးတွေ လုပ်ကြဖို့ တိုက်တွန်းချင်တာပါ)

■



# အခက်အခဲကြားက အခွင့်အလမ်းနဲ့ တကယ်ဖြစ်နေတာ

## A. အခက်အခဲ

၁။ မိုးတွင်း ရေကြီးတာက နိုင်ငံအနှံ့ ဟိုနေရာ ဒီနေရာအနှံ့ နှစ်တိုင်း လိုလို ကြီးနေတာပါ။ နှစ်တိုင်း ရေဘေးကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးကို အစိုးရနဲ့ ပြည်သူတွေ အသည်းအသန် ကြိုးစားလုပ်နေကြပါတယ်။ အခုလတ်တလော ရေကြီးလို့ ဆွာတံတား ပင်မတိုင်နှစ်ခု နိမ့်ဆင်းသွားပါတယ်။ ရေဘေးကူနေရုံနဲ့ မပြီးပါဘူး၊ မဖြစ်အောင် ကာကွယ်ဖို့ တစ်ခုခုလုပ်ဖို့ စဉ်းစားဖို့ ကောင်းပါပြီ။

၂။ နွေရာသီမှာတော့ စိုက်ပျိုးမြေတော်တော်များများက ရေမရလို့ စိုက်မရပါဘူး။

၃။ နိုင်ငံတကာက စက်ရုံတွေ လာလုပ်ဖို့ လျှပ်စစ်ဓာတ်အား မလုံလောက်တာနဲ့ လမ်းပန်းဆက်သွယ်ရေး အခက်အခဲ ရှိနေပါတယ်။

၄။ ရေအားလျှပ်စစ်ထုတ်ဖို့၊ ဆည်ဆောက်ဖို့ ပြင်ဆင်တော့ ဒေသခံတွေက ကန့်ကွက်တာ အရင်အစိုးရလက်ထက် ကတည်းကပါ။

၅။ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုရှိနေလို့ ကျောက်စိမ်းနဲ့ ကျောက်မျက်ရတနာ တူးဖော်တာ၊ သတ္တုတူးဖော်တာမျိုး ရပ်ထားလို့ နိုင်ငံဝင်ငွေလျော့၊ လုပ်ငန်းရှင် ဝင်ငွေလျော့တဲ့ အပြင် အလုပ်သမားတွေလည်း အလုပ်လက်မဲ့ ဖြစ်ကြပါ တယ်။

၆။ အနယ်နယ် အရပ်ရပ်မှာ အလုပ်မရှိကြလို့ အိမ်နီးချင်းနိုင်ငံ တွေမှာ လူငယ်တွေ ထွက်ပြီး အလုပ်လုပ်နေရပါတယ်။

ဒါတွေက ၂၀၁၈ ခုနှစ်ကို မြန်မာနိုင်ငံရဲ့ စီးပွားရေး အခြေ အနေကို အဆိုးဆုံးလို့ ပြည်တွင်းလုပ်ငန်းရှင်တွေ ပြောလောက် အောင် ဖြစ်စေတဲ့အခက်အခဲပြဿနာတွေဆိုပါတော့။ အခက်အခဲ ကြီးလေ အခွင့်အလမ်းများလေပါ။ လက်ရှိအခြေအနေက NLD အစိုးရကို အရမ်းထူးခြားတဲ့အခွင့်အလမ်းတွေ ပေးနေတာပါ။ မြန်မာ့သမိုင်းမှာ တစ်ခါမှမဖြစ်ဖူးခဲ့တဲ့ စဉ်ဆက်မပြတ် တိုးတက်မှု ကို ပေးနိုင်မယ့် အခွင့်အလမ်းတွေ ဖြစ်ပေါ်စေပါတယ်။ မြင်တတ် ဖို့တော့လိုပါတယ်။



## B. အခွင့်အလမ်း

### ဘာလုပ်ရင် ကောင်းမလဲ။

၁။ နိုင်ငံအနှံ့ ရေကြီးပြီး ပြည်သူအများ နှစ်စဉ် ရေဘေးဒဏ် ဒုက္ခကို ကာကွယ်ဖို့ ဆည်အကြီးစားတွေကို လိုသလောက် တည်ဆောက်မှာ ဖြစ်ကြောင်း ကြော်ငြာပါ။ ဆည်ဆောက်တာ

၁-၁ သဘာဝပတ်ဝန်းကျင်ထိခိုက်တယ်လို့ ပြောပြီး ဆန့်ကျင်သူတွေကို ရေဘေးဒုက္ခသည်တွေက ပိုများပြီး ရေဘေးဒေသက ပိုကျယ်ပြန့်နေကြောင်း ရှင်းပြလို့ ရပါတယ်။

၁-၂ ဒေသခံတွေ ရွှေ့ပြောင်းပေးရနိုင်တယ်လို့ ပြောရင် လျှပ်စစ်မီး မရှိလို့ တစ်နိုင်ငံလုံးကလူတွေ အိမ်နီးချင်းနိုင်ငံတွေကို ရွှေ့ပြောင်းအလုပ်လုပ်ရကြောင်း ရှင်းပြလို့ရပါတယ်။

၂။ ကျောက်စိမ်းနဲ့ ဓာတ်သတ္တုတူးလို့ လုပ်ငန်းရပ်ဆိုင်းထားတဲ့ မြေတူးစက်၊ မြေသယ်စက် သောင်းဂဏန်းရှိပါတယ်။

အဲဒီပုဂ္ဂလိက လုပ်ငန်းရှင်တွေရဲ့ ယန္တရားတွေနဲ့ ဆည်ဆောက်ဖို့၊ လမ်းဖောက်ဖို့ လုပ်ပိုင်ခွင့်တွေ ဦးစားပေးချထားပေးလိုက်ပါ။ သောင်းဂဏန်းရှိတဲ့ ယန္တရားတွေနဲ့ တစ်နိုင်ငံလုံးမှာ လိုနေတဲ့ လမ်းတံတားအားလုံးနဲ့ ဆည်အလုံး ၂၀ ၃၀ လောက်ကို ငါးနှစ်အတွင်း အပြီးဆောက်နိုင်ပါလိမ့်မယ်။ အစိုးရကိုယ်တိုင်ဆောက်ရင် ဌာနဆိုင်ရာအလွဲသုံးစားတာနဲ့ သေချာစီမံခန့်ခွဲမှုမလုပ်နိုင်တာနဲ့ အလေအလွင့် အတော်ဖြစ်မှာပါ။

၃။ ဆည်ဆောက်ပြီးရတဲ့ ရေနဲ့ ရေအားလျှပ်စစ်ထုတ် ရောင်းချခွင့်ပါ ချထားပြီး စက်ရုံတွေ မီးပေးပါ။ နွေအခါ ရေမရတဲ့ လယ်မြေ ယာမြေတွေကို ရေပေးပြီး နွေစပါး မိုးစပါး စိုက်ပါ။ နိုင်ငံရပ်ခြားရောက်နေတဲ့ လူငယ်တွေကို စိုက်ခင်းတွေ၊ စက်ရုံတွေမှာ အလုပ်ပေးနိုင်ပါလိမ့်မယ်။ လမ်းဖောက်ခွင့်၊ ဆည်ဆောက်ခွင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခွင့်ရတဲ့ ကျောက်စိမ်းသမားတွေလည်း စီးပွားဖြစ်လို့ ကျေနပ်နေမှာပါ။ နိုင်ငံစီးပွားတိုးပြီး အခွန်အခ ရလာရင် ဆည်ဆောက်လို့ ရေလွှမ်းခံရတဲ့ ဒေသခံတွေအတွက် ပြန်လည်တည်ထောင်ရေး လုပ်ပေးပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ပေးပါ။ အခက်အခဲကြုံနေသူတွေအားလုံး အခွင့်အရေးရလို့ အားလုံးကျေနပ်နေမှာပါ။

NLD အစိုးရက အကောင်အထည်ဖော်နိုင်ရင် လက်ရှိကျဆင်းနေတဲ့ စီးပွားရေးကို ငါးနှစ်အတွင်း ပြောင်းပြန်လှန်ပစ်နိုင်ပါလိမ့်မယ်။ အစိုးရက အဲဒါတွေ လုပ်ပိုင်ခွင့် အမြန်ချပေးပြီး လုပ်ငန်းရှင်တွေကို အမြန်လုပ်ခိုင်းရမှာပါ။

## C. တကယ်ဖြစ်လာနိုင်တာ

အမြင်မတော်လို့ ရေးမယ့်သာ ရေးတာ မြန်မာအများစုက ခွင်ရိုက်တာလို့ ယူဆပြီး ရေဘေးကယ်ဖို့ပဲ စဉ်းစားကြမှာပါ။ ရေဘေးကယ်တာ ကုသိုလ်ရတယ်လေ။ မြန်မာတွေက အခု ပြောထားသလောက်ကို အကောင်အထည်ဖော်ဖို့ ခေါင်းဆောင်တွေ စည်းရုံးပြီး အမြော်အမြင်ရှိရင် ပြည်သူတွေ စည်းကမ်းရှိပြီး ပူးပေါင်းဆောင်ရွက်ဖို့ စိတ်ဓာတ်ရှိခဲ့ရင် အခုလို အခြေအနေမျိုး ဖြစ်မှာ မဟုတ်ပါဘူး။ နိုင်ငံတိုးတက်တာ ကြာပြီ။

မြန်မာနိုင်ငံလို ငြိမ်းချမ်းရေးမရဘဲ ပြည်တွင်းစစ် ရေရှည်ဖြစ်တဲ့ ကမ္ဘာပေါ်က နိုင်ငံတွေမှာ

### A. ခေါင်းဆောင်တွေ
### (နိုင်ငံခေါင်းဆောင်၊ တိုင်းရင်းသား ခေါင်းဆောင် ဘာသာရေးခေါင်းဆောင်)က

၁။ နိုင်ငံအတွက် လုပ်ချင်တဲ့ ခေါင်းဆောင်တွေဆို အသေစောကြ ရာထူးအပြုတ်မြန်ကြပါတယ်။

၂။ ဟိုလူ ဒီလူ ဟိုအကြောင်း ဒီအကြောင်းအတွက် ပြောပြီး ကိုယ်ကျိုးရှာတတ်ပါတယ်။ ဟိုဟာလေး ရောင်းစား၊ ဒီဟာလေး ရောင်းစားပြီး လွတ်လပ်ရေးရပြီး နှစ်ပေါင်း အများကြီး ကြာတာတောင် ငြိမ်းချမ်းရေး မရနိုင်အောင် ငြင်းခုန်ကြပါတယ်။

၃။ နိုင်ငံချစ်ပေမဲ့ တကယ် သိပ်မအုပ်ချုပ်တတ်တဲ့သူတွေလည်း အာဏာရလာတတ်ပါတယ်။

## B. ပြည်သူ အချင်းချင်းဆိုရင်

မနာလိုကြ၊ စာနာမှုမရှိကြနဲ့ အစွမ်းပြ ဆရာလုပ်ဖို့ပဲ စဉ်းစားကြတာ၊

## C. အောက်ခြေပိုင်းကျတော့

ညစ်တွန်းတွန်းကြပြန်ရော၊ ရိုးရိုးသားသား ကြိုးကြိုးစားစား လုပ်ဖို့ မရှိဘူး။ အကြံအဖန်လုပ်ရတာ၊ တန်ရာတန်ကြေး ထက် ပိုလိုချင်တာမျိုး ဖြစ်ပြန်ရော။

ဒါမျိုးတွေ မြန်မာပြည်မှာ ဖြစ်နေပြီဆိုတာ ဆန်းစစ်ဖို့ လိုပါတယ်။

မြန်မာပြည်က ရေရှည်တိုက်ပွဲ ဆင်နွှဲနေတာပါ။ ပြီးခဲ့ နှစ်တစ်ရာအတွင်း လေ့လာရင် နယ်ချဲ့ ဗြိတိသျှအစိုးရ၊ ဖက်ဆစ်ဂျပန်၊ အာဏာရှင် စစ်အစိုးရ စသဖြင့် တိုက်ပွဲ ဆင်နွှဲခဲ့ပါတယ်။ လောလောဆယ်တော့ အခြေခံဖွဲ့စည်းပုံ ဥပဒေကို ပြင်ဆင်နိုင်အောင် တိုက်ပွဲဝင်နေပါတယ်။ အခြေခံဖွဲ့စည်းပုံ ဥပဒေပြင်ဆင်နိုင်အောင် ဘယ်နှနှစ်ကြာနိုင်မလဲ။ ပြင်ပြီးရင် တိုက်ပွဲပြီးပြီလို့ ထင်သလား။ မပြီးသေးပါ။ အချင်းချင်း ဆက်တိုက်နေဦးမှာပါ။ ဒီတော့ တိုက်ချင်တိုက်ပါ။ (ရန်ဖြစ်ချင်ဖြစ်ပါ) နိုင်ငံတကာမှာ ဖြစ်ဖူးတာနဲ့ နှိုင်းယှဉ်ပြီး မြန်မာနိုင်ငံ ပြည်တွင်းငြိမ်းချမ်းရေးရမယ့်အချိန် ခန့်မှန်းရရင် မြန်မာနိုင်ငံမှာ ရောင်းစားလို့ရတဲ့သဘာဝသယံဇာတတွေ ကုန်သွားတဲ့အခါ ပြည်တွင်းငြိမ်းချမ်းရေး ရပါလိမ့်မယ်။ အခု တော်တော်တော့ ကုန်နေပါပြီ။ သဘာဝ သယံဇာတပေါကြွယ်ဝတဲ့နိုင်ငံလို့ ပြောလို့ သိပ်မရတော့ပါဘူး။ အခုပေါ်တဲ့ အခွင့်အလမ်းတွေကို အကောင်အထည်ဖော်ဖို့

၁။ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်စရာ မလိုပါဘူး။

၂။ တိုင်းရင်းသား စည်းရုံးရေးကို မထိခိုက်ပါဘူး။

၃။ စစ်တပ်နဲ့ ပြည်ထဲရေးနဲ့ ညှိနှိုင်းစရာလည်း မလိုပါဘူး။ NLD အာဏာရနေတဲ့ အစိုးရက စအကောင်အထည်ဖော်ဖို့ပဲ လိုပါတယ်။ ပြီးရင် လုပ်ငန်းရှင် တိုင်းရင်းသား အားလုံး ဝိုင်းလုပ်ကြမှာပါ။

၄။ အစိုးက ဘတ်ဂျတ် အများကြီးသုံးစရာ မလိုပါဘူး။ ကျောက်စိမ်းသမားတွေ၊ လုပ်ငန်းရှင်တွေအတွက် ခွင်ဖန်ပေးတာလို့ ယူဆပြီး ရေဘေး ကယ်ဆယ်ရေးပဲ လုပ်မယ်ဆိုရင် ကျောက်စိမ်းသမားတွေ၊ လုပ်ငန်းရှင်အကြီးကြီးတွေက မြန်မာပြည်ကြီးအတွက် စိတ်မကောင်းပါဘူးလို့ ပြောပြီး မြန်မာပြည်က ထွက်သွားပါလိမ့်မယ်၊ ဒါမှမဟုတ် ဘေးထွက်ထိုင်နေပါလိမ့်မယ်။

ဒါနဲ့ ကမ္ဘာပေါ်က နိုင်ငံတော်တော်များများမှာ နိုင်ငံတော်တည်ဆောက်ရေးမှာ ဒေသခံ နိုင်ငံသားတွေ မပါဝင်နိုင်တော့ပါဘူး။

နိုင်ငံသား / နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ပြီး ရောက်လာရင် ဒေသခံ မဟုတ်တဲ့ နိုင်ငံသားတွေ၊ နိုင်ငံခြားသားတွေက ကြိုးပမ်းကြပြီး ကြီးပွားသွားတဲ့အခါ ဒေသခံနဲ့ အတိုက်အခံ ထပ်ဖြစ်လာနိုင်ပါတယ်။ ဒါနဲ့ပဲ xxxxxxx

တွေးမိတွေးရာပါ။

■



# သိရင်ပြောကြပါ။

မြန်မာပြည်က ကွန်ဒိုကို နိုင်ငံခြားသားတွေ ဝိုင်းဝယ်လို့ ဒေါ်လာတွေ နိုင်ငံထဲ အလုံးအရင်းနဲ့ ဝင်လာမယ်လို့ ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ယောက်က ပြောဖူးပါတယ်။

မြန်မာတွေဆောက်ပြီး နိုင်ငံခြားသားတွေကြိုက်လို့ အလုအယက် ဝိုင်းဝယ်လောက်တဲ့ကွန်ဒို ဘယ်လိုမျိုးလဲဆိုတာ ဗဟုသုတရချင်လို့ သိရင်ပြောကြပါ။

တကယ်လက်တွေ့ကျပြီး ဖြစ်နိုင်တာတစ်ခုက နိုင်ငံခြားရောက်နေတဲ့ မြန်မာထဲက အသက်ကြီးတဲ့ပင်စင်စားတွေ နိုင်ငံတကာမှာ အရမ်းအထီးကျန်နေကြပါတယ်။ နွားလို အလုပ်လုပ်

ကြပြီးရင် ခွေးလို အိမ်စောင့်ကြရတယ်လို့ ပြောကြပါတယ်။ တကယ်လို့ ပြန်လာခွင့်ရမယ်ဆိုရင် ပြန်လာပြီး မြန်မာပြည်မှာ ခေါင်းချချင်တဲ့သူတွေ မသေခင် တရားရိပ် ဘုရားရိပ်မှာ နေချင်သူတွေ အများကြီးပါ။ အဲဒီလူတွေက အနောက်နိုင်ငံမှာ တစ်လကို ပင်စင် ဒေါ်လာ ၁၀၀၀ ဝန်းကျင်လောက် (ပင်စင် မယူခင် လုပ်ခဲ့တဲ့ အလုပ်ပေါ် မူတည်ပါတယ်) ရပါလိမ့်မယ်။ အဲဒီထဲက တချို့တစ်ဝက်ကို မြန်မာပြည်မှာ ပြန်လာသုံးချင်သူတွေ ပြန်လာနိုင်အောင် ဖန်တီးပေးရင် ဈေးကွက်အကြီးကြီး ရနိုင်ပါတယ်။ အိမ်တန်ဖိုးကို ဒေါ်လာ တစ်သိန်းအောက် ရောင်းနိုင်ဖို့တော့ လိုပါတယ်။ နိုင်ငံခြားမှာ လုပ်ငန်းရှင် မဟုတ်ရင် ပညာရှင် (ဆရာဝန်၊ အင်ဂျင်နီယာ) မဟုတ်ခဲ့ရင် ဒေါ်လာတစ်သိန်း ရအောင် ဘယ်လောက် ခက်ခက်ခဲခဲ စုရသလဲဆိုတာ နိုင်ငံခြားရောက်ဖူးသူတိုင်း သိပါတယ်။ တစ်ကမ္ဘာလုံးမှာ လုပ်ခလစာ အမြင့်ဆုံးဖြစ်တဲ့ အမေရိကန်မှာ အလုပ်လုပ်နေတဲ့ ဆရာဝန်ဖြစ်ခဲ့ရင် ဘဝမှာ ပထမဆုံး ဒေါ်လာတစ်သန်းကို အသက် ၄၅ နှစ်နောက်ပိုင်းမှ စုမိကြတာပါ။ စင်ကာပူလို နိုင်ငံသေးသေးပေါ်က အစည်ကားဆုံး Orchard လမ်းမပေါ်က Condo ဈေးနဲ့ ယှဉ်ပြီး ရန်ကုန်က ကွန်ဒိုဈေး သက်သာသေးတယ်ဆိုပြီး ဒေါ်လာ ၅၀၀၀၀၀ ကျော်အောင် ရောင်းချင်နေတဲ့လူ တွေကတော့ ရူးသွပ်တာပါ။

နိူင်းယှဉ်ဖို့ ပြောရရင် အိမ်နီးချင်း မလေးရှားနိုင်ငံက လုပ်တဲ့ My Second Home program ကိုပြောပြပါမယ်။ အဲဒီအစီအစဉ်က မလေးရှားမှာ နိုင်ငံခြားသားတွေ ပင်စင်ယူပြီး လာနေနိုင်အောင် စီစဉ်ထားတာပါ။ အသက် ၅၀ ကျော်တဲ့သူတွေ လျှောက်ထားနိုင်ပြီး တစ်ဦးလျှောက်ထားရင် မိသားစု အတူလိုက်လို့ ရပါတယ်။ နိုင်ငံတွင်းမှာ ၁၀ နှစ်နေထိုင်ခွင့်ပေးပြီး နိုင်ငံတွင်းကို ဒေါ်လာ တစ်သိန်းယူလာနိုင်သူ သို့မဟုတ် မိမိနိုင်ငံမှာ လစဉ် ပင်စင်ငွေ တစ်လ ဒေါ်လာ ၃၀၀ အနည်းဆုံး ရကြောင်း (သူတို့နိုင်ငံမှာ တစ်လ ဒေါ်လာ ၃၀၀ နဲ့ သုံးလို့လောက်တယ်လို့ ပြောတာပါ) အထောက်အထားရှိသူတွေ လျှောက်ထားနိုင်ပါတယ်။ ဒေါ်လာ တစ်သိန်းကို ဘဏ်ထဲမှာ ပထမ တစ်နှစ်မှာ အသေထားရပြီး တစ်နှစ်ပြည့်ရင် ၉၀ ရာခိုင်နှုန်း ပြန်ထုတ်လို့ ရပါတယ်။ ပြန်ထုတ်လို့ရတဲ့ငွေနဲ့ အိမ်ဝယ်လို့ ရပြီး ပီနန်က ကမ်းခြေမျက်နှာမူတဲ့ beach front အိမ်မျိုးကို ဒေါ်လာ ၅၀၀၀၀ ခန့်နဲ့ ဝယ်လို့ရပါတယ်။ အခု နောက်ဆုံးတော့ ဘယ်လိုစီစဉ်ထားလဲ သေချာမသိပါဘူး။ အရင်ကတော့ အခုပြောတဲ့ အစီအစဉ်မျိုး လုပ်ဖူးပါတယ်။ သေချာတာ မြန်မာပြည်က အဲဒီလို ပြည့်ပြည့်စုံစုံ စီစဉ်ထားတာ မဟုတ်ရင် ဘယ်နိုင်ငံခြားသားမှ လာမှာ မဟုတ်ပါဘူး။ မြန်မာပြည်ရောက်နေတဲ့ နိုင်ငံခြားသား ဝယ်မလားလို့ စဉ်းစားရင် အလုပ်ရှိမနေရင် ဘယ်သူမှ မနေနိုင်ပါဘူး။ အလုပ်ရှိတဲ့လူက အလုပ်နားမှာပဲ နေကြမှာပါ။ ဒါ့အပြင် ကိုယ်ပိုင်လုပ်ငန်းလုပ်တဲ့သူတွေပဲ ဝယ်ဖို့ အဆင်ပြေမှာပါ။ ဝန်ထမ်းက ကုမ္ပဏီက လွှတ်တဲ့နေရာသွားရတဲ့အပြင် လစာအများကြီး မရတဲ့အတွက် မဝယ်နိုင်ပါဘူး။



ကိုယ်ပိုင်လုပ်ငန်းလုပ်တဲ့သူတွေက နိုင်ငံတည်ငြိမ်နေမှဝယ်မှာပါ။ အလုပ်တောင် ပြန်ပြောင်းရွှေ့ရမလား မသိတဲ့ အခြေအနေမှာ ဝယ်မှာမဟုတ်ပါဘူး။

အချုပ်ပြောရရင် အခန်းတန်ဖိုးကို ဒေါ်လာ တစ်သိန်းအောက် ရောင်းနိုင်ရင် အသက်ကြီးပြီး မြန်မာနိုင်ငံပြန်လာပြီး မိသားစု မိတ်ဆွေအပေါင်းအသင်း သူငယ်ချင်းတို့နဲ့အတူနေချင်တဲ့ မြန်မာ နိုင်ငံသားဟောင်း အများကြီးကိုတော့ ရောင်းရနိုင်ပါတယ်။ အဲဒီ လူတွေကတော့ မြန်မာတွေဆောက်တဲ့ တိုက်အရည်အသွေးတော့ လက်ခံနိုင်မှာပါ။

တွေးမိတွေးရာပါ။

(အခုပြောခဲ့တာကို ကြိုမြင်ပြီး ဒေါ်လာ ၅၀၀၀၀ နဲ့ တစ်သိန်းကြား တန် အိမ်တွေကို အများအပြား တည်ဆောက်အကောင်အထည် ဖော်နေတဲ့လူ နှစ်ဦး သုံးဦး ရှိနေပြီး အရမ်းအောင်မြင်နေတယ် ဆိုပါတော့)

■




# မြန်မာပြည်မှာ အခွန်ကောက်တာ နည်းသလား များသလား?

JICA လို အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေက မြန်မာနိုင်ငံရဲ့ GDP နဲ့ အခွန်ကောက်ခံရရှိငွေ အချိုးအစားဟာ ဒေသတွင်းမှာသာမက ကမ္ဘာပေါ်မှာ အနည်းဆုံးဖြစ်နေတယ်။ ဒါကြောင့် အခွန်ပိုကောက်သင့်တယ်လို့ ပြောပါတယ်။

အခု MMRD ကုမ္ပဏီက ဦးစီးပြီး စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ Business Setiment review လုပ်ပြီး လုပ်ငန်းရှင်တွေရဲ့ အခက်အခဲတွေ လေ့လာတဲ့အခါ အခွန်ကောက်တာများတယ်လို့ လုပ်ငန်းရှင်တွေက ပြောပါတယ်။ ဘယ်ဟာ မှန်သလဲ။ အစိုးရက ဘာလုပ်သင့်သလဲ။



My comment:

ဘယ်ဟာ မှန်သလဲ

နှစ်ခုစလုံး မှန်ပါတယ်။ မြန်မာနိုင်ငံမှာ FDI (Foreign Direct Investmet နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကြောင့် GDP (Gross Domestic Product) အမျိုးသား ထုတ်ကုန်မှာ အချိုးအစား ကြီးကြီးမားမား ပါဝင်နေပါတယ်။ ဒါပေမဲ့ အဲဒီလုပ်ငန်းတွေက အခွန်ကင်းလွတ်ခွင့်ကာလ Tax holiday ကာလထဲမှာပဲ ကျရောက် နေတုန်းပါ။ ဒါကြောင့် GDP နဲ့ အခွန်ရငွေအချိုးအစားကို လေ့လာရင် မြန်မာနိုင်ငံရဲ့ အချိုးအစား အရမ်းနိမ့်နေပြီး အခွန်ဆောင်တာနည်းတယ်လို့ နိုင်ငံတကာအဖွဲ့အစည်းတွေက ကောက်ချက်ချပြီး အစိုးရကို အခွန်တိုးကောက်ဖို့ တိုက်တွန်းကြတာပါ။ အဲဒါ အခွန်ကင်းလွတ်ခွင့်ကာလထဲမှာ ရှိမနေတဲ့ ပြည်တွင်းလုပ်ငန်းရှင်တွေကို အခွန်တိုးဆောင်ဖို့ အတင်းဆောင်ဖို့ တိုက်တွန်းမိတာပါ။ အဲဒီတော့ ပြည်တွင်းလုပ်ငန်းရှင်တွေက အခွန်ကျသင့်ငွေ များတယ်။ အခက်အခဲဖြစ်တယ်လို့ ပြောကြတာပါ။ ( နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု FDI ကြောင့် တက်တဲ့ GDP တင်တဲ့အတွက် ဘာမှမဆိုင်တဲ့ ပြည်တွင်းလုပ်ငန်းရှင်တွေမှာ အခွန်တိုးကောက်မိတာပါ )

**အစိုးရက ဘာလုပ်သင့်သလဲ။**

၁။ အခွန်နည်းတာ များတာထက် လူတိုင်း လုပ်ငန်းတိုင်းကို သတ်မှတ်ထားတဲ့ စည်းကမ်းအတိုင်း ညီညီမျှမျှ ကောက်သင့်တယ် ထင်ပါတယ်။ အဲလို လုပ်ဖို့ဆိုရင်

၂။ Informal business sector က လုပ်ငန်းရှင်တွေကိုလည်း Formal business ထဲ ရောက်လာအောင် အခွန်ကင်းလွတ်ခွင့် အချိန်အတိုင်းအတာတစ်ခုတော့ ပေးသင့်ပါတယ်။

(မှတ်ချက် အခွန်ကင်းလွတ်ခွင့်ပေးတာမျိုးက ဆောက်လုပ်ရေးလုပ်ငန်းရှင် မျှော်လင့်ထားသလို သူတို့ရဲ့ တန်ဖိုးမြင့်အိမ်ရာတွေ ရောင်းထွက်နိုင်မယ့်နည်းလမ်းတော့ မဟုတ်နိုင်ပါဘူး။ တန်ဖိုးမြင့်အိမ်ရာတွေ ရောင်းမထွက်တဲ့ အဓိကအကြောင်းရင်းက လူတွေ မဝယ်နိုင်လောက်အောင် တန်ဖိုးမြင့်နေလို့ပါ။ အခုအချိန်မှာ အချက် ၂ အရ အခွန်ကင်းလွတ်ခွင့်ပေးဖို့အကြောင်း တိုက်ဆိုင်လာတော့ ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေကို၊ 'ဒီတစ်ခါတော့ ပေးလိုက်မယ်။ နောက်တစ်ခါ ကိုယ့်လောဘနဲ့ ကိုယ်လုပ်တာ ကိုယ့်ဘာသာ ကိုယ်ခံရမယ်' ဆိုပြီး ခံဝန်ထိုးခိုင်းသင့်ပါတယ်။

တွေးမိတွေးရာပါ။

■



## ငွေကျပ်နေကြပါတယ်။
## ကူမိသူ အမှားဖြစ်သွားနိုင်ပါတယ်။

သက်သေအထောက်အထား မရှိဘဲ ပိုက်ဆံချေးပြီး ပြန်မပေးလို့ အကြိမ်ကြိမ် ညှိနှိုင်းပြီး နှစ်နှစ်အကြာမှာ ဘယ်လိုပြန်ဆပ်မယ်ဆိုတဲ့အကြောင်း လက်မှတ်ထိုးခိုင်းခွင့်ရပြီး အပြီးပြန်ပေးမယ်လို့ ကတိခံထားတဲ့ ၃ နှစ်ပြည့်ခါနီး နှစ်ပတ်အကြာမှာ ထပ်ပျက်ကွက်မှာစိုးလို့ သတင်းစာထဲထည့်ပြီး ကြော်ငြာမိတာ မလုပ်သင့်တာ လုပ်တဲ့အတွက် တရားစွဲမယ်ဆိုတော့။

(ဒီနေ့ သတင်းစာထဲမှာ ငွေထုတ်ပေးတဲ့သူကို တရားစွဲဖို့ ကြော်ငြာထားတာ တွေ့လိုက်လို့ပါ။ မိတ်ဆွေထဲက သိန်းရာဂဏန်းတစ်ယောက်၊ သိန်းသောင်းဂဏန်းတစ်ယောက် ဖြစ်နေပါတယ်။ ကိုယ်တိုင်လည်း ....။ သိန်းသောင်းဂဏန်းသမားကတော့ ရုံးတက်နေရပါပြီ)

အင်း... သတိထားကြပါ။ လူကို ခင်ပြီး အဲဒီလူကို ယုံလို့ရပါတယ်။ အဲဒီလူရဲ့ ကံကြမ္မာကိုတော့ သူ့ကိုယ်စား ယုံပေးလို့ မရပါ။ အဲလိုဖြစ်တာ မကောင်းပါဘူး။ တကယ်အကူအညီ ရသင့်တဲ့သူတွေ အကူအညီ မရတော့ပါဘူး။ ဘယ်သူမှ အရဲစွန့်ပြီး မကူညီချင်တော့ပါဘူး။

ဒီနေရာမှာ ကြုံလို့ မြန်မာနိုင်ငံရဲ့ တရားဥပဒေရဲ့ ချို့ယွင်းချက်ကို ပြောပြပါမယ်။

၁။ ဘာအမှုပဲဖြစ်ဖြစ် ပြစ်ဒဏ်ကို ဥပဒေက သတ်မှတ်ထားတဲ့အတိုင်းပဲ ချပါတယ်။ တစ်ဖက်လူခံစားရတဲ့ အကျိုးဆက်ကို ထည့်သွင်းစဉ်းစားမပေးပါဘူး။ ဒါ့အပြင်

၂။ ပြစ်ဒဏ်တွေဟာ နှစ်ပေါင်းများစွာက ပြဋ္ဌာန်းထားတဲ့ ပြစ်ဒဏ်တွေဖြစ်နေတာကြောင့် ခေတ်နဲ့ မညီလျော်တာမျိုး ဖြစ်နေပါတယ်။ ဒါ့အပြင်

၃။ တရားစီရင်ရေးဟာ အရမ်းအချိန်ကြာပါတယ်။ အဲဒါ ပြစ်မှု အကျူးလွန်ခံရသူကိုပါ ပြစ်ဒဏ်ပေးနေသလို ဖြစ်နေပါတယ်။

ဒီအချက် တစ်ချက်ချင်းစီက ရုတ်တရက် ကြည့်ရင် မှန်ကန်ပုံ ရပေမဲ့ သုံးချက်ဆုံသွားတဲ့အခါ အလွဲသုံးစားလုပ်ဖို့ ဖြစ်သွားပြီး မြန်မာနိုင်ငံမှာ အကြိမ်ကြိမ်ဖြစ်ဖူးပါတယ်။ အဲဒီလို ဖြစ်နေတာ တွေက တရားစီရင်ရေးမှာ အဂတိလိုက်စားတာမျိုးကို ဖြစ်စေ ပြီး တခြားအလားတူ အမှုများဖြစ်ဖို့ ဦးတည်စေနိုင်ပါတယ်။ (အလွဲသုံးစားလုပ်လို့ရတဲ့ ပုံစံတွေကို အရမ်းပြောပြချင်နေပေမဲ့ လိမ်မယ့်သူတွေကို နည်းပေးလမ်းပြဖြစ်မှာစိုးလို့ မရေးပြတော့ပါ။ တကယ်ဖြစ်သွားတာတွေကို နမူနာပေးလို့ ရပါတယ်)

တွေးမိတွေးရာပါ။

■



# ရန်ဖြစ်နေတဲ့ နိုင်ငံ

ဗြိတိသျှ ဝန်ကြီးချုပ် ဝတ်စ်စတန်ချာချီက 'မြန်မာတွေကို လွတ်လပ်ရေး ပေးလိုက်ပါ။ ပြီးရင် မြန်မာတွေ အချင်းချင်း နှစ်ငါးဆယ်လောက် ငြင်းခုန် ရန်ဖြစ်ပါလိမ့်မယ်' လို့ပြောဖူးပါတယ်။ အဲဒါ မြန်မာတွေကို ရန်ဖြစ်နေစေတဲ့ ပုံစံချ ဒုက္ခပေးပြီး လွတ်လပ်ရေး ပေးလိုက်တာ ဖြစ်နိုင်သလို မြန်မာတွေ ကြံဖန် ရန်ဖြစ်တတ်တဲ့စရိုက်ကို သတိထားမိလို့ ပြောတာလည်း ဖြစ်နိုင်ပါတယ်။

တိုက်ခိုက်ရန်ဖြစ်တာဟာ ဆင်းရဲမွဲတေမှု၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု၊ ရောဂါဘယ စတာတွေကို တိုက်ခိုက်ရန်ဖြစ်တာမျိုးပဲ ဖြစ်သင့်တာပါ။ တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်ရန်ဖြစ် တာမျိုး မဖြစ်သင့်ပါဘူး။ တိုက်ခိုက်ရန်ဖြစ်တာမျိုးက တစ်ဦး တစ်ယောက် တစ်ဖက်ဖက်က အနိုင်အရှုံးတစ်ခုခု ဖြစ်ပေါ်တယ် ဆိုပေမဲ့ နှစ်ဖက်စလုံး နစ်နာတာ များပါတယ်။ မိသားစုတစ်စု၊ လူတစ်စုအကြားမှာ တိုက်ခိုက်ရန်ဖြစ်နေရင် အကောင်းဆုံးက ခွဲနေလိုက်ရင် အကောင်းဆုံးပါ။ ဒါပေမဲ့ နိုင်ငံတစ်ခုအတွင်း လူမျိုးစု အကြားဖြစ်ခဲ့ရင် ခွဲဖို့ဆိုတာ ထင်သလို မလွယ်ပါဘူး။ ကွဲသွားတဲ့နိုင်ငံတွေလည်း ရှိပါတယ်။ ဥပမာ ဆိုဗီယက်နိုင်ငံ ဆိုပါတယ်။ ကွဲသွားပြီးနောက် ပြည်နယ်တစ်ခုစီ မရပ်တည်နိုင် မှန်း သိသွားပြီး EU မှာ ပြန်ပေါင်းလိုက်ကြတဲ့ ပြည်နယ်တွေ မနည်းပါဘူး။ နိုင်ငံတွေမှာ အနိုင်အရှုံး မပေါ်ဘဲ နှစ်ပေါင်းများစွာ ကြာ သွားအောင် ရန်ဖြစ်တိုက်ခိုက်နေရင်တော့ 'လုပ်စားတာ' ဖြစ်နေတတ်ပါတယ်။

အဲဒီလို လုပ်စားတာမျိုးဖြစ်ခဲ့ရင်တော့ အဖြေ ဘယ်လိုရှာရှာ မတွေ့တတ်တာကြောင့် လုံးပါးပါးပြီး နိုင်ငံနဲ့ လူမျိုးကွယ်ပျောက် သွားနိုင်ပါတယ်။

တွေးမိတွေးရာပါ။

■



# အလုပ်သမား ပြဿနာ ဘယ်လို ရှင်းမလဲ

နိုင်ငံစီးပွားတိုးတက်အောင် စက်ရုံအလုပ်ရုံတွေ အများကြီးရှိဖို့ လိုနေပါတယ်။ ဒါပေမဲ့ အလုပ်သမားပြဿနာ ရှိနေတယ်လို့ ပြောကြပါတယ်။ ကျွမ်းကျင်မှုမရှိတာ၊ အလုပ်ကို ရေသာခို အချောင်လိုက်တာ၊ ခိုးတာ၊ အချိန်မလေးစားတာ၊ ကြံဖန် အချိန်ဆွဲတာ၊ မကြာခဏဆန္ဒပြတာ၊ ခိုက်ရန်ဖြစ်ပွားတာ စသည် စသည်တို့ပါ။ ပိုဆိုးလာတာက အလုပ်သမား သမဂ္ဂအမည်ခံတွေ အဖွဲ့အစည်းတွေက အကြံအဖန်လုပ်ပြီး သပိတ်တို့၊ ဆန္ဒပြပွဲတို့ ဖန်တီးတယ်လို့ သတင်းတွေ ကျယ်ကျယ်ပြန့်ပြန့်ထွက်နေတာပါ။

နိုင်ငံခြားသားပိုင် စက်ရုံ အလုပ်ရုံတွေကတော့ သတင်းစာရှင်းလင်းပွဲလုပ်ပြီး ပြဋ္ဌာန်းထားတဲ့ ဥပဒေအတိုင်း အရေးယူ ဆောင်ရွက်ဖို့ တောင်းဆိုထားတာရှိပါတယ်။ တကယ်လို့ အရေးယူဆောင်ရွက်ပေးတာ မရှိရင် ၂၀၂၀ မှာ မြန်မာပြည်မှာ ရင်းနှီးမြှုပ်နှံတာတွေ ရုတ်သိမ်းမယ်လို့ ကြေညာထားပါတယ်။

အစိုးရက အလုပ်သမားဘက် ရပ်လွန်းတယ်လို့ အလုပ်ရှင်တွေက ပြောကြသလို အလုပ်ရှင်တွေဘက် ရပ်လွန်းတယ်လို့ အလုပ်သမားတွေကလည်း အပြစ်တင်ကြပါတယ်။ အစိုးရက ဘယ်ဘက်မှ လိုက်လို့မရပါဘူး။ ဘယ်ဘက်ပါပါ အပြစ်တင်ခံရမှာပါ။ ဘယ်ဘက်မှ မလိုက်ဘဲ နိုင်ငံဖွံ့ဖြိုးဖို့ တစ်ခုတည်းကြည့်တာ အကောင်းဆုံးပါ။

**ဘာလုပ်ရင် ကောင်းမလဲ။**

အလုပ်သမားနဲ့ အလုပ်ရှင်က ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီပါ။ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် အမှီသဟဲပြုနေပြီး လက်ရှိအခြေအနေမှာ နှစ်ဦးနှစ်ဖက်လုံး ရပ်တည်ဖို့ အခက်အခဲအသီးသီးရှိနေတော့ ဥပဒေက တစ်ဖက်ဖက်ကို ယိမ်းတာနဲ့ တခြားတစ်ခုက မရပ်တည်နိုင်တော့ပါဘူး။ ဘယ်သူ လွန်တယ်၊ မလွန်ဘူး ထပ်ဝေဖန်ရင် အငြင်းပွားစရာ ဖြစ်လာနိုင်တာကြောင့် အလုပ်မဖြစ်ပါဘူး။ လုပ်သင့်တာလေး ပြောကြည့်တာပေါ့။

၁။ စီးပွားရေးလုပ်ငန်းတွေကို နိုင်ငံတကာကို ဖွင့်ပေးသလို အလုပ်သမားဈေးကွက်ကို နိုင်ငံတကာကို ဖွင့်ပေးသင့်ပါတယ်။ ကျွမ်းကျင်မှုလိုတဲ့စီမံခန့်ခွဲမှုအဆင့် ပညာရှင်ဆရာဝန် အင်ဂျင်နီယာကနေ အောက်ခြေ အိမ်ဖော်၊ တံခါးစောင့်၊ ကားမောင်းသမားကအစပါ။ (လုပ်မယ့်အလုပ်အတွက် ကျွမ်းကျင်မှု အထောက်အထားနဲ့ ပညာအရည်အချင်းတော့ ကန့်သတ်ထားပေါ့) ရမဲ့ လုပ်ခအတွက် ထိုက်တန်တဲ့ လုပ်အားပေးနိုင်မယ့်သူ မည်သူမဆို လူမျိုးမရွေး၊ ဘာသာမရွေး ခွဲခြားမှုမပြုဘဲ လုပ်ခွင့် လွတ်လပ်စွာ ပေးသင့်ပါတယ်။ ဒါဆို စွမ်းဆောင်ရည် အကောင်းဆုံးရှိတဲ့ လူတွေရပြီး စွမ်းဆောင်ရည် မကောင်းဘဲ ပြဿနာရှာမယ့်သူတွေကို ရှင်းလင်းပြီးသွားလို့ နိုင်ငံစီးပွားရေးဟာ တခြား အိမ်နီးချင်းနိုင်ငံတွေကို ယှဉ်ပြိုင်လာနိုင်မှာပါ။

၂။ အကောင်းဆုံး အလုပ်သမားကို နိုင်ငံတကာက ခေါ်လို့ရရင် လုပ်ငန်းရှင်တွေက မြန်မာအလုပ်သမားကြောင့်ဆိုပြီး ကုန်ကျစရိတ် ကြီးဖန် အပြစ်တင်လို့ မရတော့သလို လုပ်ခ လစာကိုလည်း မြန်မာပြည်တွင်းထဲ ရောက်လာတဲ့ အဲဒီနိုင်ငံတကာ အလုပ်သမားတွေနဲ့ ယှဉ်ပြိုင်ပေးဖို့ ငြင်းဆန် မရတော့ပါဘူး။ မြန်မာအလုပ်သမားတွေကလည်း အပြစ်တင်ခံကြရသလို ခိုလို့မရ၊ ခိုးလို့ မရဖြစ်ပြီး စွမ်းဆောင်ရည် တက်လာဖို့ ရှိပါတယ်။ တကယ်တော့ တကယ်အလုပ်လုပ်ချင်ပြီး စွမ်းဆောင်နိုင်တဲ့ မြန်မာတွေ အများကြီးရှိပါတယ်။ နိုင်ငံတကာရောက်နေပြီး နိုင်ငံတကာက လူတွေနဲ့ ယှဉ်အလုပ်လုပ်နေတာပါ။ မြန်မာပြည်ထဲမှာတော့ အစိုးရအဆက်ဆက်က သေချာ မကြပ်မတ်

နိုင်တော့ ကြီးဖန် ပြဿနာရှာကြတဲ့ ဝေလေလေ အများစု လွှမ်းမိုးကျန်နေတာပါ။ ယှဉ်ပြိုင်လုပ်ရရင်တော့ မြန်မာ အလုပ်သမားတွေ စွမ်းဆောင်ရည် တက်လာဖို့ ရှိပါတယ်။

၃။ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားကို ကာကွယ်သင့်ပေမဲ့ နိုင်ငံ သားတွေက နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ် အောင် တစ်နည်းတစ်ဖုံဖြစ်စေနေရင် လက်သင့်ခံလို့ မရပါ ဘူး။ လွန်ခဲ့တဲ့ နှစ်တစ်ရာကျော်က ပေါ်များတဲ့ သဘာဝ သယံဇာတက ကနေ့အချိန်လူဦးရေအတွက် မလုံလောက် တော့ပါဘူး။ တခြားနိုင်ငံတွေကို မှီခိုရလွန်းလို့ နိုင်ငံပြိုကွဲ သွားနိုင်ပါတယ်။ နိုင်ငံရဲ့ ကောင်းကျိုးကို လုပ်နိုင်တဲ့လူ ဘယ်သူမဆိုနဲ့ နိုင်ငံသစ် တည်ထောင်ဖို့ လိုနေပါတယ်။

**ဘာတွေ ဖြစ်လာနိုင်လဲ။**

၁။ အခု တရားမဝင် အလုပ်လုပ်နေတဲ့ နိုင်ငံခြားသား အလုပ် သမားတွေဆီက တရားဝင် ဝင်ငွေခွန်ကောက်လို့ ရသွားပါ လိမ့်မယ်။ အခု နိုင်ငံခြားသားအလုပ်သမားက သိန်းဂဏန်းရှိ နေတော့ GDP နဲ့ အခွန်ရငွေ အချိုးအစားတက်စေပါလိမ့်မယ်။

၂။ တရားဝင် ဖြစ်သွားရင် အဲဒီလူတွေရဲ့ အရည်အသွေး၊ အရေ အတွက်၊ စည်းမျဉ်းစည်းကမ်းတွေကို ကြီးကြပ်သွားလို့ ရပါပြီ။

၃။ လက်ရှိဝင်ငွေ ပိုကောင်းတဲ့ အလုပ်တွေအတွက် ပြိုင်ဆိုင်မှု ပိုများလာပြီး အရည်အသွေးပိုကောင်းလာမှာပါ။ ဥပမာ YBS က ကားမောင်းတဲ့ အလုပ်မျိုး၊ ဆောက်လုပ်ရေး လုပ်ငန်း ခွင်က အုတ်စီတဲ့အလုပ်မျိုးတွေကအစပေါ့။

၄။ အိမ်နီးချင်းက လူမျိုးမတူ ဘာသာကွဲတွေ ပိုဝင်ရောက်လာနိုင်တဲ့အတွက် မတူတဲ့သူတွေနဲ့ အတူနေနိုင်အောင် မူဝါဒတွေ ချမှတ်ဖို့ လိုလာပါတယ်။ လက်ရှိပြည်တွင်းမှာ ရှိနေတဲ့ သွေးနှောလို့ သတ်မှတ်ထားသူတွေကို ဆက်ဆံသလို နောက်ထပ်ရောက်လာမယ့်သူတွေကို ဆက်ဆံမယ်ဆိုရင် နောက်ထပ် သွေးသစ်တွေ ထပ်ရောက်လာဖို့ မရှိပါဘူး။

၅။ စက်ရုံ အလုပ်ရုံတွေကို ရန်ကုန် ပတ်ဝန်းကျင်တစ်ဝိုက်တင် တည်ထောင်တာ လူဦးရေ အရမ်းအတိုးမြန်စေတဲ့အတွက် သဘာဝမကျပါဘူး။ ရန်ကုန်မှာ သုံးလေးနှစ်ကို လူ တစ်သန်းလောက် တိုးနေတာကို လိုက်မီတဲ့ အခြေခံ အဆောက်အဦတွေကို တည်ဆောက်ဖို့ မြန်မာအစိုးရတင် မကပါဘူး။ နိုင်ငံတကာက အစိုးရတော်တော်များများ မလုပ်နိုင်ကြပါဘူး။ နယ်တွေမှာ စက်ရုံတည်ဖို့တော့ လုပ်ငန်းရှင်တွေအတွက် စရိတ်ပိုသွားမှာမို့ အနိမ့်ဆုံးလုပ်ခကို တစ်နိုင်ငံလုံး တစ်ညီတည်း သတ်မှတ်လို့ကတော့ ဖွံ့ဖြိုးမှုနည်းတဲ့ဒေသတွေကို အလုပ်တွေ ရောက်သွားမှာ မဟုတ်ပါဘူး။ ဒါ့အပြင် ထိုင်းနယ်စပ်ပတ်ဝန်းကျင် မြို့တွေလို နယ်စပ်မြို့တွေမှာ မြန်မာရဲ့ အနိမ့်ဆုံး လုပ်ခပေးပြီး လူခေါ်လို့ မရနိုင်ပါဘူး။ ထိုင်းဘက်ကူးပြီး အလုပ်လုပ်ကြမှာမို့ မြန်မာဘက်က မြဝတီလိုမြို့လေးမှာ မဲဆောက်က စက်ရုံတွေလိုမျိုး ဘယ်တော့မှ ဖြစ်မလာနိုင်ပါဘူး။ လက်တွေ့ကျတဲ့ အနိမ့်ဆုံးလုပ်ခသတ်မှတ်ချက်က ဒေသနဲ့ ဈေးကွက်ပေါ် မူတည်သတ်မှတ်ခြင်းပါ။

## အထူးသတိပြုရန်

ဘယ်လိုစည်းမျဉ်းစည်းကမ်း ပြဋ္ဌာန်း ပြဋ္ဌာန်း ဘယ်လို ဖြေရှင်း ဖြေရှင်း တရားဥပဒေစိုးမိုးဖို့ လိုပါတယ်။ အခု ဖြစ်နေတဲ့ ပြဿနာတွေကလည်း တရားဥပဒေကို သေချာစိုးမိုးအောင် မလုပ်နိုင်လို့ပါ။ တကယ်တော့ စက်ရုံလုပ်ငန်းအသစ် စဖြစ်လာတဲ့အချိန်မှာ သေချာကိုင်တွယ်သင့်ပေမဲ့ အစိုးရရဲ့ အခြေခံလူတန်းစားအပေါ် သနားကြင်နာ ကိုယ်ချင်းစာစိတ်လွန်ကဲနေတာ သတိထားမိသွားတဲ့ 'လုပ်စား'တွေ ပေါ်လာပါတယ်။ အခုပြောခဲ့သလို နိုင်ငံခြားသား အလုပ်သမားခေါ်ဖို့ စီစဉ်တာ ထုတ်လုပ်မှုစွမ်းရည် သေချာပေါက် တိုးတက်လာစေမှာ ဖြစ်ပေမဲ့ တရားဥပဒေ မစိုးမိုးခဲ့ရင်. . . ရင်လေးစရာ ပြဿနာအသစ်တွေဆီ ထပ်ဦးတည်သွားမှာပါ။

တွေးမိတွေးရာပါ။

■

## လူရာဝင်ဖို့

လူတွေက တခြားလူတွေရဲ့ အသိအမှတ်ပြုတာ ခံချင်ကြပါတယ်။ လူရာဝင်ချင်ပါတယ်။ လူရာဝင်ဖို့က ပညာတတ်တာတို့ ချမ်းသာတာတို့ တစ်ခုခုမှာ ထူးချွန်တာတို့ထက် ကိုယ်ကျိုးစွန့်ပြီး လူတွေရဲ့ ကောင်းကျိုးကို ဘယ်လောက်လုပ်ပေးနိုင်လဲဆိုတာပေါ် မူတည်ပါတယ်။



လူမှုပတ်ဝန်းကျင်က 'သူဌေးကြီး' 'ဆရာကြီး' စသဖြင့် အမည်တပ်ခေါ် အရေးပေးတာဟာ တကယ် 'သူဌေးကြီး' 'ဆရာကြီး' ဟုတ်ချင်မှ ဟုတ်မှာပါ။ လူဘောင်အဖွဲ့အစည်း အတွက် ကောင်းကျိုးတစ်ခုခု လုပ်ပေးလို့ အရိုအသေပြု ဂုဏ်ပြု ခေါ်တာမျိုးလည်း ဖြစ်တတ်ပါတယ်။ ဒါကို ကိုယ့်ဘာသာကိုယ် တကယ်သူဌေးကြီး ဆရာကြီးလို့ ယူဆသူတွေက နားမလည် ကြပါဘူး။ သူတို့သာ 'သူဌေးကြီး' 'ဆရာကြီး' အခေါ်ခံရသင့်တယ် လို့ ယူဆပြီး 'သူဌေးကြီး' 'ဆရာကြီး' အခေါ်ခံရသူ၊ လူရာဝင် သူတွေကို မနာလို တိုက်ခိုက်တတ်ပါတယ်။

တကယ်ဆို 'သူဌေးကြီး' 'ဆရာကြီး' ဖြစ်နေပြီး လူရာဝင်သူ ဖြစ်သင့်ပြီး လူရာမဝင်သူတွေ လူတွေရဲ့ အသိအမှတ် အပြုမခံ ရသူတွေဟာ လောဘ မောဟကြီးသူတွေ မနာလိုတတ်သူတွေ ဖြစ်နေတတ်ပါတယ်။

တွေးမိတွေးရာပါ။

■



## ကားများတဲ့ အဝိုင်းတွေမှာ မီးပွိုင့်တပ်မထားတတ်တာ တစ်ကမ္ဘာလုံးပါ။

ဒါဟာ ယာဉ်ကြော ပိုပိတ်စေနိုင်လို့ပါ။

၁။ ယာဉ်ကြော အမြီးရှည်တော့ အဲဒီအမြီးက တခြားတစ်ဖက်က ယာဉ်ကြောက ကားကို ပိတ်စေပြီး ကားပိတ်တာ ပိုဖြစ်စေဖို့ လိုပါတယ်။

၂။ အဝိုင်းထဲက သွားလို့ရတဲ့ ယာဉ်ကြောက သွားလို့ရပေမဲ့ မီးနီမိနေတာနဲ့ ကြုံရင် အဲဒီယာဉ်ကြောက လမ်းပိတ်တာကို ဖြစ်စေပါတယ်။

၃။ တာဝန်ရှိသူတွေက ပိုပိတ်လာနိုင်တယ်ဆိုတာ မခန့်မှန်းနိုင်ဘဲ အခုလို အမိန့်ထုတ်တာပါ။ စမ်းကြည့်တာဆိုတော့ အပြစ်သိပ်ပြောလို့ မရပါဘူး။

## ဘာလုပ်ရင် ကောင်းမလဲ။

အကောင်းဆုံးက အဝိုင်းနေရာတွေမှာ နိုင်ငံတကာမှာတော့ မိုးပျံအဝိုင်းမျိုးလုပ်ပြီး Uninterupted route လုပ်ပေးဖို့ပါ။ အခုရန်ကုန်အခြေအနေမှာ (ပိုက်ဆံမရှိလို့ပါ) ပိုက်ဆံရှိလို့ လုပ်မယ်ဆိုရင်တောင် ဘန်ကောက်လို ကားချောင်သွားတဲ့ အဆင့်ထိဆို နှစ်ဆယ်ဂဏန်းလောက် ကြာသွားနိုင်ပါတယ်)

လုပ်ဖို့ ခက်နေတော့ ယာဉ်မောင်းတွေကို ကိုယ်ဆက်သွားလို့ ကားပိတ်မယ့် ပုံစံဖြစ်နေရင် ဆက်မသွားဘဲ တကယ် သွားလို့ရတဲ့ လမ်းကြောင်းရှိတဲ့ကားကို ဦးစားပေးပြီး အရင်သွားဖို့ ပညာပေးဖို့ပါ။

ဒါလည်း အတော်ခက်ပါတယ်။ ကားသမားတိုင်းက အတ္တကြီးနေတော့ နားလည်အောင် ပညာပေးဖို့ အချိန်ယူပြီး သတိထားမိသလောက်တော့ အပြန်အလှန် လမ်းပေးပြီး သွားဖို့ဆို အဆင်ပြေဖို့ ခက်ပါတယ်။ မန္တလေးက ကားသမားတွေက ရန်ကုန်ကားသမားတွေထက် ပိုလုပ်တတ်ပါတယ်။


အခုရန်ကုန်က ကားလမ်းအခြေအနေမျိုးတွေ ဂျပန်နိုင်ငံ နယ်စပ်တွေမှာ တွေ့ဖူးပေမဲ့ ဂျပန်ပန်ကားသမားတွေက အပြန် အလှန်ဦးစားပေးကြတဲ့အတွက် ရန်ကုန်မှာလို ကားပိတ်ဆို့တာ မျိုး မဖြစ်တတ်ပါဘူး။

တတ်နိုင်တဲ့လူတွေက လုပ်ငန်းတွေ လုပ်နေတဲ့နေရာတွေကို ကားချောင်တဲ့နေရာ ရွှေ့နေနိုင်ရင် ကားပိတ်တဲ့ ဒဏ်ကို ရှောင် လို့ ရပါတယ်။ (ကိုယ်တွေ့ပါ။)

တကယ်လို့ မီးပွိုင့်ကို မဖြစ်မနေတပ်ချင်ရင် သတ်မှတ်ချိန် နဲ့ အလိုအလျောက် နီစိမ်းဝါ မလုပ်ဘဲ Sensor နဲ့ ကားလွှတ် ပေး ရပ်ခိုင်းတာမျိုး ဒါမှမဟုတ် Control center ကနေ နီသင့် တဲ့ဘက် နီ၊ စိမ်းသင့်တဲ့ စိမ်း ပြသင့်ပါတယ်။

တွေးမိတွေးရာပါ။

■



# ရွှေကျင်မြို့က
# ဘုရားကြီး စေတီရဲ့ပုံရိပ်

ပဲခူးတိုင်းက ရွှေကျင်မြို့က ဘုရားကြီး စေတီရင်ပြင်ပေါ်က အခန်းငယ်တစ်ခုရဲ့ နံရံအပေါက်လေးက ဖြတ်ဝင်လာတဲ့ အလင်းတန်းကြောင့် စေတီရဲ့ပုံရိပ်ကို ( ဒုတိယပုံမှာ ပြထားတဲ့အတိုင်း) ကြမ်းပေါ်မှာ အတိအကျပေါ်နေတာ ဘာကြောင့်လဲ...

**အဖြေ–**

အလင်းတန်းတစ်ခုက အပေါက်ငယ် Pin hole တခုကို ဖြတ်သွားတဲ့အခါ ဇောက်ထိုးပုံရိပ်ဖြစ်ပေါ်စေတာကို ၁၆ ရာစုကတည်း လီယိုနာဒို ဒါဗင်ချီကစတွေ့ပြီး Camera obscura ကို ဖော်ထုတ်အသုံးချခဲ့ပါတယ်။ ဒါဟာ လက်ရှိ ကင်မရာတွေရဲ့ အစပါ။

ရွှေကျင် မြို့ပေါ်က ဘုရားကြီးစေတီရဲ့ပုံရိပ် ကြမ်းပြင်ပေါ်ပေါ်တာက Pin hole camera ရဲ့ သဘောတရားအတိုင်း အတိအကျဖြစ်နေတာပါ။ ရင်ပြင်ပေါ်က အခန်းကျဉ်းလေးက အခု ဗီဒီယိုထဲကလို အလင်းပိတ် သေတ္တာအလုံလေးပေါ့။ စေတီက ဗီဒီယိုထဲက သစ်ပင်ပါ။ အခန်းကျဉ်းထဲက စေတီရဲ့ ပုံရိပ်က သစ်ပင်ရဲ့ ဇောက်ထိုးပုံရိပ်ပါ။ စေတီရဲ့ ပုံရိပ်လက်ခံတဲ့ ပျဉ်ပြားက နည်းနည်းစောင်းထားတဲ့ ပျဉ်ပြားပုံပေါ်တော့ စောင်းပြီး ထွက်လာပါတယ်။ တကယ်လို့ ဗီဒီယိုထဲက ပုံရိပ်လက်ခံတဲ့ နေရာက ထောင်လျက်မဟုတ်ဘဲ အောက်ကို လှဲထားရင် စေတီပုံပေါ်သလို ပေါ်မှာပါ။ နေ့ဘက်အချိန် နေထိုးလို့ စေတီပေါ် အလင်းရောင်ကျတိုင်း အခန်းကျဉ်းထဲမှာ ပုံရိပ်ပေါ်ပါတယ်။ အခု ဗီဒီယိုမှာ အပေါက်ငယ် Pin hole ကနေ ပုံရိပ် ဘယ်လို ဖြစ်လာလဲဆိုတာ လေ့လာရအောင် တင်ပေးလိုက်ပါတယ်။ ဒါ တကယ် လုပ်ပြလို့လည်း ရပါတယ်။

တွေးမိတွေးရာပါ။

https://www.facebook.com/tin.sein.338/videos/570184450053745/

■



## ကောင်းတော့ကောင်းတယ်။ ဒါပေမဲ့ . . .

ဇေကမ္ဘာကုမ္ပဏီအုပ်စုက BOT (တည်ဆောက်၊ လည်ပတ်၊ လွှဲပြောင်း) စနစ်ဖြင့် လုပ်ကိုင်ခွင့်ရထားသည့် မြို့နယ်ငါးခုရှိ လမ်းများတွင် လမ်းအသုံးပြုခ ကောက်ခံခြင်းများကို ၂၀၁၈ အောက်တိုဘာ ၃၁ ရက် ည ၁၂ နာရီတွင် စတင်ရပ်ဆိုင်းရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက ညွှန်ကြားစာ ထုတ်ပြန်သည်။

**My comment:**

ဒါ အရင် အစိုးရအဆက်ဆက်က စည်းကမ်းပျက်ခဲ့တာကို ထိန်းသိမ်းတာဖြစ်လို့ ကောင်းပါတယ်။ ဒါပေမဲ့ တကယ် လုပ်နိုင်တဲ့ ကုမ္ပဏီတစ်ခုခုကို တင်ဒါခေါ်ပြီး အမြန် လုပ်ပိုင်ခွင့် ချပေးသင့်ပါတယ်။

အရင်အစိုးရလက်ထက်တွေက လုပ်ပိုင်ခွင့်ရတဲ့သူတွေက တကယ်လုပ်မယ့်သူ တွက်ခြေကိုက်တဲ့ဈေးထက် လျှော့ပေးပြီး လုပ်ပိုင်ခွင့် ရယူသွားတာ များပါတယ်။ ဥပမာ တကယ်လုပ်နိုင်မယ့်ဈေးက သိန်းတစ်သောင်းကို သိန်းငါးထောင်လောက်နဲ့ လုပ်ပေးမယ်ပြောပြီး လေလံဆွဲပါတယ်။ ပြီးတော့မှ တာဝန်ရှိတဲ့ အရာရှိကြီးတွေနဲ့ ညှိပြီး တင်ဒါတင်တုန်းက စံနှုန်းတွေထက် လျှော့ပြီး လုပ်ပေးလိုက်ပါတယ်။ ဥပမာ ၂၅ ပေအကျယ် လမ်းခင်းပေးမယ်ပြောပြီး လူကြီးနဲ့ အပေးအယူ လုပ်လိုက်၊ ပြီးတော့ ၁၅ ပေခင်းပြီး ရပ်ထားလိုက်တယ်ဆိုပါတော့။ ဒါမှ တွက်ခြေကိုက်အောင် လုပ်နိုင်မှာပါ။ အခု အစိုးရလက်ထက်မှာ အရင်အစိုးရလက်ထက်က တင်ဒါအောင်တုန်းက စံနှုန်းနဲ့ မညီလို့ လုပ်ငန်းရုတ်သိမ်းမယ်ဆို လမ်းတင်မကပါဘူး၊ တစ်နိုင်ငံလုံးက အစိုးရနဲ့ ဖက်စပ်လုပ်တဲ့ လုပ်ငန်းတွေ အကုန်သိမ်းရမှာပါ။ အခု တချို့တစ်ဝက် လုပ်ငန်းပြန်သိမ်းတာနဲ့ စီးပွားရေး ကျနေတော့ တကယ် တစ်နိုင်ငံလုံးက လုပ်ငန်းအားလုံး ပြန်စစ်ဆေးရင် အခြေအနေဆိုးနေတဲ့ နိုင်ငံ့စီးပွားရေး ပိုဆိုးသွားနိုင်ပါတယ်။

အဲဒီလုပ်ငန်းတွေကို ဝန်ကြီးဌာနတွေက လုပ်မယ်ဆိုရင် လမ်းပိုင်းတစ်ခုလောက်ဖြစ်နိုင်ပေမဲ့ တစ်နိုင်ငံလုံးအတွက်ဆို အစိုးရက ထိန်းနိုင်မှာ မဟုတ်ပါဘူး။ ဒီတော့ နောက်ဆက်တွဲအနေနဲ့ အလွဲသုံးစားတာ ဖြစ်လာနိုင်ပါတယ်။

**ဘာလုပ်သင့်သလဲ။**

အပြည်ပြည်ဆိုင်ရာ ဥပဒေအရ ရှေ့အစိုးရလုပ်ခဲ့တာကို နောက်အစိုးရက တာဝန်ခံရပါတယ်။ ဒါပေမဲ့ အများပြည်သူ နိုင်ငံသားတွေရဲ့အကျိုးနဲ့ပတ်သက်ရင် နောက်အစိုးရက ငြင်းပိုင်ခွင့် ရှိပါတယ်။ အခု အများပြည်သူနဲ့ပတ်သက်တဲ့ကိစ္စတွေမှာ အရင်အစိုးရတွေလုပ်ခဲ့တာကို လက်ရှိအစိုးရက လက်မခံဘဲ ငြင်းပိုင်ခွင့်ရှိပါတယ်။ လုပ်ငန်းစာချုပ်တွေ ပယ်ဖျက်တာ၊ ရုတ်သိမ်းတာ လုပ်ခွင့်ရှိပါတယ်။ ဒါပေမဲ့ ဘယ်လုပ်ငန်း သဘောတူညီချက်ကို ငြင်းပယ် ငြင်းပယ် တကယ်လုပ်နိုင်မယ့် ကုမ္ပဏီတွေကို တင်ဒါခေါ်ပြီး လုပ်ကိုင်ခွင့် အမြန်ချပေးလိုက်ဖို့ လိုပါတယ်။ သတ်မှတ်တဲ့ စံချိန်စံညွှန်းအတိုင်းလုပ်ဖို့ တောင်းဆိုပါ။ အာဏာပိုင်အဖွဲ့အစည်းကို လာဘ်ပေးဖို့ မလိုကြောင်း သေချာရှင်းပြပါ။ အရည်အသွေးကိုလည်း စစ်ဆေးမယ်ဖြစ်ကြောင်း သေချာကြော်ငြာပါ။ တကယ် စစ်ဆေးကွပ်ကဲပြီး တကယ်လုပ်နိုင်တဲ့ ကုမ္ပဏီကို လုပ်ပိုင်ခွင့် ချပေးပါ။ ဇေကမ္ဘာကုမ္ပဏီပဲ ပြန်ရွေးခံရရင် လုပ်ပိုင်ခွင့် ထပ်ချပေးလိုက်ပါ။ (မူလ ကုမ္ပဏီတွေပဲ ပြန်ရဖို့ များပါတယ်) လမ်းတွေ ကောင်းသွားပါလိမ့်မယ်။ ရန်ကုန်-ပုသိမ်လမ်းလည်း ဒီတိုင်းပါပဲ၊ အေးရှားဝေါက စံမမီလို့ ပြန်သိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက မူလအလုပ်တွေရှိနေတာကြောင့် လုပ်လို့ မနိုင်နဲ့ဆိုတော့ လမ်းတွေပိုဆိုးလာပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ လုပ်ပိုင်ခွင့်ပေးထားတဲ့လမ်းတွေအားလုံးလို ဒီလိုပဲ ဖြစ်နေတာပါ။

လုပ်ငန်းရှင်တွေက အလုပ်လုပ်ချင်ကြပါတယ်။ အထူးသဖြင့် လုပ်ငန်းပမာဏပိုကြီးတဲ့ အစိုးရအလုပ်တွေ လုပ်ချင်ကြပါတယ်။

လာဘ်ပေးရတာ။ နည်းမျိုးစုံနဲ့ ခိုးတာ လိမ်တာမျိုးရှိရင် အပိုစရိတ်လို့ သတ်မှတ်ပြီး အပိုစရိတ်ထည့်တွက်ပြီး လုပ်ကြပါတယ်။

အပိုစရိတ်မရှိတာသေချာရင် အပိုစားရိတ်အတွက် လျှော့တွက်ပြီး ပိုကောင်းတဲ့ ထုတ်ကုန်တွေ ပြန်ပေးပြီးလုပ်ပါလိမ့်မယ်။

ဒါဟာ အရင် အစိုးရလက်ထက်တွေမှာ သတ်မှတ်တဲ့ စံချိန်စံညွှန်းနဲ့ မလုပ်တဲ့ လုပ်ငန်းရှင်တွေကို အပြစ်သိပ်တင်လို့မရဘူးဆိုတာ သိသင့်ပါတယ်။ ဒါ့အပြင် အရင်အစိုးရလက်ထက်က သတ်မှတ်တဲ့ စံချိန်စံညွှန်းနဲ့ မလုပ်လို့ အမြဲကလိမ်ကကျစ် လုပ်စားတဲ့ လုပ်ငန်းရှင်တွေလို့လည်း သတ်မှတ်လို့ မရပါဘူး။ အစိုးရက လုပ်ငန်းလုပ်တဲ့ပတ်ဝန်းကျင်ကို ဘယ်လိုဖန်တီးပေးမလဲ ဆိုတာပေါ် တည်ပါတယ်။ စည်းကမ်းတကျလုပ်ဖို့ ကြပ်မတ်နိုင်ရင် အရေးယူနိုင်ရင် စည်းကမ်းနဲ့ လုပ်ကြမှာပါ။ စည်းကမ်း မကြပ်မတ်နိုင်ရင် မကြပ်မတ်နိုင်သလို လုပ်ကြမှာပါ။ အခုနောက်ပိုင်း မြန်မာနိုင်ငံကလူတွေအများအပြားနိုင်ငံခြားထွက်ပြီး အလုပ်လုပ်ကြပါတယ်။

အဲဒီလူတွေရဲ့ အမှိုက်ပစ်တဲ့ကိစ္စပဲ စဉ်းစားကြည့်ပါ။ နိုင်ငံခြားရောက်ရင် အမှိုက်မပစ်ဘူး။ မြန်မာပြည် ခဏပြန်ရောက်တာနဲ့ အမှိုက်ပြန်ပစ်ပါတယ်။ အဲဒါ နိုင်ငံခြား အစိုးရတွေက အမှိုက်ပစ်တာကို အရေးယူပြီး အမှိုက်မပစ်တဲ့ပတ်ဝန်းကျင် ဖြစ်အောင်ဖန်တီးထားလို့ပါ။ မြန်မာပြည်မှာတော့ အမှိုက်ပစ်တာကို အရေးမယူဘဲ အမှိုက်မပစ်တဲ့ပတ်ဝန်းကျင်ကို မဖန်တီးနိုင်လို့ပါ။

ကျောင်းသား တစ်ယောက် နှစ်ယောက် စာမေးပွဲကျရင် အဲဒီကျောင်းသားတွေမှာ အပြစ်ရှိပါတယ်။ တစ်တန်းလုံးကျရင်တော့ အတန်းပိုင်မှာ တာဝန်ရှိပါတယ်။ တစ်ကျောင်းလုံး ကျနေရင်တော့ ကျောင်းအုပ်ကြီးမှာ တာဝန်ရှိပါတယ်။ အခုက တစ်နိုင်ငံလုံးက လုပ်ငန်းရှင်တွေ စာမေးပွဲကျနေတာပါ။

**လာဘ်အကြီးအကျယ်ယူပြီး တလွဲလုပ်ထားတဲ့ အရင်အစိုးရအရာရှိတွေကို ဖော်ထုတ်အရေးယူရင် ကောင်းမလား။**

လုံးဝ မကောင်းပါ။ တကယ်လို့ အဲလို အရေးယူလာတာ လုပ်ရင် လက်ရှိအစိုးရ ပြုတ်သွားလောက်အောင် အနှောင့်အယှက်ပေးလာနိုင်ပါတယ်။ ဒါ နိုင်ငံအတွက် မကောင်းပါဘူး။ မြန်မာနိုင်ငံက အကြောင်းတစ်ခုခုပြပြီး အချင်းချင်း ရန်ဖြစ်စကားများတာနဲ့ အချိန်ကုန်လာတာ ကြာပါပြီ။ နောက်ထပ်အချင်းများစရာ ဘာမှ ထပ်မလုပ်တာ ကောင်းပါတယ်။ ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်တဲ့နိုင်ငံမှာ မကောင်းတာလုပ်ရင် မကောင်းတဲ့အတိုင်း ဖြစ်သွားမှာပါ။ ရန်ရှာပြီး နောက်ထပ်အမှားတွေ ထပ်မလုပ်ကြဖို့ပဲ လိုပါတယ်။ 'ပြုသူအသစ် ဖြစ်သူအဟောင်း'လို့ စကားရှိပါတယ်။ စွမ်းဆောင်ရည် အကောင်းဆုံးလုပ်ငန်းရှင်တွေကို လွတ်လပ်စွာ ပြိုင်ဆိုင်လုပ်နိုင်တဲ့ ပတ်ဝန်းကျင် ဖန်တီးပေးပြီး မှန်ကန်တဲ့ မူဝါဒတွေချပြီး လုပ်နိုင်ဖို့ပဲ လိုပါတယ်။

## ဒါကိုကော ဘာလုပ်ရင် ကောင်းမလဲ။

တစ်နိုင်ငံလုံး ကဏ္ဍပေါင်းစုံမှာ စည်းမဲ့ ကမ်းမဲ့ ဖြစ်နေတော့ အစိုးရအမိန့်နဲ့ ထိန်းရမှာပါ။ စလုပ်သင့်တာက အစိုးရ ဘယ်လောက်စွမ်းဆောင်နိုင်သလဲပေါ် တည်ပါတယ်။ ဖိလစ်ပိုင်မှာ မူးယစ်ဆေးစွဲတဲ့သူ နိုင်ငံလူဦးရေရဲ့ ၂ ရာခိုင်နှုန်း ရှိပါတယ်။ လက်ရှိသမ္မတ ဒူတာတေ တက်လာတော့ မူးယစ်ဆေးနဲ့ ပတ်သက်တဲ့ အရာရှိတွေ အပါအဝင် လူ ၄၀၀၀ ကျော် သတ်လိုက်ပါပြီ။ သမ္မတက လိုအပ်ရင် လူ ၃ သန်းလောက်အထိ သတ်မယ်လို့ ကြေညာထားပါတယ်။ နိုင်ငံတကာက ဝေဖန်ကြပေမဲ့ နိုင်ငံတွင်းမှာ ထောက်ခံမှု အများအပြား ရနေပါတယ်။ မြန်မာနိုင်ငံမှာတော့ အဲဒီလောက် လက်ရဲဇက်ရဲ လုပ်မယ့် ခေါင်းဆောင် မပေါ်သေးဘူး ထင်ပါတယ်။ (အရေးတကြီး လိုအပ်နေပါတယ်) တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဖြစ်နေတာ အမိန့်နဲ့ ထိန်းရင် အာဏာရှင်စနစ်လို့ ဝေဖန်မှာပါ။ စလုပ်သင့်တာက အခုအစိုးရ လက်ထက်မှာ စလုပ်တဲ့လုပ်ငန်းတွေမှာ စထိန်းပါ။ ပြီးတော့ တဖြည်းဖြည်းချဲ့ပြီး စည်းကမ်းထိန်းပါ။ အစိုးရသစ်တက်လာတော့ သွေးတိုးစမ်းပြီး စည်းကမ်းမဲ့တာမျိုးကို ပြတ်ပြတ်သားသား အရေးယူပြတာမျိုး လုပ်သင့်ပါတယ်။ မလုပ်ခဲ့ရင် အခြေအနေ ပိုဆိုးသွားနိုင်ပါတယ်။

တွေးမိတွေးရာပါ။

■



# မိန်းကလေးတွေရဲ့ အတွင်းခံ ဘောင်းဘီ ခိုးလို့ပါ။

Underware fetishism လို့ ခေါ်တဲ့ Obsession disorderပါ။

PET scan နဲ့ ရိုက်ကြည့်တော့ Frontal lobe နဲ့ Occipital lobe မှာ Blood flow လျော့လို့ ဖြစ်တာလို့ ဆိုပါတယ်။ တခြား ဉာဏ်ရည် လျော့တာမျိုး မတွေ့ရပါဘူး။

အခုလို ခိုးတာအပြင် ဝတ်တာတို့၊ အတွင်းခံရဲ့ အနံ့ကို ရှူတာတို့ လုပ်တတ်ပါတယ်။ လူမှုအဆင့်အတန်းမြင့်သူ၊ ပညာတတ်သူ ချမ်းသာသူတွေမှာလည်း တွေ့ရတတ်ပြီး မြန်မာလိုတော့ ဝဋ်နာကံနာလို့ပဲ ပြောရမှာပါ။ အတွင်းခံခိုးတော့ ခိုးမှုနဲ့ ရင်ဆိုင် ပြစ်ဒဏ်ခံရမှာ ဖြစ်ပေမဲ့ တကယ်က ရောဂါဖြစ်နေတော့ ပြစ်ဒဏ်ပေးလို့ မထူးပါဘူး။ အဲဒီလူ အရှက်ရ လူတောမတိုးဘဲ လူရည်တုံးသွားတာဘဲ အဖတ်တင်မှာပါ။

ခပ်ငယ်ငယ်ကတည်းက စဖြစ်တတ်ပြီး Behaviour therapy နဲ့ ကုသပေးရင် ပျောက်ပါတယ်။ တရားသူကြီးက ပြစ်ဒဏ်ပေး ရမယ့်အစား ရောဂါအကုသခံရမယ်လို့ အမိန့်ချရမှာပါ။

တွေးမိတွေးရာပါ။

https://m.facebook.com/story.php?story_fbid=2183480571867170&id=2167669106781650



# နောက်ထပ်လာနိုင်တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

တရုတ် အမေရိကန် ကုန်သွယ်ရေးစစ်ဖြစ်နေတော့ တရုတ်ပြည်က အမေရိကန်ကို သူ့ရဲ့ထုတ်ကုန်တွေပို့ဖို့ ခက်သွားတော့ တရုတ်စက်ရုံတွေ အိမ်နီးချင်းနိုင်ငံတွေကို မဖြစ်မနေရွှေ့ဖို့ လိုလာပါတယ်။ မြန်မာနိုင်ငံကို ကျွမ်းကျင်မှုနိမ့်တဲ့ အထည်ချုပ်လုပ်ငန်းတွေ လာလုပ်ကြည့်ပေမဲ့ အလုပ်သမား ဆန္ဒပြတာတွေ များ၊ 'လုပ်စား အလုပ်သမားခေါင်းဆောင်တွေ'၊ 'လုပ်စား လယ်သမား'၊ 'လုပ်စားကျူးကျော်'၊ 'လုပ်စား အလုပ်သမားအဖွဲ့အစည်းဝင်'တွေ များလာပြီး (အမှန်အကန်တွေကို မဆိုလိုပါ) အစိုးရက ပြဋ္ဌာန်းထားတဲ့ ဥပဒေအတိုင်း လုပ်ငန်းရှင်တွေကို အကာအကွယ်မပေးနိုင်တာကြောင့် အထည်ချုပ်လုပ်ငန်းတွေတော့ ထပ်လာဖို့ မရှိတော့ပါဘူး။ ကျွမ်းကျင်မှုအနည်းငယ် ပိုလိုတဲ့လုပ်ငန်းတွေတော့ ထပ်လာနိုင်ပါတယ်။

ကျွမ်းကျင်မှု အနည်းငယ်ပိုလိုတော့

၁။ လုပ်ငန်းရှင်ကိုယ်တိုင်တော့ နည်းနည်းသင်ပေးဖို့ လိုမယ်။

၂။ လုပ်ခတော့ အနည်းငယ်ပိုရမယ်။ ဒါတော့ အလုပ်သမား တွေက သေချာပေါက် ကျေနပ်မယ်။

၃။ စက်တွေပို သုံးလာရတာကြောင့် လူအရမ်းမများတော့ ဆန္ဒပြလုပ်စားမယ့်သူ နည်းသွားမယ်။

၄။ လုပ်ငန်းတူ သိပ်မများတော့ ဟိုခုန်ဒီခုန် လုပ်ဖို့ ခက်သွားပြီး အလုပ်သမား ပိုမြဲသွားမယ်။

၅။ အထည်ချုပ်လုပ်ငန်းတွေလို 'လုပ်စား အလုပ်သမားခေါင်း ဆောင်' တွေ ၊ 'လုပ်စားအလုပ်သမား အဖွဲ့အစည်းဝင်'တွေ နည်းသွားမယ်။

ကျွမ်းကျင်ပြီး တကယ် အလုပ်လုပ်ချင်တဲ့ အလုပ်သမား တွေက အသိဉာဏ်ပိုရှိတော့ လုပ်စား အလုပ်သမားခေါင်းဆောင် တွေ၊ လုပ်စား အလုပ်သမား အဖွဲ့ဝင်တွေ ဆွယ်ပြီး ဆန္ဒပြခိုင်း တာမျိုးကို လက်မခံတာတို့၊ ဆန့်ကျင်တာတို့ လုပ်လာနိုင်ပါ တယ်။

တွေးမိတွေးရာပါ။

■



# ကျရှုံးခြင်း အနုပညာ

လူတိုင်းက အောင်မြင်ချင်ကြပါတယ်။ ကျရှုံးတာမျိုး မကြုံချင်ကြပါဘူး။

ဒါပေမဲ့ ကျရှုံးခြင်းမှာ ကောင်းတာလေးတွေရှိပါတယ်။

၁။ ကျရှုံးတယ်ဆိုရင် ထပ်ဆုံးရှုံးစရာ ကြီးကြီးမားမား မရှိတော့ အောင်မြင်နေတဲ့လူတွေထက် စွန့်စွန့်စားစားပိုလုပ်နိုင်ပါတယ်။ အဲဒါ အောင်မြင်နေတဲ့သူတွေ ရှိမနေတဲ့ ခွင်တွေဖြစ်နေလို့ အလွယ်တကူ အောင်မြင်မှုရလာနိုင်ပါတယ်။

၂။ အမြန် အောင်မြင်မှုရတဲ့သူတွေက ထက်မြက်သူတွေပါ။ သူတို့က အောင်မြင်မှုရသွားတဲ့အခါ ဆက်ပြီး လေ့လာသင်ယူချင်စိတ် မရှိတော့သလို တခြားလူကို ဆရာတင်ရတာကို သိက္ခာကျတယ်လို့ ထင်တတ်ပါတယ်။ ကျရှုံးနေတဲ့သူကတော့ ဘယ်သူကိုမဆို အောက်ကျို့ပြီး သင်ယူဖို့ ဝန်မလေးတတ်ပါဘူး။ ဒါဟာ အောင်မြင်ဖို့ လမ်းစပါ။

၃။ ဆုံးရှုံးမှုဖြစ်တာဟာ နောက်ဆုံးမဟုတ်ပါဘူး။ ဆုံးရှုံးတဲ့အခါ ဆက်လက်ကြိုးစားမှုမရှိတော့မှ တကယ်ကျရှုံးတာပါ။

၄။ ဆုံးရှုံးမှုမရှိတဲ့ အောင်မြင်မှုက မပြည့်စုံပါဘူး။

၅။ မိမိရဲ့ ဆုံးရှုံးမှုကို ပြန်လေ့လာဆန်းစစ်တာဟာ တခြားလူတွေရဲ့ အောင်မြင်မှု အကြီးစားတွေကို လေ့လာတာထက် ပိုအကျိုးရှိတတ်ပါတယ်။

၆။ တစ်ပါးသူရဲ့အောင်မြင်မှု အကြီးစားတွေက တစ်ခါတစ်ခါမှာ လုပ်ငန်းစလုပ်သူကို စိတ်ဓာတ်ကျဆင်းစေတတ်ပါတယ်။ အဲဒီလို အခြေအနေမျိုးမှာတော့ မိမိနဲ့ အရွယ်အစားသိပ်မကွာဘဲ အောင်မြင်နေတဲ့လုပ်ငန်းခပ်ငယ်ငယ်ကိုပဲ လေ့လာတာ ပိုအောင်မြင်စေပါတယ်။

၇။ လူအများအပြား ကျရှုံးနေတဲ့ အလုပ်ဟာ သင့်အတွက် အခွင့်အရေး ဖြစ်နိုင်ပါတယ်။ ဖြေရှင်းမယ့်နည်း ပြောင်းတာမျိုး၊ အသုံးချတာ ပြောင်းတာမျိုး၊ တခြားတစ်နေရာရာမှာ အသုံးချတာမျိုး စသည်တို့ဟာ အောင်မြင်နိုင်တဲ့ နည်းဖြစ်နိုင်ပါတယ်။

၈။ ကြီးမားတဲ့ အောင်မြင်မှုတွေကို ဆုံးရှုံးမှုတွေနဲ့ ဖုံးလွှမ်းထားတတ်ပါတယ်။ ဒီနေ့ဟာ ခက်ခဲပါတယ်။ မနက်ဖြန်ဟာ ပို ခက်ခဲပါလိမ့်မယ်။ သန်ဘက်ခါမှာတော့ အခွင့်အလမ်း ဖြစ်သွားတတ်ပါတယ်။ အကြောင်းက မနက်ဖြန် ညနေမှာ လူအများစုက ဆက်တောင့်မခံနိုင်လို့ ကျရှုံးသွားလို့ သန်ဘက်ခါမှာ ကျန်နေသေးသူက သိပ်မကြိုးစားဘဲ အောင်ပွဲခံလိုက်ရတတ်ပါတယ်။

၉။ ဆုံးရှုံးမှုမှ သင်ယူနိုင်သ၍ ဆုံးရှုံးမှုဟာ အကျိုးရှိပါတယ်။

တွေးမိတွေးရာပါ။

■



# လက်ရှိ စီးပွားရေးအခြေအနေမှာ သူများထက် ရှေ့ရောက်အောင်၊ သာအောင် လုပ်မယ်ဆိုရင်

စီးပွားရေး လုပ်တဲ့အခါ ပြိုင်ဘက် တခြားသူထက် သာအောင် လုပ်ရတာ လူတိုင်း အသိပါ။ အခု လက်ရှိအခြေအနေမှာ သာအောင်၊ ရှေ့ရောက်အောင် လုပ်တာ ပိုလွယ်နေသလိုပါ။

လုပ်နည်းက လက်ရှိအခြေအနေကိုပဲ ရအောင်ထိန်းထားပါ။ ဒီနေ့ ဒီနှစ် အခြေအနေကို နောက်နေ့ နောက်နှစ်အထိ ထိန်းထားနိုင်ရင် ပြိုင်ဘက် တခြားလူထက် ရှေ့ရောက်ဖို့ များနေပါပြီ။ လောဘကြီးပြီး လုပ်မိတဲ့သူတွေ၊ နောက်ကို ပြုတ်ကျကြတဲ့သူတွေ အများကြီးဖြစ်လို့ ကိုယ်ရှေ့ကို အလိုလိုရောက်သွားမှာပါ။ အဲဒါ ရှေ့ရောက်အောင်လုပ်ဖို့ထက် အများကြီးလွယ်ပေမဲ့ လောဘထိန်းနိုင်ဖို့ လိုပါတယ်။

တွေးမိတွေးရာပါ။

(၉ အောက်တိုဘာ ၂၀၁၈ စီးပွားရေး အခြေအနေအရပါ)

■



# အလုပ်ရှင် – အလုပ်သမား ပြဿနာ

၂၀၁၈ ဩဂုတ်လ ၂၁ ရက်နေ့ကနေ အောက်တိုဘာ လကုန်ပိုင်းထိ ရန်ကုန်မြို့က ဖုယွင်အထည်ချုပ်စက်ရုံမှာ အလုပ်သမား ၃၀ ကို အလုပ်ထုတ်ရာကနေ ရက် ၆၀ ကျော် ဆက်တိုက်ဆန္ဒပြကြ၊ ဝင်ပေါက်ဝ ပိတ်ဆို့တာတို့၊ မလွယ်ပေါက် အလုပ်သမားတွေဝင်ပြီး အလုပ်လုပ်တာတို့ ဆန္ဒပြတဲ့လူတချို့ကို ရိုက်နှက်တာတို့ ဖြစ်ကြပါတယ်။ ရိုက်နှက်မှုတွေဖြစ်ပြီးနောက် ဆန္ဒပြသူတွေက ရန်ကုန်တိုင်း ဝန်ကြီးချုပ်ရုံးကို သွားပြီး ဆန္ဒပြတာတို့ ထပ်လုပ်ကြပါတယ်။ ဘယ်လိုစဖြစ်တယ်၊ ဘယ်သူမှားပြီး ဘယ်သူမှန်လဲ မဝေဖန်လိုပါ။



အခု မြန်မာနိုင်ငံမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာပြီး အလုပ်သမား လေး၊ ငါး၊ ခြောက်သိန်းလောက် အလုပ်ခန့်ထားတော့ အလုပ်ရှင်ရော၊ အလုပ်သမားရော၊ အလုပ်သမားအဖွဲ့အစည်းတွေရော၊ အုပ်ချုပ်နေတဲ့ အာဏာပိုင်အဖွဲ့အစည်းရော ဒီဥပဒေကို သေချာသိသင့်ပါတယ်။ ဘာတွေဖြစ်သင့်သလဲဆိုတာ ဥပဒေမှာ ဖော်ပြထားတာတွေနဲ့ တွဲပြီး ရှင်းပြပါမယ်။ (ဒီလင့်ခ်မှာ https://www.facebook.com/tin.sein.338/posts/571351793270344 ဖော်ပြထားတဲ့စာတွေက ရန်ကုန်တက္ကသိုလ် ဘွဲ့လွန်စီးပွားဥပဒေ ဒီပလိုမာသင်တန်း Diploma in Business law မှာ သင်တဲ့ သင်တန်းမှတ်စုစာတွေပါ။ နိုင်ငံခြားသားတွေပါ ဖတ်လို့ရအောင် မူရင်းအင်္ဂလိပ်ဘာသာအတိုင်း တင်ပေးထားပါတယ်။ မြန်မာလို ဘာသာပြန်ထားတဲ့ စာအုပ်တွေလည်း ရှိပါတယ်။ စာအုပ်ဆိုင်မှာ မေးဝယ်လို့ ရပါတယ်)

စာမျက်နှာ ၁ မှာ အလုပ်သမားတွေရဲ့ ရပိုင်ခွင့် Right of workers တွေ ရေးထားပါတယ်။ စာမျက်နှာ ၂ မှာတော့ အလုပ်သမားတွေရဲ့ တာဝန် Responsibility of workers တွေ ရေးထားပါတယ်။ စာမျက်နှာ ၂၅ မှာတော့ အလုပ်ရှင်ရဲ့ လျော်ကြေးပေးရန် တာဝန်တွေ ရေးထားပါတယ်။ စာမျက်နှာ ၆၀ မှာတော့ အလုပ်ရှင် အလုပ်သမားတို့ရဲ့ အလုပ်စာချုပ် Employment contract ကို ဖော်ပြထားပါတယ်။ စာမျက်နှာ ၆၁ မှာ အလုပ်ရှင်ရဲ့ ဖော်ပြစရာမလိုတဲ့တာဝန် Implied duties ကို ဖော်ပြထားပါတယ်။ အဲဒီမှာ ၁။ သင့်တင့်လျောက်ပတ်တဲ့ လုပ်ခလစာပေးဖို့ ၂။ အလုပ်အားရက်ပေးဖို့ ၃။ အလုပ်ချိန် သတ်မှတ်ပေးဖို့ ၄။ ကျန်းမာရေးနဲ့ ဘေးအန္တရာယ် လုံခြုံရေး လုပ်ပေးဖို့တွေ ပါပါတယ်။ အဲဒီမှာ အလုပ်သမားတွေရဲ့ ဖော်ပြရန် မလိုဘဲ လိုက်နာရမယ့် တာဝန်တွေ၊ Implied duties တွေ ဖော်ပြထားပါတယ်။ အဲဒီမှာ a . မိမိအလုပ်ကို လုပ်ကိုင်နိုင်စွမ်းရှိရမယ်။ b . အလုပ်ရှင်ရဲ့ညွှန်ကြားချက်ကို လိုက်နာရမယ်။ c. သတ်မှတ်ထားတဲ့အလုပ်ကို လုပ်တုန်း သင့်တင့်တဲ့ ဂရုစိုက်မှုနဲ့ ကျွမ်းကျင်မှုနဲ့ ဆောင်ရွက်ရမယ်။

စသည်တို့ပါပါတယ်။ သက်ဆိုင်တဲ့ အချက်ပဲ ဖော်ပြတာပါ။ အရမ်းမရှည်အောင် အကုန် မဖော်ပြတော့ပါဘူး။ စာမျက်နှာ ၆၂ မှာတော့ အလုပ်ဖြုတ်တာ၊ အလုပ်ထုတ်တဲ့အကြောင်းတွေပါ။ အဲဒီမှာ အလုပ်ဖြုတ်နည်း၊ ထုတ်နည်း ၆ ခုကို ဖော်ပြထားပါတယ်။

a. By performance လုပ်ဆောင်မှု မကောင်းလို့ ဖြုတ်နည်း

b. By frustration ထိန်းသိမ်းမရလို့ စိတ်ပျက်ပြီး ထုတ်နည်း

c. By agreement နှစ်ဦးသဘောတူ အလုပ်ဖြုတ်နည်း

d. By breach သဘောတူညီချက် ချိုးဖောက်လို့ ဖြုတ်နည်း

e. Termination by notice အကြောင်းကြားပြီး အလုပ် ဖြုတ်နည်း

f. Termination by dismissal အကြောင်းမကြားဘဲ အလုပ်ဖြုတ်နည်းတို့ရှိပြီး အကြောင်းမကြားဘဲ အလုပ်ဖြုတ်ရင်တောင် တရားတယ်လို့ ယူဆတဲ့ အလုပ်ဖြုတ်နည်းနဲ့ မတရားဘူးလို့ ယူဆတဲ့ အလုပ်ဖြုတ်နည်းဆိုပြီး ထပ်ခွဲထားပါ။ တရားတယ်လို့ ယူဆတဲ့ အလုပ်ဖြုတ်နည်းက ဆန္ဒပြလို့ ဆန္ဒပြတဲ့သူတွေ အားလုံးကို အလုပ်ဖြုတ်ထားတာမျိုးနဲ့ နိုင်ငံတော် လုံခြုံရေးကို ခြိမ်းခြောက်လာတဲ့အခါ အလုပ်ဖြုတ်တာကို အလိုအလျောက် တရားတယ်လို့ သတ်မှတ်ပါတယ်။ တရားတဲ့ အလုပ်ထုတ်နည်းနဲ့ အလုပ်ဖြုတ်နည်းဆို လျော်ကြေးပေးစရာ မလိုပါဘူး။ တရားတဲ့ အလုပ်ထုတ်နည်း ဖြစ်မနေရင်တော့ လျော်ကြေးပေးရပါတယ်။ လျော်ကြေးပေးရင်တော့ စာမျက်နှာ ၂၅ မှာ ဖော်ပြထားတဲ့အတိုင်း လျော်ကြေးပေးရပါတယ်။

အခု ဖုယွင်ကိစ္စမှာ အလုပ်ရှင် အလုပ်သမား စာချုပ်ကို ဖျက်သိမ်းလို့ရတဲ့အချက်မှာ Frustration စိတ်ပျက်လို့ ဆိုတာပါ ပါတယ်။ ဒါကြောင့် အလုပ်သမား ၃၀ ကို ထိန်းမရလို့ စိတ်ပျက်နေတဲ့ အလုပ်ရှင်က အလုပ်ရှင် အလုပ်သမား စာချုပ်ကို ရပ်စဲပြီး

အလုပ်ထုတ်ခွင့် လုံးဝရှိပါတယ်။ နောက်တစ်ခုက အလုပ်သမားရဲ့ တာဝန်လိုက်နာမှု ရှိမရှိ သုံးသပ်သင့်ပါတယ်။ ဒါဟာ သဘာဝကျပါတယ်။

အလုပ်သမားတစ်ယောက်ကို အလုပ် တစ်ခါခန့်ပြီးလို့ တစ်သက်လုံး ဒါမှမဟုတ် အလုပ်သမားတစ်ယောက် လုပ်ချင်သလောက် အလုပ်ပေးထားရမယ်လို့ ဥပဒေထဲမှာ ဖော်ပြမထားပါဘူး။ အလုပ်ရှင်က တစ်ဖက်သတ် အလုပ်ရပ်နားပြီး ခုံသမာဓိရုံးက မတရားတဲ့ အလုပ်ထုတ်နည်းလို့ ဆုံးဖြတ်ခဲ့ရင် အလုပ်ရှင်က ပေးရမယ့် နစ်နာကြေးတွေကို သတ်မှတ်ထားတဲ့အတိုင်း လျော်ပေးဖို့ပဲ ဥပဒေမှာ ပြောထားတာပါ။ အခုကိစ္စမှာ စက်ရုံက လက်မခံနိုင်တဲ့ အလုပ်သမား ၃၀ ကို အလုပ်ပြန်ခန့်ပေးဖို့ အစိုးရက ဥပဒေအရ ဘယ်လိုမှ တိုက်တွန်း ဆွဲဆောင်လို့ မရပါဘူး။ နောက်တစ်ခုက အကြောင်းတစ်ခုခုကြောင့် အလုပ်ရပ်နားလို့ အလုပ်ရှာပေးရင် အလုပ်သမားက ငြင်းလို့ မရပါဘူး။ ရှာပေးတဲ့ အလုပ်ကို လုပ်ရမှာ အလုပ်သမားတာဝန်ပါ။ ရှာပေးတဲ့ အလုပ်ကို ငြင်းခဲ့ရင် မလုပ်ခဲ့ရင် အလုပ်သမားတာဝန် ဖြစ်သွားပါတယ်။

အောက်တိုဘာလ ၃၀ ရက်နေ့၊ ဆန္ဒပြတဲ့ ၅၁ ရက်နေ့မှာ ရန်ကုန်တိုင်း ဝန်ကြီးချုပ်က 'လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေးအား တာဝန်ယူပေးမည်' လို့ အာမခံပေးလိုက်တဲ့အတွက် အလုပ်သမား ၃၀ ကို ဖုယွင်စက်ရုံက ပြန်လည်လက်ခံပြီး ၅၁ ရက်ကြာ ဆန္ဒပြပွဲကြီးက အောင်မြင်စွာ အဆုံးသတ်သွားပါတယ်။ အလုပ်ထုတ်ခံရတဲ့ အလုပ်သမား ၃၀ က နိုဝင်ဘာလ ၆ ရက်နေ့မှာ ပြန်လည်အလုပ်ဆင်းမယ်လို့ သိရှိရတဲ့အတွက် အေးချမ်းမှုအတွက် သံသယရှိပေမဲ့ ဝမ်းသာပေးလိုက်ပါတယ်။

## သုံးသပ်ချက်

လက်ရှိ မြန်မာပြည်အခြေအနေဟာ အလုပ်ရှင် အလုပ်သမား ပြဿနာနဲ့ ပတ်သက်နေတဲ့ လူတွေအားလုံးအတွက် အကျပ်ရိုက်စေပါတယ်။

၁။ တကယ် အလုပ်ချင်နေတဲ့ အလုပ်သမားတွေအတွက် အလုပ်အခွင့်အရေးနည်းနေတယ်။ ရတဲ့ ငွေက သုံးစွဲစားသောက်ရပ်တည်ဖို့ ခက်နေတယ်။ လုပ်ရတဲ့ အလုပ်ကို မြန်မာတွေ အရင်က သိပ်မလုပ်ဖူးတဲ့ အရမ်းငြီးငွေ့ဖို့ကောင်းတဲ့ အထည်ချုပ်လို အလုပ်ဖြစ်နေပါတယ်။ ဒီတော့ စိတ်ဖိစီးများပြီး ထွက်ပေါက်ရှာဖို့ ကြိုးစားကြပါတယ်။ ရန်ဖြစ်တာ၊ ပြဿနာရှာတာတို့က ထွက်ပေါက်ရှာနည်းတွေပေါ့။ တစ်ယောက်ယောက်က အခွင့်အရေး ပိုရမယ်လို့ သွေးဆောင်ခဲ့ရင်လည်း အလွယ်တကူ ပါသွားနိုင်ပါတယ်။

၂။ အလုပ်ရှင် နိုင်ငံခြားသားတွေက မြန်မာနိုင်ငံမှာ လုပ်ငန်းလုပ်တာ ထင်သလို ဖြစ်မလာပါဘူး။ လုပ်အားခနည်းပေမဲ့ တခြား စားရိတ်တွေ အရမ်းများနေတယ်။ အလုပ်သမားတွေရဲ့ ကုန်ထုတ်စွမ်းအားအရမ်းနိမ့်တယ်လို့ နိုင်ငံတကာ လှည့်လုပ်နေတဲ့ လုပ်ငန်းရှင်အတော်များများ လက်ခံထားကြပါတယ်။ အများပိုင်ကုမ္ပဏီများဖြစ်တာများတော့ အလုပ်သမားတောင်းဆိုချက်တွေ ပေါ်ပေါက်လာရင် ပုဂ္ဂလိက လုပ်ငန်းရှင်များလို ခပ်မြန်မြန် မဆုံးဖြတ်နိုင်ကြပါဘူး။

၃။ ဝန်ကြီးချုပ်က အလုပ်သမားတွေကို ကိုယ်ချင်းစာနာစိတ်နဲ့ သတ္တိရှိရှိနဲ့ လူမှုရေးအရ တာဝန်ယူပေးလိုက်တာ ဖြစ်ပြီး အဲဒီလိုပြန်ခန့်တာကို လက်မခံတဲ့ အခြားအလုပ်သမားများ အများအပြား ရှိနေတာဟာ အဲဒီအလုပ်သမား ၃၀အတွင်းမှာ ဝန်ကြီးချုပ်ရဲ့ စေတနာနဲ့ မထိုက်တန်သူတွေ ပါဝင်နေတာ သတိပြုမိသင့်ပါတယ်။ ဒါပေမဲ့ အဲဒီအလုပ်သမား ၃၀ အတွင်းမှာ ဝန်ကြီးချုပ် စေတနာနဲ့ ထိုက်တန်သူလည်း ပါနိုင်တာကြောင့် ယခုအကြိမ်တော့ အလုပ် တကယ်မပြုတ်သင့်သူ အလုပ်ပြန်ရတာကို ဝမ်းသာပေမဲ့ အလုပ်ပြန် မရသင့်တဲ့ 'လုပ်စား အလုပ်သမား' ကိုတော့ ဒုတိယအကြိမ်မှာ (လုပ်စားအလုပ်သမား ဖြစ်ခဲ့ရင် နောက်တစ်ကြိမ် သေချာပေါက် ထပ်ပြဿနာရှာဦးမှာပါ) ဥပဒေအတိုင်း ကိုင်တွယ်ဖို့ လက်မနှေးဘဲ လိုတယ်ဆိုတာ သတိထားမိစေချင်ပါတယ်။ တတိယအကြိမ်တော့ စက်ရုံပြုတ်သွားလောက်လို့ မဖြစ်နိုင်ပါဘူး။

၄။ အချောင်ရဖို့ ဘယ်လို လိမ်စား ညစ်စား လုပ်စားချင်တဲ့ လူတန်းစားလည်းရှိတာမို့ အဲဒီလိုလူမျိုးတွေကို ညှာတာလိုက်ခြင်းဟာ ကောင်းကောင်းမွန်မွန် အလုပ်လုပ်ကိုင်လိုသူတွေကို ဥပက္ခာပြုလိုက်တာမျိုး ဖြစ်နေတာကို သတိပြုမိစေချင်ပါတယ်။

အခု အခြေအနေမှာ တကယ်အလုပ်မလုပ်ချင်ဘဲ ပြဿနာရှာချင်နေတဲ့သူကို အလုပ်လုပ်ချင်နေသူထဲ ရောလိုက်ရင် အလုပ်လုပ်ချင်နေသူတွေ ပျက်စီးသွားမှာပါ။ အလုပ်သမားတစ်စုံတစ်ယောက်ကို ဥပဒေပါအတိုင်း အလုပ်ထုတ်တာ၊ ဖြုတ်တာ

ဖြစ်ခဲ့ရင် အထုတ်ခံရသူက သူတို့က အလုပ်သမားခေါင်းဆောင် ဖြစ်နေလို့ အထုတ်ခံရတယ်လို့ ပြောတတ်ကြပါတယ်။ အလုပ်သမားသမဂ္ဂအဖွဲ့ဝင် အလုပ်သမားခေါင်းဆောင်ဆိုတာ ကိုယ့်ဘာသာကိုယ် ခေါင်းဆောင်အမည်တပ်လို့ မရပါဘူး။ အလုပ်သမားအများစုက လက်ခံသဘောတူသူ ဖြစ်သင့်ပါတယ်။ အခု အလုပ်ဖြုတ်ခံရသူ ၃၀ ဟာ အလုပ်သမားအများစုကို ကိုယ်စားပြု မပြု အလုပ်သမားတွေရဲ့ သဘောထားကို ရယူသင့်ပါတယ်။ ဗိုလ်ကျပြီး ခေါင်းဆောင်ဖြစ်နေတာမျိုးကို အသိအမှတ် မပြုမိဖို့ လိုပါတယ်။

ဒါအပြင် လူ ၁၂၀၀ ကျော်ရှိတဲ့ စက်ရုံမှာ လူ ၃၀ ဆန္ဒပြပြီး ကျန်တဲ့ ၁၁၇၀ က အလုပ်လုပ်ချင်တာကို စက်ရုံပိတ်ပေးရမလား။ စဉ်းစားကြည့်သင့်ပါတယ်။

အတိုချုပ်ပြောရရင် နိုင်ငံတကာ လုပ်ငန်းရှင်တွေက နိုင်ငံတစ်ခုရဲ့ ဥပဒေ၊ လုပ်ခ အထွေထွေကုန်ကျစရိတ် စတာတွေတွက်ပြီးမှ လုပ်ငန်းလာထောင်ကြတာပါ။ အပိုအဆစ်ထပ်ပေးလို့ သိပ်မရတော့ပါဘူး။ အစိုးရက ပြဋ္ဌာန်းထားတဲ့ဥပဒေကို ကာကွယ်စောင့်ရှောက်ဖို့ လိုပါတယ်။ အလုပ်သမားတွေက နိုင်ငံတကာက အလုပ်သမားတွေ ထုတ်လုပ်နိုင်သလောက် လုပ်နိုင်ဖို့ လိုပါတယ်။ အလုပ်သမားက အလုပ်ရှင်ဆီက မျှော်လင့်ထားသလို မရခဲ့ရင် အလုပ်စာချုပ်အရ အလုပ်ထွက်နိုင်သလို အလုပ်ရှင်က အလုပ်သမားဆီက မျှော်လင့်ထားသလို မရခဲ့ရင် ပြဋ္ဌာန်းထားတဲ့ ဥပဒေအတိုင်း လျော်ကြေးပေးဖို့လိုရင် ပေးပြီး အလုပ်ထုတ်ခွင့်ရှိပါတယ်။ ဥပဒေမှာ ပြဋ္ဌာန်းထားတဲ့အတိုင်း လျော်ကြေးပေးဖို့ မလိုဘဲ အလုပ်ထုတ်ခွင့်ရှိရင် လျော်ကြေးမပေးဘဲ အလုပ်ထုတ်ခွင့်ရှိပါတယ်။ အလုပ်သမားတစ်ယောက်ကို တစ်ခါ အလုပ်ခန့်ပြီး

တာနဲ့ တစ်သက်လုံး အလုပ်ခန့်ထားပေးဖို့ တာဝန်မရှိပါဘူး။ ပြဋ္ဌာန်းထားတဲ့ ဥပဒေကို ကျော်လွန်ပြီး အတိုးအလျှော့ ဈေးဆစ်တာမျိုးတော့ မလုပ်သင့်ပါဘူး။ ဒါမျိုးက အလွဲသုံးစားမှုတွေဆီ ဦးတည်သွားနိုင်ပါတယ်။ 'လုပ်စားအလုပ်သမား' တို့ 'လုပ်စားအဖွဲ့အစည်း'တို့ ဖြစ်သွားစေနိုင်ပါတယ်။ ဥပဒေ ပြဋ္ဌာန်းတာ လိုအပ်ချက်ရှိခဲ့ရင်လည်း အတိုးအလျှော့ လုပ်ဖို့ထက် ဥပဒေကို အရင်ပြင်ပြီးမှ ဥပဒေအတိုင်း လုပ်သင့်ပါတယ်။ ဥပဒေကို အတိုးအလျှော့လုပ်တာ လက်ခံခဲ့ရင် လက်ခံတဲ့အရာရှိက အတိုးအလျှော့ ပြဿနာတွေပဲ လုပ်ရဖို့ရှိပါတယ်။ ဒါမျိုး အလုပ်သမားအဖွဲ့အစည်းတွေပဲ လုပ်သင့်ပြီး 'ဥပဒေက မည်သို့ဆိုစေကာမူ လုပ်ငန်းရှင်တွေက ညှိနှိုင်းပေးဖို့' ပြောကြတာမျိုးလည်း မဖြစ်သင့်ပါဘူး။ ဒါ့အပြင် အလုပ်သမားအဖွဲ့အစည်းတွေအနေနဲ့ အလုပ်သမား အခွင့်အရေးတောင်းဆိုပိုင်ခွင့် ရရှိသင့်တယ်လို့ဆိုခဲ့ရင် မိုက်ကြေးခွဲတာမျိုး၊ အလုပ်သမားတွေ အကြံအဖန်လုပ်ပြီး ခွင်ရိုက်စားတာမျိုးကို လက်ခံလို့ မရပါဘူး။ အလုပ်သမားတွေရဲ့ လိုအပ်ချက် အမှန်အကန်ဖြစ်ဖို့ တာဝန်ခံမှု ရှိသင့်ပါတယ်။

လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံရဲ့ အလုပ်သမား အခြေအနေ၊ အခြေခံအဆောက်အဦအခြေအနေက ဥပဒေကို တကယ်လိုက်နာကျင့်သုံးမှုသေချာမရှိတာကြောင့် တခြားအိမ်နီးချင်းနိုင်ငံတွေနဲ့နှိုင်းယှဉ်ရင် ရင်းနှီးမြှုပ်နှံမှု မျှော်မှန်းထားသလောက် မလာတာပါ။ ရှိနေတဲ့ ရင်းနှီးမြှုပ်နှံမှုတွေကိုတောင် ပြန်မသွားအောင် အတော်ထိန်းသိမ်းနေရတာပါ။ သေချာတာက အလုပ်သမားအများကြီးသုံးရမယ့် အထည်ချုပ်လုပ်ငန်းမျိုး မြန်မာပြည်ကို ထပ်မလာတော့ပါဘူး။

## ဘာဆက်လုပ်ရင် ကောင်းမလဲ

– အလုပ်သမားတွေ၊ အလုပ်သမားအဖွဲ့အစည်းတွေ၊ လုပ်ငန်းရှင်တွေ၊ အစိုးရ တာဝန်ရှိသူတွေကို အလုပ်ရှင်–အလုပ်သမားနဲ့ပတ်သက်တဲ့ဥပဒေကို သေချာနားလည်အောင် လေ့လာသင့်ပါတယ်။ သက်ဆိုင်ရာ ဥပဒေတွေအကြောင်း သင်ကြားပို့ချပေးတာမျိုး လုပ်ပေးသင့်ပါတယ်။ ဒါ့အပြင် ဥပဒေပြင်ပဖြစ်နေရင် အကာအကွယ်မရနိုင်တာကြောင့် ဥပဒေအတိုင်း နေထိုင်လုပ်ကိုင်ကြဖို့ ပညာပေးသင့်ပါတယ်။ တောင်းဆိုဆန္ဒပြမယ်ဆိုရင်လည်း အလုပ်သမားအဖွဲ့အစည်းတွေကို ဥပဒေပါအတိုင်းသာ တောင်းဆိုဆန္ဒပြဖို့နဲ့ ဥပဒေကို ကျော်လွန်ပြီး တောင်းဆိုခွင့်မရှိကြောင်း သိစေသင့်ပါတယ်။

တွေးမိတွေးရာပါ။

https://www.facebook.com/tin.sein.338/posts/571351793270344

■




# NLD အစိုးရလက်ထက်မှာ
# ပုဂ္ဂလိကကဏ္ဍ စီးပွားရေး
# ဘာကြောင့် ကျရသလဲ၊ ဘာတွေလုပ်ရင် ကောင်းမလဲ



NLD အစိုးရလက်ထက်မှာ ပုဂ္ဂလိကကဏ္ဍ စီးပွားရေးကျတာ တစ်နိုင်ငံလုံး သိပါတယ်။ ဒါပေမဲ့ အဲဒီလို ကျဆင်းတာ NLD အစိုးရတစ်ခုတည်းကြောင့်တော့ မဟုတ်ပါဘူး။ အကြောင်းပေါင်း များစွာ တိုက်ဆိုင်သွားလို့ပါ။

အကြမ်းအားဖြင့် အောက်မှာဖော်ပြထားသလို အမျိုးအစား ခွဲလို့ ရပါတယ်။

## ၁။ အစိုးရရဲ့ မူဝါဒအကောင်အထည်ဖော်ပုံ မှားယွင်းမှုကြောင့် ကျဆင်းခြင်း

NLD အစိုးရတက်လာတဲ့အချိန်မှာ လုပ်ငန်းရှင်တွေ ဖရိုဖရဲ စည်းမဲ့ကမ်းမဲ့ လုပ်နေတာ အများကြီးရှိပါတယ်။ ဒါကြောင့် အစိုးရက စည်းကမ်းတင်းကျပ်လိုက်ပါတယ်။ အဲဒီစည်းကမ်း တင်းကျပ်ခြင်းဟာ အစိုးရရဲ့ မှန်ကန်တဲ့လုပ်ရပ်ဖြစ်ပေမဲ့ အသား မကျသေးတဲ့ ပြည်တွင်းလုပ်ငန်းရှင်တွေကို အကြီးအကျယ် ထိခိုက် စေနေပါတယ်။ အကြမ်းအားဖြင့် နှစ်မျိုးခွဲကြည့်လို့ ရပါတယ်။

ကျ။ အစိုးရက လုပ်သင့်တာ လုပ်တာကြောင့် စီးပွားရေး ကျဆင်းခြင်း

ခ။ အစိုးရက လုပ်သင့်တာ မလုပ်လို့ စီးပွားရေး ကျဆင်းခြင်းတို့ပါ။

## က။အစိုးရက လုပ်သင့်တာ လုပ်တာကြောင့် စီးပွားရေးကျဆင်းခြင်း

**က–၁** ကျောက်စိမ်းနှင့် အခြားကျောက်မျက်ရတနာများ တူးဖော်ခြင်း၊ သတ္တုတူးဖော်ခြင်း၊ သစ်ထုတ်လုပ်ခြင်း စတဲ့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေတဲ့ အဲဒါတွေ လုပ်ကိုင်တာကို ကန့်သတ်ခြင်း၊ လျှော့ချခြင်း၊ တားမြစ်ခြင်းတို့ လုပ်ပါတယ်။ အရင် တရားဝင် တစ်နှစ်ကို တန်ချိန် ၁၄ သိန်းခန့် ထုတ်လုပ်တဲ့ သစ်ကို တန်ချိန် ခုနစ်သိန်း၊ ယင်းမှ တန်ချိန် သုံးသိန်းခွဲအထိ အဆင့်ဆင့် လျှော့ချပါတယ်။ ( ပဲခူးရိုးမတစ်လျှောက် ညညဆိုင်ကယ်များနဲ့ ခိုးထုတ်တာတော့ မလျှော့ချနိုင်သေးပါဘူး) သစ်လုံးတင်ပို့ခြင်းကို ပိတ်ပင်လိုက်ပြီး သစ်အချောထည် တင်ပို့ခြင်းကိုလည်း ကန့်သတ်လိုက်ပါတယ်။ လက်ရှိအခြေအနေမှာ နိုင်ငံတွင်းမှာ တည်ထောင်ထားတဲ့ အထပ်သားစက်ရုံများဟာ ကုန်ကြမ်းရရန်ခက်လာလို့ နိုင်ငံခြားမှ သက်တမ်းနု သစ်ပွကို တင်သွင်းပြီး အလယ်လွှာများမှာ ထည့်သွင်းသုံးစွဲပြီး အပြင်လွှာများကိုတော့ မြန်မာနိုင်ငံထွက် သက်တမ်းရင့်သစ်ကို သုံးစွဲနေရပါတယ်။

**က–** ၂ နောက်ထင်ရှားတာတစ်ခုက မူးယစ်ဆေးနှိမ်နင်းတာပါ။ အခုနှစ်ပိုင်းမှာ မူးယစ်ဆေးကို သိသိသာသာနှိမ်နင်းလာပါတယ်။ ဒါလည်း အစိုးရရဲ့ စေတနာဖြစ်ပြီး တကယ်လုပ်သင့်တာ တစ်ခု ဖြစ်ပါတယ်။ တကယ်ထုတ်လုပ်တဲ့သူတွေ မမိသေးပေမဲ့ အမြောက်အမြားဖမ်းဆီးရမိနေတာတော့ အမှန်ပါ။ ဖမ်းဆီးရမိမှု ပေါ် မူတည်ခန့်မှန်းမယ်ဆိုရင် မြန်မာနိုင်ငံဟာ မူးယစ်ဆေး အမြောက်အမြားထုတ်လုပ်နေပုံရပြီး မြန်မာနိုင်ငံရဲ့ စီးပွားရေးဟာ မူးယစ်ဆေးလုပ်ငန်းမှရတဲ့ငွေနဲ့ တည်ထောင်ထားတဲ့ လုပ်ငန်း များလည်း ရှိလာနိုင်ပါတယ်။

ကျောက်စိမ်း၊ သစ်၊ မူးယစ်ဆေးတို့ရဲ့ ပမာဏဟာ အလွန် များပြားတာကြောင့် ယင်းလုပ်ငန်းများရပ်တည်ဖို့ ခက်လာတော့ အဲဒီက ရလာတဲ့ ငွေတွေနဲ့ အရှုံးခံ တည်ထောင်ထားတဲ့ တရားဝင် စီးပွားရေးလုပ်ငန်းတွေ ဆက်ထိန်းမထားနိုင်တာမျိုး ဖြစ်လာပါ တယ်။ ဒါနဲ့ နောက်ဆက်တွဲအနေနဲ့ အခြားပြည်သူတို့ရဲ့ တရားဝင် လုပ်ငန်းများပါ ကျဆင်းလာပါတယ်။

ပြည်တွင်းလုပ်ငန်းရှင်အများစု ကြုံတွေ့နေရတဲ့ ပြဿနာက အခွန်ပါ။ မြန်မာနိုင်ငံမှာ အခွန်ကောက်ခံရရှိမှုဟာ GDP တစ်မျိုး သားလုံး ထုတ်ကုန်နဲ့ နှိုင်းယှဉ်ရင် အလွန်နည်းပါးနေတယ်လို့ JICA လို နိုင်ငံတကာအဖွဲ့အစည်းတွေက တခြားနိုင်ငံက စာရင်း များနဲ့ နှိုင်းယှဉ်ပြောပါတယ်။ အဲဒါတွေဟာ အမှန်ပါ။ ဒါပေမဲ့ သတိထားသင့်တာက GDP တစ်မျိုးသားလုံး ထွက်ကုန်တွက် ချက်တဲ့နေရာမှာ မြန်မာနိုင်ငံတွင်းမှာ လုပ်ငန်းတည်ထောင် လုပ်ကိုင်နေတဲ့ နိုင်ငံတကာက လုပ်ငန်းများ FDI လုပ်ငန်းတွေ ပါဝင်ပြီး GDP ထဲမှာ FDI တွေရဲ့ ထုတ်လုပ်မှုပမာဏ အတော် များများပါနေပေမဲ့ FDI အများစုဟာ လွန်ခဲ့တဲ့ သုံးလေးငါးနှစ်ကမှ

စတင် လာရောက်လုပ်ကိုင်ကြတာဖြစ်တဲ့အတွက် အစိုးရက ခွင့်ပြု ထားတဲ့ အခွန်ကင်းလွတ်ခွင့်ကာလ Tax holiday အတွင်းမှာပဲ ကျရောက်နေသေးတဲ့အတွက် ဖြစ်နိုင်ပါတယ်။ ဒီတော့ နိုင်ငံရဲ့ တိုးတက်လာတဲ့ GDP အတွက်၊ အခွန်အချိုးအစားအတွက် ပြည်တွင်းလုပ်ငန်းရှင်တွေက အပြစ်တင်ခံနေရတာ ဖြစ်ဖို့ ရှိနေပါတယ်။ နိုင်ငံတကာက လာရောက် စီးပွားရေးလုပ်ကိုင်တဲ့ ကုမ္ပဏီတွေက သူတို့ရဲ့ မူရင်းနိုင်ငံက ဥပဒေအတိုင်း ကြီးကြပ်ခံရခြင်းနဲ့ နိုင်ငံတကာကို Export ပို့တဲ့အခါ ပစ္စည်းမှာတဲ့နိုင်ငံတွေက၊ ပစ္စည်းထုတ်လုပ်တဲ့နိုင်ငံက နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနဲ့လည်း ထုတ်လုပ်ထားတာ ဟုတ်၊ မဟုတ်၊ ဥပဒေအတိုင်း အခွန်ဆောင် မဆောင် အထောက်အထားများ ကြည့်ပြီးမှ အမှာစာ ပေးကြပါတယ်။ ဒီတော့ FDI တို့က အခွန်သေချာပေါက် ဆောင်ကြမှာပါ။ ဒါကြောင့် FDI များက နောင် နှစ်နှစ် သုံးနှစ်ခန့်အကြာ အခွန်ကင်းလွတ်ခွင့်ကုန်ဆုံးသွားချိန်မှာ လုပ်ငန်းလိုအပ်ချက်ကြောင့် အခွန်ဆောင်ကြမှာဖြစ်လို့ အဲဒီအချိန်ကျရင် အစိုးရက အခွန်တိုးရဖို့ ရှိနေပါတယ်။

ဒါ့အပြင် အစိုးရအနေနဲ့ ကျောသားရင်သား မခွဲဘဲ သတ်မှတ်ထားတဲ့အတိုင်း ကောက်ခံဖို့ လိုနေပါတယ်။ ပြည်တွင်း လုပ်ငန်းရှင်များအများစုက အခွန်မဆောင်ကြဘဲ အခွန် မဆောင်မဖြစ်ဆောင်အောင်လုပ်ထားတဲ့စနစ်ထဲ ရောက်နေတဲ့ သူတွေသာ အခွန်ဆောင်နေကြတာဖြစ်ပြီး ယခုမှ ရတ်တရက် စည်းကြပ်တော့ လုပ်ငန်းရှင်အများစုအတွက် ဝန်ပိသွားကြပါတယ်။ ဒီအချက်ဟာ ပြည်တွင်းလုပ်ငန်းရှင်အများစုကို လုပ်ငန်း ကျဆင်းစေပါတယ်။

ဆောက်လုပ်ရေးလုပ်ငန်းများ ကျဆုံးခြင်းဟာ နိုင်ငံစီးပွားရေးကို ထိခိုက်စေပါတယ်။ တကယ်လို့ နိုင်ငံတွင်းမှာ အိမ်ရာတွေကို ဒေါ်လာတစ်သန်းတန် နှစ်သန်းဖြင့် ရောင်းချနိုင်မယ်ဆိုရင် တည်ဆောက်ရောင်းချနိုင်တဲ့လူတွေကို ဂုဏ်ပြုရမှာပါ။ သူတို့ရတာကို နိုင်ငံက ရတယ်လို့ သဘော ထားလို့ပါ။ ဒါပေမဲ့ ဈေးကွက် ရှိ မရှိ သေချာမဆန်းစစ်ဘဲ တန်ဖိုးမြင့် အိမ်ရာတည်ဆောက်သူများတော့ မိမိတို့လောဘကြောင့် ကျဆုံးခြင်းဖြစ်ပြီး တန်ဖိုးမြင့်အိမ်ရာတွေ မဝယ်ယူနိုင်ခြင်းဟာ ပြည်သူအများမဝယ်ယူနိုင်လောက်တဲ့ ဈေးနှုန်းများ ဖြစ်နေလို့ ဖြစ်ပါတယ်။ ဒေါ်လာ ၅ သိန်းအထက် အဆောက်အဦတွေ ဆောက်ပြီး ရောင်းမထွက်ခြင်းဟာ နိုင်ငံတော်မှာ တာဝန် မရှိပါဘူး။ ဆောက်တဲ့ကာယကံရှင်တွေပဲ တာဝန်ရှိတာပါ။ အခုအချိန်မှာ လူအများအပြားလိုအပ်နေတဲ့ တန်ဖိုးနည်းအိမ်ရာ တည်ဆောက်မယ်ဆိုရင်တော့ နိုင်ငံတော်က ဖြစ်တဲ့နည်းနဲ့ ကူညီရမှာပါ။ တန်ဖိုးနည်းအိမ်ရာက အကျိုးအမြတ် သိပ်မရှိတော့ ဆောက်လုပ်ရေးသမားအတော်များများက စိတ်မဝင်စားကြပါဘူး။ ဒါပေမဲ့ တန်ဖိုးမြင့် အိမ်ရာဆောက်ကြတဲ့ ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေ များတော့ သူတို့နဲ့ ဆက်စပ်တဲ့ ပြည်တွင်းလုပ်ငန်းရှင်တွေ စီးပွားရေးကျသွားပါတယ်။

သမ္မတ ဦးဝင်းမြင့် တက်လာတော့ လာဘ်စားတာ တိုက်ဖျက်လိုတာ ပိုထင်ရှားလာပါတယ်။ လုပ်တာမှန်ပေမဲ့ လောက်ငအောင် အထိုက်အလျောက်စီစဉ်ပြီးမှ လုပ်သင့်ထယ်ထင်ပါတယ်။ အထူးသဖြင့် အောက်ခြေဝန်ထမ်း လာဘ်စားမှု တိုက်ဖျက်တဲ့နေရာမှာပါ။ သမ္မတကြီးပြောသလို ငါးကြီးကြီး မိအောင်ဖမ်းနိုင်ဖို့လိုပါတယ်။



FDA က ညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်း တရားသူကြီးချုပ်နဲ့ တနင်္သာရီတိုင်း ဝန်ကြီးချုပ် သတ္တုတွင်း လုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူးတို့ကို အဂတိလိုက်စားမှုနဲ့ အရေးယူနိုင်တာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးမှာ စံပြလို့ ပြောလို့ရတဲ့ လုပ်ဆောင်ချက်ပါ။ ဒါပေမဲ့ တနင်္သာရီတိုင်း ဝန်ကြီးချုပ်ဟာ ပါတီရဲ့အမာခံပုဂ္ဂိုလ်တစ်ဦးဖြစ်တဲ့အပြင် စည်းကမ်းတင်းကျပ်လို့ သူ့တိုင်းအတွင်း လူမုန်းများပြီး ဝိုင်းတွန်းလိုက်ကြတာဖြစ်နိုင်ပါတယ်။ လူပုဂ္ဂိုလ်အရေးယူတာထက် အဂတိလိုက်စားမှုကို ထိန်းကျောင်းတဲ့ စနစ် လိုအပ်တယ်လို့ ဝေဖန်ကြသူများ ရှိခဲ့ပါတယ်။

တရုတ်စကားပုံတစ်ခုက 'မိုးကောင်ကင်အောက်က ကျီးကန်း အကုန်မည်းကြပါတယ်' လို့ ပြောပါတယ်။ ဆိုလိုချင်တာက အစိုးရဝန်ထမ်း အဂတိတရားကင်းဖို့ ခက်တယ်လို့ ဆိုလိုတာပါ။ အဂတိလိုက်စားမှု တိုက်ဖျက်မယ်ဆိုရင် အင်ဒိုနီးရှားနိုင်ငံက အတွေ့အကြုံ ပြန်လေ့လာသင့်ပါတယ်။ အဲဒီမှာ အဆင့်ဆင့် လုပ်ခဲ့တာပါ။ အဓိကက လူတွေနဲ့ ထိတွေ့တာကို လျှော့ချဖို့ လိုနေပါတယ်။ အခု မြန်မာနိုင်ငံမှာ လုပ်နေတဲ့ e government မျိုးပါ။ အမြန် အကောင်အထည် ဖော်သင့်ပါတယ်။

## ခ။ အစိုးရက လုပ်သင့်တာ မလုပ်လို့ စီးပွားရေး ကျဆင်းခြင်း

### ၁။ တရားဥပဒေစိုးမိုးရေး

အစိုးရက လုပ်သင့်ပြီး မလုပ်နိုင်သေးတာက တရားဥပဒေ စိုးမိုးရေးပါ။ လူပြောများတာက စက်မှုဇုံတွေမှာ စက်ရုံ

အဝင်ဝတွေ ပိတ်ဆို့ မိုက်ကြေးခွဲ ငွေညှစ်တာမျိုးကို အရေးမယူနိုင်သေးတာပါ။ အစိုးရက အရေးယူဖို့ အခက်အခဲရှိနေတာလည်း ဖြစ်နိုင်ပါတယ်။ ၂၀၁၇–၂၀၁၈ ခုနှစ်အတွင်း လူပြောများတာ တစ်ခုက အလုပ်သမားအဖွဲ့အစည်းတွေ အားကောင်းလာပြီး တချို့က အလုပ်သမားအဖွဲ့အစည်း အမည်ခံပြီး ဆန္ဒပြပွဲ သပိတ်တိုက်ပွဲလုပ်တာမျိုးပါ။ ဒါမျိုးဟာ အလုပ်သမား၊ အလုပ်ရှင်၊ အစိုးရနိုင်ငံတော်တို့အပြင် အမှန်အကန်အလုပ်သမားအဖွဲ့အစည်းတွေကိုလည်း ထိခိုက်စေပါတယ်။ ဒီအချက်ဟာ ပုဂ္ဂလိကလုပ်ငန်းတွေ တိုးချဲ့ဖို့ အဟန့်အတားဖြစ်စေပါတယ်။ နိုင်ငံထဲမှာ စီးပွားရေးလုပ်ငန်းတွေ အမြန်တည်ထောင်ဖို့ စီးပွားရေးလုပ်ငန်းတွေကို တည်မြဲကြီးပွားအောင် အကာအကွယ်ပေးဖို့ လိုပါတယ်။

မြန်မာနိုင်ငံဟာ ရာသီဥတုမျှတပြီး သဘာဝဘေးအန္တရာယ်သိပ်မရှိတာကြောင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ဖို့ အကောင်းဆုံး နိုင်ငံပါ။ ဒါပေမဲ့ ဈေးသိပ်မရတဲ့ ဆန်စပါးကိုပဲ စိုက်ဖြစ်နေတဲ့အကြောင်းက စိုက်ခင်းနားက လူတွေက ဝင်ခိုးတတ်လို့ပါ။ ဒါဟာ စပါးစိုက်ရတဲ့ အကြောင်းရင်းပါ။ စပါးက သီးပြီး ရင့်မှည့်ချိန်တိုတဲ့အတွက် ရိတ်သိမ်းခြွေလှေ့သင့်တဲ့ အချိန်တိုပါတယ်။ သူခိုးကာကွယ်ရမယ့်အချိန် တိုတယ်ဆိုပါတော့။ ဒီထက် အချိန်ပိုကြာရင် ခိုးလို့ ကုန်ပါတယ်။ ငွေပိုရနိုင်တဲ့ အခြားစိုက်ပျိုးသီးနှံတွေဟာ စပါးလောက် သူခိုးရန်က ကာကွယ်ဖို့ မလွယ်ပါဘူး။ ဥပမာ ကျွန်းသစ်က မြန်မာပြည်မှာ အလွယ်တကူ ပေါက်နိုင်ပြီး စိုက်ပျိုးရ ထိန်းသိမ်းရ လွယ်ပါတယ်။ ပဲခူးဝန်းကျင်မှာ ကေ တစ်သောင်းခွဲစိုက်ထားတဲ့ နာမည်သုံးလုံးနဲ့ ကုမ္ပဏီက နှစ်သုံးဆယ်အကြာမှာ စိုက်ထားတဲ့ကျွန်းပင်တွေဟာ အမေရိကန်သန်း ၁၅၀၀ တန်မယ်လို့ နိုင်ငံတကာက Audit firm တွေက

ခန့်မှန်းပြီး နိုင်ငံခြားက JV လုပ်ပြီး စိုက်ပါတယ်။ ဒါဟာ နိုင်ငံတကာက စံချိန်နဲ့ တွက်ချက်မှုပါ။ မြန်မာနိုင်ငံမှာ နှစ်သုံးဆယ်မကြာခင် ခိုးခုတ်ခံရဖို့၊ ကုန်နေဖို့ များပါတယ်။ အဲဒါ တရားဥပဒေ မစိုးမိုးလို့ပါ။ မြန်မာနိုင်ငံမှာ အခုထိ စိုက်ခင်းကြီးတွေဖြစ်မလာသေးတာလည်း ခိုးကြတဲ့ဒဏ်ကြောင့်ပါ။ ဒီလို ခိုးတာတ်တာဟာ တရားဥပဒေစိုးမိုးမှု မရှိလို့ ပြောရမှာပါ။ NLD အစိုးရကြောင့် မဟုတ်ပေမဲ့ သေချာအရေးမယူနိုင်တာဟာ နှစ်ရှည်ရင်းနှီးမြှုပ်နှံမှု မရှိတာကြောင့် စီးပွားရေးကျဆင်းစေတဲ့အချက်ပါ။

## ၂။ Digitalization

ရုတ်တရက် Telecommunication ဆက်သွယ်ရေး ကဏ္ဍတိုးတက်ဖွံ့ဖြိုးလာခြင်းဟာ နည်းပညာ မယဉ်ပါးတဲ့ မြန်မာလုပ်ငန်းရှင်အများစု ကျဆုံးစေတာပါ။ အင်တာနက်လိုင်း ကောင်းလာပြီး Online အလုပ် အများကြီးပေါ်လာပါတယ်။ Online marketing ကတော့ အများဆုံးပါ။ အသေးစားလက်လီဆိုင်တွေ စတေးလိုက်ကြရပါတယ်။ Call center နဲ့ အခြားဝန်ဆောင်မှုလုပ်ငန်းတွေ အများကြီးပေါ်လာပြီး လူငယ်တွေ အများကြီး အလုပ်ရကြ၊ စီးပွားဖြစ်ကြပါတယ်။ သမားရိုးကျလုပ်တဲ့ ဥပမာ စာရေးဆရာတို့၊ အဆိုတော်တို့၊ သရုပ်ဆောင်တို့အစား Online blogger တို့၊ စာရေးဆရာတို့၊ အဆိုတော်တို့၊ သရုပ်ဆောင်တို့ (ဥပမာ–ရန်ပွဲမှာ အသတ်ခံရလိုက်တဲ့ အောင်ရဲထွေး)တို့ လိုမျိုးပေါ့။ Facebook fan page ဆိုရင် မြန်မာတွေ ဖွင့်ထားတာတင် အရေအတွက် သုံးသိန်းကျော် ဖြစ်နေပါပြီ။ အဲဒီ Fan page သုံးသိန်းကျော်ကြောင့် အလုပ်မဖြစ်တော့တဲ့ သမားရိုးကျ စာရေး

ဆရာ ဘယ်လောက်များမလဲ စဉ်းစားကြည့်ပါ။ စာအုပ် ထုတ်လုပ်သူ၊ သတင်းစာ ဂျာနယ်နဲ့ စာနယ်ဇင်းတွေ၊ ပုံနှိပ်တိုက်၊ စာအုပ်ချုပ်၊ စာအုပ်အငှားဆိုင်၊ စာကြည့်တိုက်တို့ ဆိုတာ သိပ်မကြာခင် ပုံဆွဲပြရတော့မှာပါ။ ၂၀၁၈ ဩဂုတ်လအတွင်းမှာပဲ စာနယ်ဇင်း စာပေထုတ်ဝေသူတွေစုပြီး အစိုးရကို ဝင်ရောက်ကူညီပေးဖို့ တောင်းဆိုကြပါတယ်။

မိမိတို့လုပ်ငန်းကို အင်တာနက်ကတစ်ဆင့်လုပ်တဲ့ လုပ်ငန်းဖြစ်အောင် အသွင်ပြောင်းဖို့ လိုတယ်လို့ လမ်းညွှန်ပေးရုံလွဲရင် ဘာမှ လုပ်ပေးနိုင်မှာ မဟုတ်ပါဘူး။ အကောင်းဆုံးက နိုင်ငံတကာမှာ ဖြစ်ခဲ့တာကို အတုယူလုပ်ဖို့ပါ။

## ၃။ Automation စက်ပစ္စည်း ပြောင်းလဲတပ်ဆင်ခြင်း

စက်ပစ္စည်းတပ်ဆင်လို့ နှစ်ရှည် အလုပ်လုပ်ခဲ့တဲ့ အလုပ်သမား ၃၀၀ ကျော်ကို အလုပ်ထုတ်လို့ ပြဿနာတက်တာ နာမည်နှစ်လုံးနဲ့ ပေါင်မုန့်စက်ရုံပါ။ ဥပဒေမှာပါတဲ့အတိုင်း အလုပ်သမားတွေကို လျော်ကြေးပေးပေမဲ့ အလုပ်သမားတွေက အလုပ်ပဲ ဆက်လုပ်ချင်နေတာပါ။ ခုံသမာဓိရုံးရောက်ပြီး အပြန်အလှန် ညှိနှိုင်းပြီး ထူးထူးဆန်းဆန်း အလုပ်ပြန်ခန့်ရမယ်ဆိုတဲ့ ဆုံးဖြတ်ချက် ထွက်လာပါတယ်။ နောက်ဆုံး အလုပ်သမားအဖွဲ့အစည်းတွေနဲ့ 'ညှိ'လိုက်ရတယ် ကြားပါတယ်။ ဟုတ် မဟုတ်တော့ မသိပါဘူး။ လုပ်အားခ ဈေးတက်လာပြီး အလုပ်သမားအဖွဲ့အစည်းအားကောင်းလာတော့ အလုပ်ရှင်တွေက လုပ်ငန်းရပ်တည်နိုင်အောင် စက်ပစ္စည်းတပ်ဆင်လာရတာ မရှေးမဖြစ်နည်းလမ်းပါပဲ။ အရင်က ပဲခွဲစက် ဆန်စက် တစ်ရုံတစ်ရုံမှာ လူ ၃၀၀/ ၄၀၀ လောက်ထိုင်ပြီး အရောင်မတူတဲ့ ပဲတို့၊ ဆန်တို့၊

ထိုင်ရွေးကြပါတယ်။ အခု Colour sorter အရောင်ခွဲစက် တပ်ဆင်ကြလို့ ဆန်၊ ပဲရွေးတဲ့ မိန်းကလေးတွေ မတွေ့ရတော့ပါဘူး။

ဒီလိုပါပဲ တခြားလုပ်ငန်းတွေမှာ စက်ပစ္စည်းတပ်ဆင်လို့ အလုပ်အများကြီး ပြုတ်ကြပါတယ်။ ခေတ်မီစက်မတပ်နိုင်တဲ့ လုပ်ငန်းတွေလည်း အများကြီး ပြုတ်ကြပါတယ်။ စက်တွေကို သေချာမသုံးနိုင်တဲ့သူတွေက ပြည်တွင်းလုပ်ငန်းရှင် အများစုပါ။ ဒီတော့ ပြုတ်ကြရပြန်ပါတယ်။

## ၄။ (FDI) Foreign Direct Investment နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူတို့က ပြည်တွင်းလုပ်ငန်းရှင်များ လုပ်ကိုင်နေတဲ့အလုပ်တွေကို ဝင်ရောက်လုပ်ကိုင်နေခြင်း

FDI တွေက ရှိသမျှအလုပ် အကုန်ဝင်လုပ်နေတာပါ။ အကြမ်းအားဖြင့် သူတို့က သူတို့နိုင်ငံမှာ အလုပ်ဖြစ်တာ မှန်သမျှကို ကြိုတင် မြင်တွေ့သိရှိကျွမ်းကျင်နေတော့ ပြည်တွင်းလုပ်ငန်းရှင်တွေထက် အစစအရာရာ သာနေတာပါ။ စက်ရုံ ကြီးကြီးသေးသေးမှအစ ထမင်းဆိုင်၊ ဆံပင်ညှပ်ဆိုင်အထိ ပါဝင်ပြီး နောက်ဆုံး KTV အနှိပ်ခန်းပါမကျန် လုပ်နေကြတာပါ။ နောက်ဆုံး တရုတ်ပြည်မှ လိင်အလုပ်သမတချို့ကို တောင်ဥက္ကလာမှာ ဖမ်းမိတဲ့အထိပါ။ အဲဒီတော့ ပြည်တွင်းလုပ်ငန်းရှင်များ လုပ်ငန်း ထိခိုက်တာ ပြောဖွယ်မရှိပါဘူး။ ကြံဖန်အပြစ်တင်ရမယ်ဆိုရင် FDI တွေက ပြည်တွင်းလုပ်ငန်းရှင်တွေနဲ့ မတူလောက်အောင် ထူးထူးခြားခြား မပျင်းမရိ ကြိုးစားအားထုတ်လုပ်ကိုင်နေကြလို့ပါ။



**၅။ စွမ်းဆောင်ရည်ကောင်းတဲ့ ပြည်တွင်း လုပ်ငန်းရှင်များ အရမ်းအောင်မြင်လာလို့ပါ။**

တစ်နှစ်ကို အရောင်း ဒေါ်လာ သန်း ရာဂဏန်း ပမာဏ လောက်ရှိတဲ့ ရောင်းအားရှိတဲ့ ပြည်တွင်းလုပ်ငန်းရှင်တချို့ ရှိနေပါပြီ။ အဲဒီလူတွေကတော့ စနစ်တကျ လုပ်ငန်းဖွဲ့စည်းပုံ Structure၊ စနစ် System သေချာတည်ဆောက်ပြီး နိုင်ငံတကာက လုပ်ငန်းတွေလိုပဲ အခွန်မှန်မှန် (နည်းချင်နည်းပါလိမ့်မယ်) ဆောင်ခဲ့ပြီး နိုင်ငံတကာက လုပ်ထုံးလုပ်နည်းအတိုင်းလုပ်ပြီး နိုင်ငံတကာက အသိအမှတ်ပြု စာရွက်စာတမ်းများရယူ ဥပမာ ISO Certification. HACCP Organic fruit web - site စသည်တို့ကို ရယူခဲ့ပြီး စနစ်တကျ လုပ်ဆောင်ခဲ့သူတွေပါ။ အဲလို လုပ်နိုင်သူတွေက အနည်းစုပါ။ တကယ် စီးပွားလုပ်ငန်းများကို နိုင်ငံတကာက လုပ်ငန်းရှင်တွေနဲ့ အမြန်ပူးပေါင်းလုပ်ဆောင်နိုင်ပြီး ကြီးပွားချမ်းသာသွားသူတွေပါ။ ငွေလိုလို့ နိုင်ငံတကာက ငွေချေးယူမယ်ဆိုရင် Debt financing ယူလို့လည်း ရပါတယ်။ (Debt financing ဆိုရင် သက်ဆိုင်တဲ့နိုင်ငံမှာ လုပ်ငန်းကပိုင်တဲ့ပိုင်ဆိုင်မှုတွေ တောင်းတတ် ပါတယ်) Equity financing လို့ ခေါ်တဲ့ ကုမ္ပဏီ ရှယ်ယာတန်ဖိုးသတ်မှတ်ပြီး ရှယ်ယာရောင်းလို့လည်း ရကြပါတယ်။ Equity financing ရဖို့ ကိုယ့်လုပ်ငန်းက Growth တိုးတက်မှု ရှိနေတယ်ဆိုတာပြဖို့ လိုပါတယ်။ အမြတ်ရနေစရာတော့ မလိုတတ်ပါဘူး။ အကြမ်းအားဖြင့် Financing company တွေက တစ်ကမ္ဘာလုံးပတ်ပြီး တိုးတက်မယ့် အရိပ်လက္ခဏာရှိတဲ့ ကုမ္ပဏီတွေရဲ့ ရှယ်ယာတွေ လိုက်ဝယ်ပြီး ငွေထည့်ပေးပါတယ်။ ပြီးတော့ ရှယ်ယာဈေးတက်အောင် လုပ်ပြီး နောက်တစ်ဦးကို လက်ပြောင်းရောင်းကြတာ များပါတယ်။ အကြမ်းအားဖြင့်

Equity financing နဲ့ ရှယ်ယာရောင်းလို့ရတဲ့ မြန်မာကုမ္ပဏီတွေ ရှိနေပါပြီ။ ပထမဆုံးကြားဖူးတာက သွားတိုက်ဆေးကုမ္ပဏီပါ။ သန်း ရာဂဏန်း ရလိုက်ပါတယ်။ အရက်ကုမ္ပဏီတစ်ခုလည်း သန်းရာဂဏန်းရလိုက်ပါတယ်။ အဲဒီ အရက်ကုမ္ပဏီရဲ့ ရှယ်ယာ ကတော့ နောက်တစ်ယောက်ကို လက်ပြောင်းပြီးနေပါပြီ။ နောက်ဆုံး မြန်မာကုမ္ပဏီတစ်ခုတော့ တရားဝင် ကြေညာတာ မရှိပေမဲ့ ဒေါ်လာသန်းထောင်ဂဏန်း ရလိုက်တယ်တော့ ကြားပါ တယ်။ နောက်ဆုံး စိုက်ပျိုးရေးသုံးပစ္စည်း ထုတ်လုပ်တဲ့ကုမ္ပဏီ ကတော့ နိုင်ငံတကာကုမ္ပဏီတစ်ခုက financing ရလိုက်ပါတယ်။ အများဆုံး ငွေလိုရင် လုပ်တတ်ကြတာ တစ်မျိုးက Trade financing အရောင်းအဝယ်လုပ်တဲ့သူတွေကို ပေးတာမျိုးရှိပါတယ်။ စင်ကာပူမှာ အခြေစိုက်လုပ်ပြီး ငွေအဝင်အထွက်များရင် ဘဏ်က ပေးကြပါတယ်။ မြန်မာတွေ အတော်များများရကြပါတယ်။ ဒါအပြင် JV Joint venture စပ်တူလုပ်ငန်းတွေလည်းရှိပါတယ်။ မြန်မာပြည်က လုပ်ငန်းရှင်နဲ့ နိုင်ငံခြားသားနဲ့ JV company ထောင်ပြီး တစ်ဖက်နိုင်ငံက ချေးငွေရနေတာမျိုးပါ။ ဆိုလိုချင်တာ တကယ်လုပ်ရည်ကိုင်ရည်ရှိတဲ့ မြန်မာလုပ်ငန်းရှင်များလည်း ရှိနေပြီး တကယ်ပဲ နိုင်ငံတကာက လုပ်ငန်းရှင်တွေနဲ့ ပူးပေါင်း လုပ်ဆောင်နိုင်သူတွေလည်း ရှိနေပါတယ်။ အဲဒီလူတွေ ကြီးပွား တာ မုဒိတာပွားမိပါတယ်။ အားပေးသင့်တယ်လို့လည်း ထင်ပါ တယ်။ နိုင်ငံအတွက် ကောင်းကျိုးပေးပြီး ကုန်စျေးနှုန်းကျဆင်း အောင် အလုပ်အကိုင် အခွင့်အရေး ပေါ်အောင် အထောက်အကူ ပြုတာ အမှန်ပါ။ ဒါပေမဲ့ အရမ်းကြီးလာတဲ့ အဲဒီလုပ်ငန်းရှင်တွေကို မပြိုင်နိုင်တဲ့ ပြည်တွင်းလုပ်ငန်းရှင်တွေအများကြီး လုပ်ငန်းပြုတ် ကြရတယ်ဆိုတာ သိသင့်ပါတယ်။

## ၆။ ဘဏ်တိုးနှုန်း များလို့ပါ။

ဘဏ်တိုးနှုန်း ၁၅ ရာခိုင်နှုန်းကနေ ၁၃ ရာခိုင်နှုန်း ချပေးလိုက်ပေးပြီးနေပါပြီ။ နိုင်ငံတွင်းမှာ အတိုးနှုန်းတူညီစွာ ယှဉ်ပြိုင်နေရတဲ့ ပြည်တွင်းလုပ်ငန်းရှင်များကြားမှာ ၁၃ ရာခိုင်နှုန်း၊ ၁၅ ရာခိုင်နှုန်း အတူတူဖြစ်နေတာ အရေးမကြီးပါဘူး။

စရိတ်ထဲ ထည့်ပေါင်းလိုက်ရုံပါ။ လက်ရှိအခြေအနေမှာ နိုင်ငံတကာကနေ မြန်မာပြည်ထဲရောက်နေတဲ့ FDI တွေက သူတို့နိုင်ငံတွေက အတိုးနှုန်းနဲ့ လာလုပ်ကိုင်နေရတော့ ပြည်တွင်းလုပ်ငန်းရှင်များ ယှဉ်ပြိုင်လုပ်နိုင်စွမ်း မရှိတော့ပါဘူး။ ပိုဆိုးစေတာက ၂၀၁၇ အတွင်း ဗဟိုဘဏ်က ဘဏ်တွေကို ချေးထားတဲ့ငွေတွေကို ပြန်တောင်းဖို့ ညွှန်ကြားပါတယ်။ ဒီအချက်က ပုံမှန်လည်ပတ်နေတဲ့ လုပ်ငန်းတွေကို လျှော့ချဖို့ ဖြစ်စေပါတယ်။

## ၇။ နယ်ခြားပြဿနာနဲ့ သဘာဝဘေးအန္တရာယ် အဖြစ်များလာလို့ပါ။

ရခိုင်ဘက်က နယ်ခြား ပြဿနာဖြစ်တော့ မြန်မာဘက်က မှန်ပေမဲ့ တစ်ဖက်သတ် စွပ်စွဲခံရပြီး နိုင်ငံတကာပုံရိပ် ကျသွားပါတယ်။ ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်နေတဲ့ လုပ်ငန်းတွေ အတော်ထိခိုက်သွားပါတယ်။ စက်ရုံတွေ လာတည်မယ့် အစီအစဉ် အတော်များများလည်း ရွှေ့ဆိုင်းတာတို့၊ ရပ်ဆိုင်းတာတို့ ဖြစ်ကုန်ပါတယ်။ ဒါဟာ ပြည်တွင်းလုပ်ငန်းရှင်တွေကို လုပ်ငန်းမကောင်းစေတဲ့ အကြောင်းတစ်ခုပါ။

သဘာဝဘေးအန္တရာယ် အထူးသဖြင့် ရေဘေးက နှစ်တိုင်းလိုလို နေရာအနှံ့ဖြစ်နေတာပါ။ ရန်ကုန်မြို့မှာတော့ ရေမြောင်းစီးဆင်းအောင် သေချာမလုပ်နိုင်လို့ပါ။ တစ်နိုင်ငံလုံးမှာ ရေမြောင်းရှိတဲ့မြို့က ရန်ကုန်တစ်မြို့တည်း ရှိသလိုပါပဲ။ ကျန်တဲ့မြို့ကြီးတွေမှာ ရေစီးမြောင်းသိပ်မတွေ့ဖူးပါဘူး။ ရေကြီးတဲ့ပြဿနာက အတော်ကြီးပြီး အစိုးရရော နိုင်ငံသားရော ဝိုင်းကူညီလုပ်ဆောင်ကြပါတယ်။ စီးပွားရေးထိခိုက်မှု မနည်းလှတဲ့ နောက်ဆက်တွဲပြဿနာထဲက တစ်ခုက လမ်းတွေပျက်စီးတာပါပဲ။ အဝေးလမ်းမဘေးမှ ရေမြောင်းရှိတဲ့နေရာ အရှည်ဆုံးက ကော့ကရိတ်-မြဝတီလမ်းပါ။ ထိုင်းနိုင်ငံက ဖောက်ပေးတာပါ။ ကျန်တဲ့နေရာတွေမှာ ရေစီးမြောင်း သိသိသာသာ မတွေ့ဖူးပါဘူး။ ရေစီးမြောင်းမပါတဲ့လမ်းက ရေလွှမ်းဒဏ်ခံရပြီး ကြံ့ခိုင်မှုလျော့ပြီး အမြန်ပျက်စီးပါတယ်။ လမ်းပျက်ပြီးရင် ကားဘီး အမြန်ပေါက်တာ၊ ကားအောက်ပိုင်း အမြန်ပျက်စီးတာ ဖြစ်ပါတယ်။ လမ်းတွေအထပ်ထပ်အခါခါ ပြန်ခင်းနေရတော့ ကုန်ကျစရိတ်လည်း များပါတယ်။ နောက်သတိထားမိတာတစ်ခုက လမ်းနည်းနည်းစပေါက်ပြီး ပျက်စီးရင် လာရောက်ပြုပြင်ခြင်း မရှိပါဘူး။ အပေါက်တော်တော်ကြီးမှ လာပြင်တတ်တော့ ကုန်ကျစရိတ် ပိုနေတတ်ပါတယ်။ လမ်းတွေ မကောင်းတော့ သယ်ယူပို့ဆောင်ရေးစရိတ်တက်ပြီး ကုန်ကျစရိတ် အများကြီးတက်စေပါတယ်။ ဒါကပြည်တွင်းလုပ်ငန်းရှင်တွေ ဒေသတွင်းနိုင်ငံက ကုန်ထုတ်လုပ်ငန်းကို မပြိုင်နိုင်ဘဲ ကျဆုံးစေတဲ့အချက်ပါ။

## ၈။ အဖျက်အမှောင့် လုပ်ကြလို့ပါ။

ရည်ရွယ်၍ ဖြစ်စေ မရည်ရွယ်ဖြစ်စေ အဖျက်အမှောင့် လုပ်မိတဲ့သူတွေက အများကြီးဖြစ်နေပါတယ်။ အာဏာရပါတီတွင်း ခေါင်းဆောင်တွေ၊ ပါတီဝင် အချင်းချင်းတွေ၊ စစ်တပ်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းဌာနဆိုင်ရာ ဝန်ထမ်းအဆင့်ဆင့်၊ သတင်းမီဒီယာ၊ စာရေးဆရာ၊ ပရဟိတ အဖွဲ့အစည်း၊ ဘာသာရေး အဖွဲ့အစည်း၊ အမည်ခံအဖွဲ့အစည်း၊ NGO မြေပေါ်မြေအောက် အဖွဲ့အစည်း၊ သာမန်ပြည်သူ၊ အကြံအဖန် လုပ်စားသူ၊ လမ်းဘေးမှာ ကျူးကျော်နေသူအထိ ပါပါတယ်။ အားလုံးက ကိုယ်ကျိုးရှေ့တန်းတင်ပြီး အနှစ်နှစ် အလလက မိမိတို့နစ်နာခဲ့သမျှကို တောင်းဆိုထုတ်ဖော်ပြောဆိုခဲ့ကြပါတယ်။ အစိုးရရဲ့စွမ်းဆောင်မှု အကန့်အသတ်ရှိတာကို သတိမထားဘဲ တောင်းဆိုမှုတွေဟာ နိုင်ငံဖွံ့ဖြိုးမှုကို ဆောင်ရွက်ဖို့ တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ ဖြစ်စေ အဖျက်အမှောင့် လုပ်သလို ဖြစ်သွားစေတာတော့ ပိုများပါတယ်။ ဥပမာ အစိုးရရဲ့စီးပွားရေးမူဝါဒ ဥပဒေ မကြာခဏပြောင်းတာဟာ စီးပွားရေးလုပ်ငန်းတွေအတွက် အဖျက်အမှောင့်လုပ်ရပ်ပါပဲ။

NLD အစိုးရတက်လာတော့ မသေချာ မရေရာ ဖြစ်နေတော့ အတော်အားနည်းပါတယ်။ တကယ် အာဏာလွှဲမလားဆိုတာ မသေချာသလို အာဏာလွှဲပြီး ဘယ်တော့ ပြန်သိမ်းခံရမလဲ မသေချာတာမျိုးပေါ့။ ရာထူးခွဲဝေရေးမှာ တိုင်းရင်းသားတွေ၊ အရင်လူဟောင်းထဲက သင့်တော်သူတွေ သေချာရွေးထည့်လိုက်တော့ အစိုးရနဲ့ ပါတီက တော်တော်မျှတတယ်လို့ ပြောရမှာပါ။

အချုပ်ပြောရရင် နိုင်ငံရဲ့ အများဆုံးဖြစ်တဲ့ ကျောက်စိမ်း၊ သစ်၊ မူးယစ်ဆေးတို့ကို ထိန်းချုပ်လိုက်ပြီး ပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းအများစုက ဝယ်သူမရှိတဲ့ တန်ဖိုးမြင့် အဆင့်မြင့် အိမ်ရာကွန်ဒိုတွေဆောက်မိပြီး ရပ်တန့်သွားပါတယ်။ လုပ်ငန်းလည်ပတ်နိုင်သေးပြီး အတိုးပုံမှန်ပေးနိုင်တဲ့ လုပ်ငန်းရှင်တွေတော့ ဘဏ်တွေက ငွေပြန်ဆပ်ဖို့ အကြောင်းကြားထားလို့ အရှိန်လျော့နေပါပြီ။ ဒီလိုအချိန်မှာ အစိုးရက တစ်နိုင်ငံလုံးစီးပွားရေး ပြန်တက်လာအောင် Goverment spending အစိုးရက ပိုသုံးပေးရမယ်လို့ သီအိုရီတွေက ဆိုပေမဲ့ အဲဒီ သီအိုရီကို သတိမထားမိလို့လား၊ စာသင်ခန်းထဲက အခြေခံသင်ခန်းစာဖြစ်လို့ လက်တွေ့မှာ အသုံးမတည့်နိုင်ဘူးလို့ ယူဆလို့လား၊ အစိုးရလိုငွေပြတာလျှော့ချချင်လို့လား မသိပါဘူး။ အသုံးစရိတ်လျှော့ချဖို့ အစီအစဉ်ထဲ ပါသွားပါတယ်။ ဝန်ထမ်းတွေကို လာဘ်စားတာမျိုးထိန်းလိုက်တော့ ဝန်ထမ်းတွေလည်း တာဝန်ရှိနေတဲ့အလုပ်တောင်မလုပ်ချင်တော့ပါဘူး။ ဒီတော့ နိုင်ငံရဲ့ စီးပွားရေး ပုဂ္ဂလိကပိုင်းမှာ တစ်ခါတည်း ထိုင်ကျသွားတာပါ။ နိုင်ငံရဲ့ GDP ကို ဆွဲတင်ထားတဲ့ FDI နဲ့ လူနည်းစု ပုဂ္ဂလိက လုပ်ငန်းရှင်တွေကတော့ လုပ်ငန်းမကောင်းတဲ့ လုပ်ငန်းရှင်အများစုရဲ့ သုံးစွဲမှုပေါ်သာမှီတည်နေခြင်းကြောင့် အခြားဆောင်ရွက်မှုတစ်ခုခု မရှိရင် ( ဥပမာ အဲဒီလူတွေရဲ့ ထုတ်ကုန်ကို Export လုပ်ဖို့ အားမပေးနိုင်ရင်) မကြာခင် ပြိုဆင်းသွားနိုင်ပါတယ်။

အလုပ်က မရှိ၊ မူးယစ်ဆေးပြားဈေးက တက်ဆို ဆေးကြောင် ဂယောက်ကယက်ဖြစ်ပြီး လုကြယက်ကြတာ အများကြီး တိုးလာနိုင်ပါတယ်။

## ဘာလုပ်ရင် ကောင်းမလဲ။

တစ်နိုင်ငံလုံးက လူတွေသိသင့်တာက 'မြန်မာတွေ မစည်းလုံးရင် အမဲဖျက်သလို ဝိုင်းဖျက်မယ့်သူတွေ အများကြီး ဖြစ်နေပြီ' ဆိုတာ သိသင့်ပါတယ်။ နောက်သိသင့်တာ ၁၉၄၇ ပင်လုံညီလာခံ လုပ်ခဲ့တဲ့ အချိန်နဲ့ အခုအချိန် အခြေအနေ အရမ်းကွာသွားပါပြီ။ ရခိုင်နိုင်ငံတော်၊ ရှမ်းနိုင်ငံတော်၊ ကချင်နိုင်ငံတော်တို့လို နိုင်ငံသေးသေးလေးတွေ ထပ်ခွဲထွက်ပြီး ရပ်တည်နိုင်ဖို့ မပြောနဲ့ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ မြန်မာနိုင်ငံ စသည်ဖြင့်တောင် ရပ်တည်လို့ မရတော့လို့ အိမ်နီးချင်း ၁၀ နိုင်ငံပေါင်းပြီး အာဆီယံနိုင်ငံတော်လို့ ဖြစ်အောင် ဦးတည် ဖွဲ့စည်းနေတာပါ။ ဒါနဲ့တင် မလုံလောက်တော့ အာဆီယံ +၂တို့ အာဆီယံ + ၃ တို့ လုပ်နေတာပါ။

အခုအချိန်မှာ အာဏာရှင်တွေ၊ ခရိုနီတွေ၊ ဘိန်းသမားတွေ၊ ကျောက်သမားတွေ၊ တိုင်းရင်းသားတွေ၊ ဘာသာတူတာတွေ၊ မတူတာတွေ၊ နိုင်ငံရေး အစဉ်အလာရှိတာတွေ မရှိတာတွေ ခွဲခြားမနေသင့်တော့ပါဘူး။ တိုင်းပြည်လည်း နာလှပါတယ်။ ရောင်းစားလို့ရတဲ့ သယံဇာတတွေကုန်မှ ငြိမ်းချမ်းရေး ရတာမျိုးတော့ မဖြစ်သင့်ပါဘူး။

သစ်၊ ကျောက်စိမ်း၊ မူးယစ်ဆေး ဆောက်လုပ်ရေး လုပ်ငန်း၊ ဘဏ်လုပ်ငန်းတို့က နိုင်ငံမှာ အများဆုံးလည်ပတ်တဲ့ ငွေတွေပါ။ အဲဒီလောက်များတဲ့ငွေတွေ တစ်နေရာရာမှာ အရင် မလည်ပတ်နိုင်းဘဲ ရုတ်တရက် ရပ်တန့်ခိုင်းရင် နိုင်ငံစီးပွားရေး ထိုင်ကျသွားမှာပါ။ အစိုးရက ထိန်းချုပ်ဖို့ လုပ်တာ မှန်ပေမဲ့ အကောင်အထည်ဖော်ပုံ လွဲနေပါတယ်။

လက်ရှိအခြေအနေမှာ နိုင်ငံတကာမှာတော့ နိုင်ငံရဲ့ စီးပွားရေးကို နှိုးဆွဖို့ အစိုးရရဲ့ သုံးစွဲမှု Government spending မြှင့်တင်ကြပါတယ်။ အမေရိကန်မှာတော့ Quantative easing ဆိုပြီး ဒေါ်လာတွေ ဘီလျံ ၇၀၀ ရိုက်ထည့်ပြီး ပြည်သူတွေ ဝေလိုက်ဖူးပါတယ်။ တကယ်လို့ အစိုးရနိုင်ငံရဲ့ ဘတ်ဂျတ်လိုငွေ အရမ်းမများစေချင်လို့ ပိုမသုံးချင်ဘူးဆိုရင် ဒါ့အပြင် ငွေဖောင်းပွတာ **အရမ်းမဖြစ်စေချင်လို့** ငွေတွေ ထပ်ပြီး မရိုက်ချင်ဘူးဆိုရင် နောက်လုပ်လို့ရတဲ့နည်းက ပုဂ္ဂလိက လုပ်ငန်းရှင်တွေ လုပ်လို့ရမယ့် စီမံကိန်း ခပ်များများ လုပ်ပိုင်ခွင့်ချပေးလို့ ရပါတယ်။ နမူနာပြောရရင် ကျောက်စိမ်းသမားတွေကို နိုင်ငံမှာရှိတဲ့ ရေကြီးတာ ကာကွယ်ဖို့နဲ့ လျှပ်စစ်ဓာတ်အားထုတ်ဖို့ ဆည်အကြီးစားတွေ အလုံး ၃၊ ၄၊ ၅၀ လောက် ဆောက်ဖို့ လုပ်ပိုင်ခွင့်ချပေးပါ။ ကျောက်စိမ်းသမားတွေမှာ ဆည်ဆောက်ဖို့ အကြီးစား မြေတူးစက် မြေသယ်စက်တွေ အစီးရေ သောင်းနဲ့ချီပြီး ရှိနေကြပါတယ်။ အဲဒါတွေက ကျောက်စိမ်းတူးခွင့် ပိတ်ကတည်းက ရပ်ထားရတာပါ။ အဲလိုလုပ်ဖို့ အစိုးရက ငွေစိုက်စရာ မလိုပါဘူး။ ခွင့်ပြုမိန့်ချပေးဖို့ပဲ လိုတာပါ။ ပြီးတော့ အဝေးပြေးလမ်းတွေလည်း တစ်နိုင်ငံလုံး လုပ်ကိုင်ခွင့်ပြုပေးသင့်ပါတယ်။ ကျောက်သမားတွေကို တကယ်လုပ်ခွင့်ပေးရင်တော့ ၄၊ ၅ နှစ်အတွင်း လမ်းလည်းကောင်း၊ လျှပ်စစ်လည်း ရ၊ ရေကြီးတာတွေလည်း ကာကွယ် ပြီးသားဖြစ်သွားမှာပါ။ ဒါ့အပြင် လျှပ်စစ်ရလို့ စက်ရုံရင်းနှီးလုပ်ကိုင်မယ့်သူတွေ ရောက်လာမှာပါ။

ဆောက်လုပ်ရေးသမားတွေကိုတော့ ကျူးကျော်တွေ ပြန်လည်နေရာချထားရေးအတွက် တန်ဖိုးနည်း အိမ်ရာတွေတည်ဆောက်ဖို့ လုပ်ပိုင်ခွင့် ချပေးပါ။ ကျူးကျော် ၅ သိန်းအတွက်

အိမ်ရာ တစ်သိန်းလောက် ချက်ချင်းလိုအပ်နေတာပါ။ ဒါ့အပြင် ရန်ကုန် မြို့တစ်မြို့တည်းမှာတင် လူဦးရေတိုးတာ အစိုးရ သက်တမ်းတစ်ခုအတွင်း လူတစ်သန်းလောက် ခပ်လွယ်လွယ် တိုးပါတယ်။ လူ ၄ယောက်ကို မိသားတစ်စုနှုန်းတွက်ရင် အိမ် နှစ်သိန်းခွဲ လိုပါတယ်။ တစ်နှစ်ကို အိမ်ငါးသောင်းလောက် အနည်းဆုံး လိုနေတာပါ။ အိမ်ရာလိုအပ်ချက်ရဲ့ ၉၀ ရာခိုင်နှုန်း အထက်က ကျပ်သိန်း ၂၀၀ အောက် တန်ဖိုးနည်းအိမ်ရာတွေပါ။ ကျန်တဲ့ ၉ ရာခိုင်နှုန်းက ကျပ် သိန်း ၅၀၀ – သိန်း ၁၀၀၀ ကြား တန်ဖိုးသင့်အိမ်ရာပါ။ နောက်ဆုံး ၁ ရာခိုင်နှုန်းထက်နည်းတဲ့ အိမ်တွေက တန်ဖိုးမြင့်အိမ်ရာတွေပါ။ အိမ်ရာစီမံကိန်းတွေ လုပ်ပိုင်ခွင့်ချပေးရင်လည်း အဲလိုအချိုးအစားမျိုးနဲ့ ချပေးသင့်ပါ တယ်။

အခုလို ဒေါ်လာဈေးတက်လာတဲ့အချိန်မှာ ပြည်တွင်းမှာ ထုတ်တဲ့ ကုန်ချောကုန်ပစ္စည်းတွေ နိုင်ငံခြားပို့ဖို့ စဉ်းစားသင့်ပါ တယ်။ စဉ်းစားသင့်တာတွေ – မြန်မာနိုင်ငံထွက် ပစ္စည်းတွေကို ကုန်ချောထုတ်တာအပြင် နိုင်ငံခြားက တစ်ဝက်တစ်ပျက်ထုတ် လုပ်ထားတာတွေကို ပြန်လည်တပ်ဆင်တာမျိုးတွေ ခွင့်ပြုသင့် ပါတယ်။ အရင်က ဂျပန်ကား၊ ကိုရီးယားကား၊ တရုတ်ကား ပြန်ဆင်တဲ့ ကုမ္ပဏီတွေရှိပါတယ်။ SKD (Semi Knock Down) လို့ ခေါ်ပါတယ်၊ သူတို့တွေ အများကြီး ရင်းနှီးမြှုပ်နှံခဲ့ပေမဲ့ လုပ်ငန်း အဆင်မပြေကြပါဘူး။ ကားသွင်းခွင့် ပိတ်ထားတဲ့အချိန်မှာ တင် သွင်းခွင့် မရသူတွေက SKD ရဲ့ သဘောတရားကို နားမလည်တဲ့ တာဝန်ရှိသူတွေကို အတို့အထောင်လုပ်ကြလို့ပါ။ အခု နိုင်ငံ တကာမှာ ပစ္စည်းတစ်ခုကို အစအဆုံး မထုတ်တော့ပါဘူး။

အစိတ်အပိုင်းတွေကို နေရာစုံမှာထုတ်ပြီး တစ်နေရာမှာ ပြန်တပ်ဆင်ကြပါတယ်။ ဟမ်းဖုန်းတစ်လုံးကို ဆယ်နိုင်ငံလောက်က စက်ရုံနှစ်ဆယ်လောက်က ထုတ်ပြီး တခြားနိုင်ငံတစ်ခုမှာ သွားဆင်တာပါ။ (အထူးသဖြင့် အခွန်ကင်းလွတ်ခွင့်ရတဲ့ နိုင်ငံမှာ သွားပြီး တပ်ဆင်တာမျိုး လုပ်ကြပါတယ်) မြန်မာပြည်က အဲဒါမျိုးလုပ်ငန်းနဲ့ မယဉ်ပါးတော့ အကောက်ခွန်ရှင်းလင်းရေးမှာ ပြဿနာတက်ပါတယ်။ ဒါ့အပြင် နားမလည်တဲ့လူက အကြံအဖန်လုပ်တယ် ထင်ကြပါတယ်။ အခု JICA က မြန်မာနိုင်ငံအစိုးရကို ဆိပ်ကမ်းတွေမှာ အသုံးပြုဖို့ အကောက်ခွန် စည်းကြပ်မှုစနစ်အသစ်တစ်ခု စီစဉ်သင်တန်းပေးနေပါတယ်။ MACCS (Myanmar Automated Cargo Clearance System) လို့ ခေါ်ပါတယ်။ အဲဒီစနစ်က တစ်ကမ္ဘာလုံးမှာ သုံးကြတဲ့ စနစ်ဖြစ်ပြီး တကယ်အကောင်အထည်ဖော်ပြီးသွားရင် မြန်မာနိုင်ငံမှာ တခြား နိုင်ငံတွေမှာ ထုတ်လုပ်ထားတဲ့ပစ္စည်းတွေကို လာတပ်ဆင်တာမျိုးတွေကိုပါ အလွယ်တကူ လုပ်ဆောင်နိုင်မှာပါ။ အစိုးရက ထပ်လုပ်သင့်တာက ပြည်တွင်းမှာ ထုတ်လုပ်မယ့် စက်မှုကုန်ထုတ်လုပ်ငန်းတွေကို ဆွဲဆောင်ဖို့ လိုလာပါတယ်။

ဒါကို ပြည်တွင်းလုပ်ငန်းရှင်တွေချည်း လုပ်ဖို့ မလွယ်ပါဘူး။ နိုင်ငံတကာဈေးကွက်အတွက် ထုတ်လုပ်နေတဲ့ နိုင်ငံခြားကုမ္ပဏီတွေနဲ့ပူးပေါင်း လုပ်ကိုင်နိုင်အောင် အစိုးရက ဥပဒေစည်းမျဉ်းစည်းကမ်း စတာတွေကို ပြောင်းပေးနိုင်ရင် အဆင်ပြေနိုင်ပါတယ်။ ဥပမာ အင်တာနက်ကောင်းလာတော့ outsourcing အလုပ်တွေ လာလုပ်လို့ ရနေပါပြီ။ ကိုရီးယားကုမ္ပဏီနဲ့ ပူးပေါင်းလိုက်တဲ့ ပေါင်မုန့်ထုတ်တဲ့ ကုမ္ပဏီကလည်း ကိုရီးယားကို မုန့်ပြန်ပို့ဖို့ စီစဉ်နေပါပြီ။ Steel structure နဲ့ အဆောက်အဦ

ဆောက်တဲ့ ဗီယက်နမ်ကုမ္ပဏီကလည်း သံမဏိထုတ်ကုန်တွေ ပို့ဖို့စီစဉ်နေပါတယ်။ ဂျပန်နဲ့ ဖက်စပ်လုပ်တဲ့ သံမဏိစက်ရုံတော့ ပြည်တွင်း စီမံကိန်းတွေနဲ့ ထုတ်လို့ မနိုင်လို့ ပြည်ပပို့ဖို့ မစဉ်းစား နိုင်သေးပါဘူး။ ဖက်စပ်ထုတ်လုပ်တဲ့ထဲမှာ ရုပ်ရှင်လည်း ပါပါတယ်။ ဂျပန်နဲ့ ဖက်စပ်ရိုက်တဲ့ 'သွေး' ဇာတ်ကားက နှစ် နှစ်ဆယ်အတွင်း ပထမဆုံးပါ။ ချစ်ကြည်ရေးအတွက် ဦးတည် ရိုက်တာပါ။ နောက်ပိုင်း ထိုင်းဒါရိုက်တာ မင်းသား မင်းသမီး တို့ ပါဝင်သရုပ်ဆောင်တဲ့ ကားတွေထွက်လာပြီး pre-production post production တို့ကို ထိုင်းမှာ သွားလုပ်တဲ့ကားတွေ ထွက်လာပြီး မြန်မာ့ရုပ်ရှင် ခေတ်သစ်ပြောင်းသွားပြီလို့ ပြော လို့ ရပါတယ်။ ရုပ်ရှင်အနေနဲ့တင်မက ယဉ်ကျေးမှုဓလေ့ထုံးစံကို ကောင်းကောင်းပြနိုင်ပြီး နိုင်ငံတကာ ဝင်တိုးလို့ ရနိုင်တဲ့ကားတွေ ဖြစ်ဖို့တော့ အစိုးရက မူဝါဒချပြီး ကူညီဖို့ လိုပါတယ်။ ရုပ်ရှင်ကဏ္ဍ က လူနည်းပြီး ခွင်ကျဉ်းတော့ မြန်မာ့စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ စိတ်ဓာတ်ပြုပြင်ပြောင်းလဲမှုတို့ကို စံပြအနေနဲ့ လုပ်သင့်တဲ့နယ်ပယ် ပါ။ အောင်မြင်သွားရင် အားလုံးအတုယူလုပ်ကြမှာပါ။

မူးယစ်ဆေးထုတ်လုပ်ရောင်းချတာ သုံးစွဲတာ မကောင်းပါ ဘူး။ ဖိလစ်ပိုင်မှာ လူဦးရေရဲ့ ၂ ရာခိုင်နှုန်း ဆေးစွဲနေပါတယ်။ အခု လက်ရှိသမ္မတ တက်လာတော့ မူးယစ်ဆေးသမားတွေ မူးယစ်ဆေးရောင်းဝယ်ဖောက်ကားမှုတွေနဲ့ပတ်သက်တဲ့ အရာရှိ တွေကိုပါ မချန်ဘဲ ရက်ရက်စက်စက် သတ်ဖြတ်တာ ၄၀၀၀ ကျော်ပါပြီ။ သမ္မတက လူသုံးသန်းလောက် သတ်ဖို့လိုရင် သတ်မယ်လို့ ပြောကြပါတယ်။ အရက်စက်ဆုံး ခေါင်းဆောင် တစ်ဦးလို့ ပြောကြပေမဲ့ နောက်မှာ ထောက်ခံတဲ့သူတွေ အများ ကြီးပါ။ မြန်မာနိုင်ငံမှာ တစ်ခါက ကမ္ဘာကျော် ဘိန်းဘုရင်ကြီး

တစ်ယောက် ရှိဖူးပါတယ်။ အစိုးရက လူတစ်ယောက်မှ မသတ်ဘဲ ဘိန်းဘုရင်ကြီးကို နိုင်ငံကောင်းကျိုးတွေ လုပ်လို့ရအောင် လမ်းဖွင့်ပေးနိုင်ခဲ့ပါတယ်။ အခု အဲဒီဘိန်းဘုရင်ကြီး ကွယ်လွန်ခဲ့ပါပြီ။ သူ မကွယ်လွန်မီ တည်ထောင်ခဲ့တဲ့ စီးပွားရေးလုပ်ငန်းကြီးက သူကွယ်လွန်ပြီး နှစ်ပေါင်းများစွာကြာတဲ့ အခုအချိန်အထိ နိုင်ငံကောင်းကျိုး ပြည်သူကောင်းကျိုးလုပ်နေတာ အမှန်ပါ။ သူ့ရဲ့ မျိုးဆက်က မူးယစ်ဆေးနဲ့ ထပ်ပတ်သက်တယ်ဆိုတာလည်း မကြားတော့ပါဘူး။ အဲဒါ ကမ္ဘာပေါ်မှာ မူးယစ်ရာဇာကို ကိုင်တွယ်ခဲ့တဲ့သမိုင်းထဲမှာ အသိမ်မွေ့ဆုံး၊ အအောင်မြင်ဆုံးဖြစ်ရပ်ပါ။ အဲဒီတုန်းက သူ့ကို ကိုင်တွယ်ခဲ့တဲ့နည်းအတိုင်း အခု မူးယစ်ဆေး ထုတ်လုပ်ရောင်းချနေသူတွေကို ကိုင်တွယ်ရမှာပါ။ လူတစ်ယောက် ချမ်းသာလာရင် ဥပဒေဘောင်အပြင်ဘက်မှာ ဘယ်သူမှ မနေချင်တော့ပါဘူး။ ဥပဒေဘောင်အတွင်းမှာ အေးအေးဆေးဆေးနေချင်ကြမှာပါ။ အထူးသဖြင့် အသက်အရွယ်ရလာတဲ့ အချိန်မှာပေါ့။ မူးယစ်ဆေးသမားလို့ မခွဲခြားဘဲ တိုင်းပြည်အကျိုးရှိအောင် အသုံးချနိုင်ဖို့ လိုပါတယ်။

ဘဏ်လုပ်ငန်းရှင်တွေက အစွမ်းကုန်ကြိုးစား လုပ်ကိုင်ပေးတယ်လို့ လက်ခံလို့ ရပါတယ်။ ဒါပေမဲ့ အကြောင်းကြောင်းကြောင့် အကျိုးအမြတ်သေချာမရဘူးဆိုတာလည်း သဘောတူပါတယ်။ မြန်မာနိုင်ငံက ဘဏ်တွေက ရန်ကုန် ပုသိမ်လမ်းက ရထားလို ဖြစ်နေတာပါ။ ဘီလျံနဲ့ ချီပြီး ရင်းနှီးလုပ်ကိုင်ထားပေမဲ့ တစ်ရက်ကို စီးတဲ့လူ ခြောက်ယောက် ခုနစ်ယောက်ပဲရှိနေသလိုပါ။ အခု လက်ရှိဖွဲ့စည်းပုံနဲ့၊ လုပ်ပိုင်ခွင့်နဲ့ စွမ်းဆောင်နိုင်မှုယှဉ်ရင် သေချာပေါက် ရှုံးမှာပါ။ ဘဏ်လုပ်ငန်းရှင်တွေ အမြတ်လည်း လိုချင်တယ်၊ ပြည်တွင်းလုပ်ငန်းရှင်တွေကို နိုင်ငံတကာက

အတိုးနှုန်းမျိုးပေးချင်တယ်ဆိုရင် လုပ်လို့ရတဲ့နည်းတစ်ခု ရှိပါတယ်။ နိုင်ငံခြားဘဏ်တွေကို လုပ်ပိုင်ခွင့်ပေးလိုက်ပါ။ နိုင်ငံခြားဘဏ်တွေမှာ အခုလက်ရှိဘဏ်လုပ်ငန်းရှင်တွေ ရှယ်ယာထည့်လိုက်ပါ။ နမူနာပြောရရင် အရင်က ဆက်သွယ်ရေးကို မြန်မာလုပ်ငန်းရှင်တစ်ဦးတည်းကို လုပ်ပိုင်ခွင့်ချပေးတော့ အဲဒီလုပ်ငန်းရှင်လည်း မမြတ်၊ နိုင်ငံသားတွေလည်း အလုပ်မဖြစ်ပါဘူး။ အခုနိုင်ငံခြားသားတွေလုပ်တော့ ပြည်သူတွေလည်း အင်တာနက်ကိုဈေးပေါပေါ ကောင်းကောင်းသုံးလို့ ရနေတယ်လေ။ ရှယ်ယာထည့်လိုက်တဲ့ ပြည်တွင်းလုပ်ငန်းရှင်လည်း အကျိုးအမြတ်ရှိနေတာပဲ။ ဘဏ်တွေကို ပြည်တွင်းလုပ်ငန်းရှင်လုပ်လို့ မကိုက်ဘူးဆိုတာကို တစ်နိုင်ငံလုံးက ပြည်သူတွေခါးစည်းပြီး ခံခိုင်းစရာမလိုပါဘူး။ လုပ်နိုင်တဲ့သူ လုပ်ခွင့်ပေးလိုက်ဖို့ လိုပါတယ်။

( ဒီဆောင်းပါးကို ၂၀၁၈ ခုနှစ် စက်တင်ဘာလမှ စရေးပြီးရေးလို့ မပြီးခင် တစ်ဝက်တစ်ပျက်နဲ့ ဖေ့ဘုတ်မှာ တင်ခဲ့ပြီးလူကြိုက်များခဲ့ပါတယ်။ စာအုပ်ထုတ်ဖို့ စီစဉ်တဲ့ ၂၀၁၉ ဧပြီလမှာအခြေအနေတွေက အတော်ပြောင်းသွားပါတယ်။ ပိုဆိုးသွားတာရှိသလို ပိုကောင်းသွားတာလည်း ရှိပါတယ်။ တတ်နိုင်သလောက် ပြန်ပြင်ထားပေမဲ့ ပြည့်စုံသွားအောင်တော့ စာဖတ်သူပါ ဝိုင်းစဉ်းစားမှ ပြည့်စုံတော့မယ်ထင်ပါတယ်၊ အပြုသဘောနဲ့ဝေဖန်ပြီး နိုင်ငံကောင်းအောင် ဝိုင်းပြီး လုပ်ဆောင်နိုင်ဖို့ ဆန္ဒပြုပါတယ်)

တွေးမိတွေးရာပါ။











# ဖုန်ကန်ရာင် ရေခဲတောင် (သို့မဟုတ်) အထမ်း ထမ်းပြီး အသက်ရှင်သန်ခွင့်

(လွန်ခဲ့တဲ့ နှစ်ပတ်က တက်ခဲ့တဲ့ ရေခဲတောင်ပါ။ ၈၆ မိုင်ကို ၉ ရက်ကြာ တစ်ရက်ကို တောင်တက်ချိန် ၆ နာရီမှ ၉ နာရီကြား ~ 8kg ထမ်းပြီး ရေခဲမိုးထဲ နှင်းထဲ ဖြုတ်ကိုက်ခံပြီး တက်ခဲ့တာပါ)

မြန်မာနိုင်ငံက ရေခဲတောင်တက်ဖို့က သိပ်တော့ မလွယ်တာ အမှန်ပါ။ တက်တဲ့အဖွဲ့တိုင်း တောင်ထိပ်မရောက်ကြပါဘူး။ အထူးသဖြင့် မိုးရွာပြီး နှင်းကျတဲ့အချိန် တောင်ထိပ်ရောက်ဖို့ ကြိုးစားမှုအပြင် ကံကောင်းဖို့ လိုပါတယ်။ အခု စတက်တဲ့ နှစ်ရက် ပြန်ဆင်း၊ နောက်ဆုံးနှစ်ရက် လမ်းမှာ မိုးရွာပြီး တောင်ထိပ်မှာ နှင်းအရမ်းကျခဲ့ပါတယ်၊

အခုရက်ပိုင်း အချိန်မှာ တက်တဲ့လူထဲမှာ ၅၀ ရာခိုင်နှုန်းလောက်ပဲ တောင်ထိပ်ရောက်ကြပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့နှစ်နှစ်ဆယ်အတွင်း တောင်ထိပ်ပေါ် ရောက်အောင်တက်ခဲ့နိုင်သူ ငါးထောင် မပြည့်သေးဘူးလို့ ပြောကြပါတယ်။ အရင်က သွားခွင့်ပိတ်ထားပြီး ၁၉၉၈ ခုနှစ်ကျမှ ပြန်စတက်ပြီး ၂၀၁၇ ခုနှစ်မှာ ခရီးစဉ်စီစဉ်ပေးတဲ့ ဒေသခံတစ်ဦးက မီဒီယာတွေနဲ့ တွေ့ဆုံပွဲလုပ်ပြီး လူသိများလာတဲ့ ခရီးစဉ်ပါ။ မြန်မာပြည်ကရေခဲတောင်ခရီးစဉ်က တကယ် virgin region လူ ပြုပြင်ထားတာ မရှိဘဲ သဘာဝအတိုင်း ရှိနေတဲ့နေရာ ဆိုပါတော့။ သွားရတာက ပူတာအိုမြို့အထိ လေယာဉ်ပျံနဲ့သွားပြီး ပူတာအိုကနေ ကျောက်စိမ်းတောင်အထိ ၁၄ မိုင်ကို ဆိုင်ကယ်ကားလေးနဲ့ တစ်နာရီလောက် လမ်းကြမ်းလေး သွားရပါတယ်။ ကျောက်စိမ်းတောင်ခြေကနေစပြီး ၅ ရက် ဆက်တိုက်တက်ရင် တောင်ထိပ်အထိ ရောက်နိုင်ပါတယ်။ အပြန်ခရီးက ၄ ရက်ဆိုတော့ စုစုပေါင်း ၉ ရက်ပါ။ အခုခရီးမှာ တောင်တက်တာတွေအပြင် တခြားဟာတွေ လုပ်ခဲ့ပါတယ်။

ဒေသခံလူတွေအကြောင်း ပိုလေ့လာခဲ့တာပါ။ ဒေသခံထဲက လူတွေ၊ ကျောင်း၊ ဆေးပေးခန်း၊ လူနေမှုဓလေ့စရိုက် စတာတွေကို လေ့လာခဲ့ပါသေးတယ်။ သူတို့ရဲ့ အခက်အခဲ ရုန်းကန်လှုပ်ရှားနေရပုံတွေ လေ့လာခဲ့တာပါ။

အခု ပြောပြချင်တာက တောင်တက်အတွေ့အကြုံထက် ဒေသခံတွေ တွေ့ကြုံရတဲ့ ပြဿနာတွေနဲ့ ဖြေရှင်းဖို့ ဖြစ်နိုင်တဲ့ အဖြေတွေ ဆိုပါတော့။

## မှတ်မှတ်ရရ ဖြစ်တာတွေက

ဒေသခံတစ်ဦးပြောတာတစ်ခုက တောင်တက်သမားတွေ လာပြီး တောင်ပေါ် ရောက်ရင် 'ရှုခင်းကြည့်၊ ဓာတ်ပုံရိုက် အလံထောင်၊ ပြီးရင် ဓာတ်ပုံရိုက်ပြီး ပြန်ရော၊ ဘာမှလည်း မလုပ်ကြဘူး' ဆိုတာပါ။ ပြန်တွေးကြည့်တော့ ကိုယ်လည်း ဒါပဲ လုပ်မိတော့ ဒေသခံတွေ အမြင်မှာ အူကြောင်ကြောင်လို့ အထင်ခံရတဲ့ အထဲ ပါသွားသလိုပါ။

နောက်တစ်ခုက အတူလိုက်တောင်တက်တဲ့ ကောင်မလေး အထမ်းသမားက အသက် ၁၉ နှစ်ပဲ ရှိသေးတဲ့ ကောင်မလေးပါ။ သူက ၉ ရက် အထမ်းခ တစ်သိန်းလောက်ရဖို့ ၂ ရက်လောက် လမ်းလျှောက်ပြီး ပူတာအိုလာရပြီး ခရီးစဉ်ပြီးတော့ သူ့ရွာကို နှစ်ရက် လမ်းလျှောက်ပြန်ရမယ်ဆိုတာ သိလိုက်ရတာပါ။

နောက်တစ်ခုက နိုင်ငံခြားသားတွေ ရေခဲတောင် လာတက်ရင် အထမ်းခပိုရသလို သူတို့ ထမ်းတာမြင်ရတဲ့ နိုင်ငံခြားတိုင်း သနားပြီး ဘောနပ်စ်လည်း ပိုပေးတတ်တာကြောင့် သူတို့က နိုင်ငံခြားသားတောင်တက်သမား မျှော်တတ်ပေမဲ့ ၂၀၁၆ ဒီဇင်ဘာလကစပြီး နိုင်ငံခြားသား လာခွင့်ပိတ်လိုက်ပြီး ပြည်တွင်း ခရီးသည်တွေကလည်း ရေခဲတောင်ခရီးစဉ်က ဈေးကြီးလို့ သိပ် မလာတတ်တာကြောင့် 'အထမ်းထမ်းပြီး အသက်ရှင်သန်ခွင့်လေး လိုချင်ပါတယ်' ပြောတဲ့ အထမ်းသမားလေးရဲ့ စကားပါ။

အခု ခရီးစဉ်မှာ တောင်တက်ဖို့က ၃ ယောက်ပါ။ ဒါပေမဲ့ အထမ်းသမား ၇ ယောက် လိုပါတယ်။ ဒါတောင် တစ်ကိုယ်စာ ၁၅ ပေါင် ၁၆ ပေါင်လောက် ကိုယ့်တာသာကိုယ် သယ်ရပါတယ်။ အထမ်းသမားတွေက စခန်းချမယ့် နေရာရောက်တိုင်း ရေခပ်၊ ထင်းရှာ၊ ထမင်းဟင်းချက်၊ အိပ်ဖို့ စီစဉ်ပေးကြရပါတယ်။

ရေ တစ်ခါ သွားခပ်ဖို့ နာရီဝက်ကျော်လောက် အနည်းဆုံး သွားရပြီး ပုံမှန်တောင်တက်လမ်းထက် ကြမ်းပြီး တောင်ကျရေ စီးကျတာကို ခက်ခက်ခဲခဲ ခံယူရတာကို စပ်စုပြီး လိုက်ကြည့်ပြီး တွေ့သွားတဲ့ တောင်တက်ဖော်က 'မင်းတို့ ခပ်လာတဲ့ ရေ တစ်စက်ကို သောက်တောင် မသောက်ရက်ဘူးကွာ' လို့ ပြောမိတဲ့ အထိပါ။ ထင်းခုတ်တာလည်း ဒီအတိုင်းပါပဲ။ ထမ်းလို့ တစ်နိုင်စာ အရွယ်အကိုင်းတွေ ရှာခုတ်ပြီး ထမ်းယူလာရတာပါ။

ခရီးစဉ်မှာ တွေ့မိတဲ့ရွာတစ်ရွာက အိမ် ၈ အိမ်ပဲ ရှိပါတယ်။ အဲဒီအိမ်အားလုံးက မိဘနှစ်ဦးရဲ့ အိမ်နဲ့ သားသမီး ၇ ယောက်ရဲ့ အိမ်တွေဖြစ်နေတာပါ။ အားလုံး လူဦးရေ ၄၉ ယောက် ရှိပါတယ်။ မိဘသားသမီးနဲ့ မြေးတွေချည်းပါပဲ။

တောင်တက်သမားတွေက ပစ္စည်းအများကြီး မသယ်နိုင်နေတော့ အင်္ကျီတစ်ထည်ကို လေးငါးရက် ဝတ်တတ်ပါတယ်။ အထမ်းသမားတွေက ညဘက် ဖဲရိုက်တော့ သူတို့ လောင်းကြေးက ရှုံးတဲ့သူက နိုင်တဲ့သူရဲ့ ခြေအိတ်ကို နမ်းကြေးတဲ့။ တောင်တက်သူတွေလည်း ဒီအတိုင်းပါပဲ။ အင်္ကျီတစ်ထည် လေးငါးရက်ဝတ်တာ ပုံမှန်ပါ။ ရေဆယ်ရက် မချိုးဖို့လည်း တောင်တက်ဖော်က စိန်ခေါ်ခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ အနောက်မြောက်ဘက်အကျဆုံး ဇီယာဒမ်ရွာကို ရောက်တော့ အိမ်ခြေ ၂၃ အိမ် လူဦးရေ ၂၀၀ ဝန်းကျင်ရှိပြီး အသက် ၁၀၀ ကျော် နှစ်ယောက်ရှိတယ်ပြောတော့ သေချာအောင် သွားကြည့်ပြီး မှတ်ပုံတင်မွေးစာရင်းပါ တောင်းကြည့်မိပါတယ်။ တစ်ယောက်က မှတ်ပုံတင်မှာ မွေးနှစ် ၁၉၄၀ လို့ ရေးထားပါတယ်။ နောက်တစ်ယောက်ကတော့ မှတ်ပုံတင် ပျောက်နေတယ်လို့ ပြောပါတယ်။ ပျောက်မိတ္တူလုပ်ဖို့ကလည်း

သွားဖို့ လာဖို့က ခက်တာနဲ့ မလုပ်ဖြစ်ဘူးလို့ ပြောပါတယ်။

ဝါဆယ်ဒန်းဆိုတဲ့ ရွာရောက်တော့ အိမ်ခြေ ၇၀ ကျော် ရှိပါတယ်။ ဒါပေမဲ့ သူတို့ရွာအတွက် စိုက်ပျိုးမြေ ဧက ၈၀ ပဲ ရှိတယ်လို့ ပြောပါတယ်။ ပြီးတော့ သစ်တောဌာနနဲ့ Wildlife Conservative Society (WCS) ကမ္ဘာ့ သစ်တောထိန်းသိမ်းရေးအဖွဲ့က တောင်ယာချဲ့ခွင့်မလုပ်ရဘူးလို့ အတားခံနေရတယ်လို့ ပြောပါတယ်။

ပူတာအို ကျော်သွားတဲ့ ရွာတွေမှာ ဓာတ်ဆီတစ်ပုလင်းကို ၂၀၀၀ ရောင်းပါတယ်။ တစ်ဂါလံ ၁၂၀၀၀ ကျပ်ပါ။ ပုလင်းဝက်ယူရင်တော့ ၁၅၀၀ ကျပ်ပါ။ တခြားကုန်ပစ္စည်းတွေရဲ့ ဈေးနှုန်းကို ခန့်မှန်းကြည့်လို့ ရပါတယ်။ ခပ်ရွယ်ရွယ် ကြက်တစ်ကောင်ကို ကျပ်တသောင်း ပေးဝယ်လို့ မရနိုင်ပါဘူး။ ဇီယာဒမ်းရွာကနေ ပူတာအို ၃ နာရီ ဆိုင်ကယ်ခရီးကို လူတယောက်ဆိုင်ကယ်နဲ့ သွားချင်ရင် ၆၀၀၀၀၊ ၇၀၀၀၀ လောက်တောင်းတတ်ပါတယ်။

မြန်မာနိုင်ငံမှာ ပိုလီယို ပပျောက်ပြီလို့ ကြေငြာထားပေမဲ့ ပိုလီယိုလို့ ယူဆရတဲ့ ကလေးနှစ်ယောက်ကို ဝါဆယ်ဒန်းရွာမှာ အမှတ်တမဲ့ တွေ့မိလိုက်ပါတယ်။ ပြန်စစ်ကြည့်ဖို့ လိုမယ်ထင်ပါတယ်။ ကလေးတွေအများစုက ဖြတ်ကိုက်တာနဲ့ ရေရှိုးဖို့ အေးပြီး ညစ်ပတ်တာတို့ကြောင့် အရေပြားရောဂါ အများစု ဖြစ်နေကြပါတယ်။ (ရွာတစ်ရွာရောက်တိုင်း မုန့်ဝေပေးပြီး လာယူတဲ့ ကလေးတွေကို သတိထားကြည့်မိတာပါ)

ရွာတွေက သားသမီးတွေကို ပူတာအိုလောက်ကို ပို့ပြီး ကျောင်းထားမယ်ဆိုရင် တစ်နှစ်ကို စရိတ် သိန်း ၂၀ ကနေ သိန်း ၃၀ လောက်အထိ ကုန်တတ်တာကြောင့် အများစုက မတတ်နိုင်ကြပါဘူး။

၂၀၁၉ ခုနှစ်အတွင်း ဖြစ်တဲ့ ဒေသတွင်းပြဿနာတစ်ခုက သစ်တောဌာနနဲ့ Wildlife Conservative Society (WCS) ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တို့က ဒေသခံတွေကို သစ်ပင်မခုတ်ဖို့ တောင်ယာခုတ်ပြီး စိုက်ခင်းမလုပ်ဖို့ ကြပ်မတ်ရာက ဒေသခံတွေနဲ့ ပဋိပက္ခဖြစ်ကြတာပါ။

ပူတာအိုမှာ Wildlife Conservative Society (WCS) နဲ့ သစ်တောဌာနတို့ကို ဆန္ဒပြတာမျိုး၊ ဒေသတွင်းက သစ်တောဝန်ထမ်းတို့ကို မောင်းထုတ်တာမျိုးကို ဒေသခံတို့က လုပ်ခဲ့ပါတယ်။

Wildlife Conservative Society (WCS) နဲ့ သစ်တောဌာနဘက်က ကြည့်ရင် မှန်ပါတယ်။ ဒေသခံတွေ အိမ်သုံးအတွက် သစ်ပင်ခုတ်နေတာ ခရီးသွားတွေ လာနေလို့ သစ်နဲ့ မီးဆိုက်နေကြတာ သစ်တောပြုန်းစေတဲ့အတွက် သစ်တောထိန်းသိမ်းဖို့ လိုနေပါတယ်။ ဒါပေမဲ့ သူတို့က သစ်ပင်မခုတ်ရဘူးလို့ အတင်းအကျပ် တားမြစ်တာ များနေပါတယ်။ ရှိတဲ့ ခရီးသည်တွေရဲ့ အထုပ်ထမ်းပေးတဲ့ အလုပ်ကိုတော့ ပျောက်သွားအောင် နိုင်ငံခြားသား ခရီးသွားခွင့်မျိုးကို ပိတ်ပင်၊ သစ်တောဌာနက ခရိုနီတွေကိုတော့ သစ်ထုတ်လုပ်ခွင့်ပြုတာမျိုး၊ စိုက်ခင်း အသစ်ခွင့်ပြုပြီး ရှင်းလင်းထုတ်ယူခွင့်ပြုပြီး ဒေသခံတွေကိုတော့ အိမ်သုံးအတွက် သုံးစွဲတာကိုတော့ မခုတ်ရဘူးလို့ တားမြစ်တာကတော့ တကယ်မတရားဘူးလို့ ဒေသခံတွေ ခံစားရတာ အမှန်ပါ။

## ဘာလုပ်ရင် ကောင်းမလဲ။

ကချင်တိုင်းရင်းသားမျိုးနွယ်စုထဲက ရဝမ်အများစုပါတဲ့ လီဆူ၊ ဂျိန်းဖောနဲ့ ရှမ်းစတဲ့ တိုင်းရင်းသားတွေ အရေးကို

မိသားစုအရေးလို့ သဘောထားပြီး အားလုံး ဝိုင်းလုပ်ပေးဖို့ လိုပါတယ်။

ပထမဆုံးလုပ်သင့်တာက နိုင်ငံခြားတွေ တောင်တက် ခရီးသွားခွင့် ပိတ်ပင်ထားတာကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလက စပြီး ပိတ်ပင်ထားတာကို ပြန်ဖွင့်ပေးပြီး ဒေသခံ အထမ်းသမားလေး ပြောသလို 'အထမ်းထမ်းပြီး အသက်ရှင်သန်ခွင့်' ပြုသင့်ပါတယ်။ အရင် ၂၀၁၁၊ ၂၀၁၂ တုန်းကလည်း အခုလို ပိတ်ပင်တာမျိုး ယာယီလုပ်ခဲ့ဖူးပြီး လူငယ်တွေ အလုပ်အကိုင် ဆုံးရှုံးတာမျိုး ရှိခဲ့ပြီး အခုအကြိမ်ကတော့ ပိုကြာနေတဲ့အတွက် လူငယ်အများစုက ဖားကန့်၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့ကို အလုံးအရင်းနဲ့ ဒေသကို စွန့်ခွာပြီး အလုပ်ကိုင်ရှာဖွေ လုပ်ကိုင်နေရပါတယ်။ တကယ်တော့ တရားဝင်ခွင့်ပြုခြင်းမရှိတာဟာ တရားမဝင် ဝင်ရောက်ခြင်းကို ဖြစ်ပေါ်စေပြီး (အပြန်လမ်းမှာ ထိုင်းတစ်ဖွဲ့ ခွင့်ပြုထားခြင်းမရှိတဲ့နေရာကို ဖြတ်သန်းသွားတာကို ကိုယ်တိုင်တွေ့ခဲ့ရပါတယ်) လာဘ်စားခြင်းကို ဖြစ်စေပြီး နိုင်ငံတော်က ရသင့်တဲ့ အခွန်အခတွေ နစ်နာဆုံးရှုံးစေနိုင်ပါတယ်။

အမှန်တကယ် Wildlife Conservative Society (WCS) နဲ့ သစ်တောဌာနက အကောင်းဆုံးလုပ်နိုင်တာက ဒေသခံတွေ သစ်ပင် မခုတ်ချင်လာအောင် အခြေအနေတစ်ခု ဖန်တီးပေးဖို့ပါ။ အောင်မြင်နေတဲ့ နမူနာတစ်ခုကို ပေးရရင် အခု အဲဒီဒေသမှာရှိတဲ့ လူတွေက အလင်းရောင်ရဖို့ ဘယ်သူမှ သစ်ပင်ခုတ်ပြီး မီးမရှို့ကြတော့ပါဘူး။ ဆိုလာပြားတွေ တပ်ပြီး အလင်းရောင် ရနေကြတာ သစ်ပင်မီးရှို့တာထက် ပိုလွယ်ပြီး အဆင်ပြေနေလို့ပါ။

အခုဒေသခံတွေ ထင်းနဲ့ မီးဆိုက်နေရတဲ့ အကြောင်းရင်းတွေကို လေ့လာကြည့်ရင် ချက်ပြုတ်ဖို့ပါ။ နောက်တစ်ခုက

အရမ်းအေးတဲ့ဒေသဖြစ်လို့ ရေနွေးနဲ့ ရေချိုးဖို့နဲ့ မီးလှုံဖို့ပါ။ ရေနွေးရဖို့ ဆိုလာရေနွေးစက်တွေ ရှိပါတယ်။ ဒါကို ဈေးသက်သက်သာသာနဲ့ သုံးနိုင်အောင် တင်သွင်းပေးနိုင်ရင် အဆင်ပြေနိုင်ပါတယ်။ ချက်ပြုတ်ဖို့ကို LPG ရေနံဓာတ်ငွေ့ရည်ကို စီစဉ်ပေးနိုင်ရင် ခက်ခက်ခဲခဲ သစ်ပင်ခုတ်တာမျိုး ဘယ်သူမှ လုပ်တော့မှာ မဟုတ်ပါဘူး။ ဒီအတိုင်းပဲ ရဝမ်တိုင်းရင်းသားတွေနေတဲ့ အဲဒီဒေသက ချောင်းထဲမှာ လှပတဲ့ ကျောက်တုံးတွေ အများကြီး ရှိနေပါတယ်။ အိမ်တွေကို ကျောက်တုံးတွေနဲ့ ဆောက်တဲ့နည်းပညာတွေ ဖြန့်ဖြူးပေးပြီး နမူနာ စံပြအနေနဲ့ အိမ် ၂၃–၂၄ လုံးပဲရှိတဲ့ ဇီယာဒမ်းလိုရွာမျိုးမှာ ဆောက်ပေးနိုင်ရင် tourist attraction နိုင်ငံခြား ဧည့်သည်ဆွဲဆောင်ရာလည်း ဖြစ်၊ ဧည့်သည်တွေလည်း ကျောက်တုံးနဲ့ ဆောက်ထားတဲ့ အိမ်တွေ လေ့လာလို့လည်း ရ၊ ရွာသားတွေလည်း ဧည့်သည်တည်းလို့ ဝင်ငွေလည်း ရမယ်ဆိုရင် ဘယ်ရွာသားမှ သစ်ပင်ခုတ်မှာ မဟုတ်တော့ပါဘူး။ နောက်တစ်ခုက ပူတာအိုနားက ခြေလျင်စတက်ရတဲ့ ကျောက်စိမ်းတောင် အစကနေ ဇီယာဒမ်းရွာအထိ ခြေလျင်သွားရတဲ့ လမ်းတစ်လျှောက်ရှိတဲ့ ရွာလေးငါးရွာလောက်ပဲရှိပြီး လူဦးရေတစ်ထောင် ပတ်ဝန်းကျင်ရှိပြီး အဲဒီရွာတွေအတွက် တစ်နိုင်တစ်ပိုင် ရေအားလျှပ်စစ်အသေးစား 5 KVA မီးအားထုတ်စက်လေးတွေ တည်ဆောက်ပေးဖို့ နေရာ အတော်များများ ရှိနေပါတယ်။ (သာမန် တောင်ကျရေ ချောင်းရေတို့နဲ့ အိမ်သုံးအတွက် လုပ်ထားတာ နှစ်နေရာ တွေ့မိပါတယ်) အဲဒါကိုလည်း လုပ်ပေးသင့်ပါတယ်။

နောက်တစ်ခုက ပညာရေးပါ။ စက်မှုလက်မှုသိပ္ပံ GTI ကို ပူတာအိုမှာ တွေ့မိပါတယ်။ အဲဒါက ၁၀ တန်းပြီးမှ တက်ရပြီး

အငယ်တန်း အင်ဂျင်နီယာတွေ မွေးထုတ်ပေးတာပါ။ ပူတာအို ပတ်ဝန်းကျင် ဒေသဖွံ့ဖြိုးရေးလုပ်ချင်ရင် စက်မှု၊ စိုက်ပျိုးနဲ့ သက်မွေးပညာဦးစီးဌာနလက်အောက်က စက်မှုလက်မှု သင်တန်းကျောင်းမျိုး singapore က poly technique မျိုးက အနေတော်ပါ။ အလယ်တန်းပညာကျောင်းပြီးတဲ့ ကျောင်းသားတွေ အလုပ်ခွင်တန်းဝင်လို့ရအောင် သင်ပေးတဲ့ နှစ်နှစ်သင်တန်းမျိုးပါ။ သင်ကြားပေးသင့်တာတွေက ဒေသလိုအပ်ချက်နဲ့ ကိုက်အောင် သင်ရိုးညွှန်းတမ်း ဆွဲသင့်ပါတယ်။ ဆိုင်ကယ် ပြုပြင်တဲ့သင်တန်းမျိုး၊ ဆိုလာလျှပ်စစ် တပ်ဆင် ပြုပြင်ထိန်းသိမ်းရေး သင်တန်းမျိုး၊ အသေးစား ရေအား လျှပ်စစ်ထုတ်လုပ် ထိန်းသိမ်းခြင်း သင်တန်းမျိုး၊ ခရီးသည် လမ်းညွှန်သင်တန်းမျိုး ဧည့်လမ်းညွှန် အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာ၊ ထိုင်းဘာသာ၊ ဂျာမန် ပြင်သစ်ဘာသာတို့ သင်ပေးတာမျိုးက ချက်ချင်းအသုံးတည့်နိုင်ပါတယ်။ ဒါအပြင် အပင်တွေ ပြုစုပျိုးထောင်ထိန်းသိမ်းနည်း၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်နည်း၊ ဖျက်ဆီးခြင်း၊ အသုံးချခြင်း စသည်တို့ကိုလည်း သင်ပေးသင့်ပါတယ်။ ဒေသခံတွေက အပင်တွေကို ထိန်းသိမ်းဖို့ လိုကြောင်း သိရှိပြီး ဝိုင်းဝန်းထိန်းသိမ်းပေးမှ သစ်တောထိန်းသိမ်းရေးက အောင်မြင်မှာပါ။

ခရီးသည်များများသွားနိုင်အောင် လမ်းပန်းဆက်သွယ်ရေး ကောင်းဖို့ လိုပါတယ်။ မြန်မာနိုင်ငံက ပြည်တွင်းခရီးသည်တွေကို လေ့လာကြည့်တဲ့အခါ တစ်ကြိမ်ခရီးသွားရင် ၄ ရက် ၅ ရက် ကြာခရီးသွားမျိုးနှင့် ကုန်ကျငွေ သုံးလေးသိန်းခန့် ခရီးမျိုးကို အများစုရွေးချယ်ကြတယ်လို့ ဆိုပါတယ်။ ရေခဲတောင်ခရီးစဉ်က အခုအချိန်မှာ ၁၁ ရက် ၁၂ ရက်လောက် အနည်းဆုံးကြာပြီး ၁၅ သိန်းလောက် အနည်းဆုံး ကုန်ကျနေလို့ အများစုက သွားဖို့

မတတ်နိုင်ကြပါဘူး။ ခရီးသွားရက်နဲ့ ကုန်ကျစရိတ်လျှော့မယ်ဆိုရင် ၂၀၁၁ ခုနှစ်ခန့်က လမ်းအူကြောင်း ဖောက်လုပ်ခဲ့ပြီး ကားများ တစ်နှစ်သွားခဲ့ပြီး အခုအခါ ပျက်စီးနေတဲ့ ကျောက်စိမ်းတောင် ဇီယာဒမ်းကားလမ်းကို ပြန်အကောင်အထည်ဖော်ဖို့ လိုပါတယ်။ ဇီယာဒမ်းအထိ ကားရောက်နိုင်ရင်တော့ တောင်တက်ခရီးကို ကြာချိန် တစ်ဝက်ခရီးလောက် လျှော့ချနိုင်ပြီး ကုန်ကျစားရိတ်လည်း အများကြီးလျှော့ချနိုင်မှာဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်မှာ လမ်းပေါက်သွားပြီဖြစ်တဲ့ ၂၁၈မိုင် ရှည်တဲ့ မြစ်ကြီးနား–ပူတာအို ကားလမ်းကိုလည်း အဆင့်မြှင့်ပေးဖို့ လိုပါတယ်။ ဂျပန်နိုင်ငံက ဖူဂျီတောင် နီပေါက ဧဝရက်တောင် base camp တို့က တစ်နှစ်ကို လူသန်းချီပြီးသွားလည်ကြပါတယ်။ ကချင်ပြည်နယ်က ရေခဲတောင်က ၂၀၁၇ မှာ ၁၀၀ ကျော် ၂၀၁၈ ခုနှစ်မှာ ၂၀၀ ၃၀၀ လောက် သွားကြပြီး အခု ၂၀၁၉ ခုနှစ်မှာ လူ ၄၀၀ လောက်တက်မယ်လို့ ခန့်မှန်းကြတော့ အများကြီး အလားအလာ ရှိနေတာပါ။ တကယ်သေချာ စီမံခန့်ခွဲနိုင်ရင် ကချင်ပြည်နယ်က ရေခဲတောင်တစ်ခုတည်းရဲ့ ခရီးသွားလုပ်ငန်းဝင်ငွေတစ်ခုတည်းနဲ့ ပြည်နယ်တစ်ခုလုံးရဲ့ ထုတ်ကုန်တန်ဖိုးမြင့်လို့ ရပါတယ်။ (အကြမ်းအားဖြင့် တွက်ပြပါမယ်။ ဧည့်သည်တစ်ယောက် ရေခဲတောင် လာလည်တာ ဒေါ်လာ ၅၀၀ သုံးရင် အယောက် တစ်သိန်းလာရင် ဒေါ်လာ သန်း ၅၀ ရပါမယ်။ အဲဒီသန်းငါးဆယ်ကို ရလိုက်တဲ့ လေကြောင်းလိုင်းတွေ၊ ကားသမားတွေ၊ ထမင်းဆိုင် တည်းခိုခန်း ဟိုတယ်တွေက အကြိမ်ကြိမ်ပြန်သုံးတာ အကြိမ် ၃၀ ကျော်လောက် လည်ပတ်နိုင်တယ်လို့ ပညာရှင်တွေက ခန့်မှန်းကြတော့ ဒေါ်လာ သန်း ၅၀ က သန်း ၁၅၀၀ ဖြစ်ပြီး နိုင်ငံစီးပွားရေးကို မြင့်တက်စေတာပါ။

အဲဒါ တစ်နိုင်ငံလုံးက ရောင်းလို့ရတဲ့ သဘာဝ ဓာတ်ငွေ့အားလုံးရဲ့ တစ်ဝက်ပါ။ အဲဒါကို 'ရေခဲတောင်ပေါ်တက်၊ ရှုခင်းကြည့်၊ အလံထောင်၊ ဓာတ်ပုံ အရိုက်ခံ' ရုံနဲ့ ရမယ့် ပိုက်ဆံဆိုတော့ အလုပ်အကိုင် ရ၊ ဝင်ငွေလည်း ရမယ့် ဒေသခံ ရဝမ်တိုင်းရင်းသားတွေက သစ်ပင်ခုတ်ဖို့ မပြောနဲ့ ဝိုင်းပြီး လုပတဲ့ အပင်တွေတောင် စိုက်ပေးကြမှာပါ။ ခရီးသွားလုပ်ငန်းက သစ်တောခုတ်စရာမလိုသလို ကျောက်စိမ်းတို့၊ ဓာတ်သတ္တုတို့တူးပြီး ပတ်ဝန်းကျင်ညစ်ပေအောင် လုပ်ဖို့ မလိုပါဘူး။

ခရီးသွားလုပ်ငန်း လုပ်ကိုင်သူတွေအနေနဲ့လည်း ecotourism လုပ်တာကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်တာမျိုး ရှောင်ကြဉ်သင့်ပါတယ်။ ၉ ရက်ကြာခရီးစဉ်မှာ ထမင်းဟင်းချက်လို့ မီးဆိုက်လိုက်တဲ့ ထင်းပမာဏကို ခန့်မှန်းကြည့်တာ ခပ်ရွယ်ရွယ် ပေနှစ်ဆယ် အမြင့်လောက်ရှိတဲ့ သစ်ပင် တစ်ပင်စာလောက် ကုန်သွားတာပါ။ ဒီကြားထဲ မိုးစိုလို့ ထင်းခြောက်ရှာတာ အတော်ခက်ပါတယ်။ အဲဒီလို ထင်းကို ခဲရာခဲဆစ်ခုတ်မယ့်အစား LPG 7.8 kg အရွယ်အိုးကို ပူတာအိုကနေ တစ်ခါတည်းယူသွားပြီး လမ်းတစ်လျှောက်သုံးနိုင်မယ်ဆို တကယ် သဘာဝပတ်ဝန်းကျင် မထိခိုက်တဲ့ ခရီးသွားခြင်းဖြစ်မှာပါ။ ဓာတ်ငွေ့ဖိုး ကျပ် ၅၀၀၀ လောက်ပဲ ကျမှာပါ။ ဒါအပြင် ခရီးသည်တစ်ဦးတည်းကို ပို့ခြင်းထက် ခရီးသွားလုပ်ငန်း အချင်းချင်း ပူးပေါင်းပြီး လေးငါးဦး စုပို့ဆောင်ခြင်းဟာ ထင်းသုံးစွဲမှု လျော့ကျစေနိုင်ပါတယ်။ ဒါ့အပြင် ပလတ်စတစ်သုံးစွဲမှု လျှော့ချခြင်း၊ ရေသန့်ဘူးအစား ချောင်းရေကို ဦးစားပေး သောက်သုံးစေခြင်း (ပိုးမွှားပါမှာစိုးရင် KMn4 ပိုတက်ဆီယမ်ပါမဂ္ဂနိတ် အမှုန့် ဆားတစ်ပွင့်စာဟာ ရေသန့် တစ်ဘူးစာလောက် ရေထဲမှာပါတဲ့ ဗက်တီးရီးယားတွေအပြင် ပိုးဥ spore



တွေကို ကောင်းကောင်း သေကြေစေနိုင်ပါတယ်) သုံးစွဲပြီး စွန့်ပစ်မယ့် အမှိုက်တွေကို စနစ်တကျ ဖျက်ဆီးပစ်ခြင်းတို့ကို လုပ်ဖို့လိုပါတယ်။ အမှိုက် စနစ်တကျ ခွဲခြား မဖျက်ဆီးတဲ့ ခရီးသည်လုပ်ငန်းတွေကို လိုင်စင်ပိတ်သိမ်းသင့်ပါတယ်။ (မှတ်မိတာတစ်ခုက ကိုရီးယား ခရီးစဉ်တစ်ခု လိုက်သွားစဉ်က ညှော်လမ်းညွှန်က ပါလာတဲ့ ရေသန့်ဘူးခွံကို ဆောင်ထားပြီး ည ဟိုတယ် ပြန်ရောက်ရင် ရေသန့်စက်က ရေပြန်ဖြည့်ပြီး သောက်ဖို့ ပြောပါတယ်။ မိမိနိုင်ငံပြန်ရင်လည်း အဲဒီရေသန့်ဘူးခွံပြန်သယ်သွားပြီး လေဆိပ်မှာ ရေပြန်ဖြည့်ပြီး လေယာဉ်ပျံပေါ်မှာ သောက်လို့ရကြောင်း၊ အဲလိုလုပ်တာ ငွေအကုန်အကျ သက်သာကြောင်း ပြောပါတယ်။ အမှန်က ရေသန့်ဘူးခွံ အလွတ်တစ်လုံးတောင် သူတို့နိုင်ငံထဲ အပစ်မခံချင်တာပါ။ မြန်မာနိုင်ငံမှာတော့ အမှိုက်လွယ်လွယ် ပစ်ခံနေတော့ ကျိုက်ထီးရိုးတောင်စောင်းတစ်လျှောက် ပလတ်စတစ် အမှိုက်ပုံကြီးဖြစ်နေပါပြီ။ ဖုန်ကန်ရာဇီ ရေခဲတောင်ကို ဖုန်ကန်ရာဇီ ပလတ်စတစ်အမှိုက်တောင် အဖြစ်မခံစေချင်ပါဘူး) ချမ်းလို့ မီးလှုံချင်တယ်လို့ ခရီးသည်က တောင်းဆိုရင် ဒေသခံတွေ သုံးကြတဲ့ ပျားရည်ကို ချင်းမှုန့်နဲ့ မွှေတိုက်ပါ။

တကယ် နွေးထွေးစေပြီး ကျန်းမာရေးနဲ့ ညီညွတ်ပါတယ်။ စမ်းကြည့်သင့်တယ်ဆို ညွှန်သည်တိုင်းက စမ်းကြည့်ကြမှာပါ။

ပြည်တွင်းခရီးသွားတွေက အိမ်နီးချင်း ထိုင်းနိုင်ငံကို တနှစ်ကို သုံးသိန်းလောက် သွားနေကြပါတယ်။ အဲဒီသုံးသိန်းထဲက သုံးသောင်းလောက်ပဲ ထိုင်းနိုင်ငံကို သွားမယ့်အစား ကချင်ပြည်နယ်က ပူတာအိုတစ်ဝိုက်ကို လာလည်ပတ်မယ်ဆိုရင်ကို ဒေသခံတွေ အတော်အဆင်ပြေကြမှာပါ။ သဘာဝအတိုင်း အရမ်းလှပတဲ့ နေရာတွေ ရှိပါတယ်။ ပူတာအိုနားက နတ်ကျွန်းက အတော်လှပါတယ်။ နောက်တစ်ခု 'အထက်မှာ ကောင်းမှုလုံ၊ အလယ်မှာ ရွှေစည်းခုံ၊ အောက်မှာ ရွှေတိဂုံ' ဆိုတဲ့ စကားရှိပါတယ်။ အောက်မြန်မာပြည်က ရွှေတိဂုံတို့ မြန်မာပြည် အလယ်ပိုင်းက ရွှေစည်းခုံစေတီတို့နဲ့ တစ်တန်းတည်း တန်ခိုးကြီးတဲ့ အထက်မြန်မာပြည်က ကောင်းမှုလုံစေတီ ပူတာအိုမှာ ရှိပါတယ်။ လာလည်သင့်ပါတယ်။ ဒေသအစားအစာအတွက် Moon စားသောက်ဆိုင် ရှိပါတယ်။ ကချင် အစားအစာ အတော်ကောင်းပါတယ်။ ဈေးလည်း သင့်တော်ပါတယ်။ တခြားဆိုင်ကောင်းတွေလည်း ရှိပါလိမ့်မယ်။ စားဖူးတာ ပြောကြည့်တာပါ။

တွေးမိတွေးရာပါ။

(ရေခဲတောင် လေ့လာရေး ခရီးစဉ်က လုံးဝ လုပ်သင့်တဲ့ စီမံကိန်း ပါ။ အနည်းဆုံး နိုင်ငံစီးပွားရေး နာလန်ထလာအောင် pilot project စမ်းသပ်စီမံကိန်းအနေနဲ့ လုပ်သင့်ပါတယ်။ လူနေကျဲ သေးတော့ ပြန်လည်ထူထောင်ရေး သစ်တောထိန်းသိမ်းရေးတို့ကို လုပ်လို့ လွယ်သေးတဲ့ အခြေအနေမှာ ရှိနေပါတယ်။ 'ရှုခင်းကြည့် အလံထောင်၊ ဓာတ်ပုံရိုက် ပြီးရင် ဘာမှ မလုပ်ဘဲ ပြန်သွားမယ့် ဧည့်သည်တွေ' ဆီက ရမယ့် ပိုက်ဆံက အရမ်းလွယ်ပါတယ်။ တစ်နှစ်ကို လူဦးရေ သိန်းဂဏန်း လာဖို့ မျှော်မှန်းပြီး လုပ်မယ် ဆိုရင်တော့ ရေခဲစပ်စခန်းအထိ ကားလမ်းဖောက်ဖို့တော့ လိုပါ လိမ့်မယ်။ ဗီဒီယိုထဲက လွမ်းဆွတ်ဖွယ်ကောင်းတဲ့ ' If I could' ငါသာ တတ်နိုင်ခဲ့မယ်ဆိုရင်' ဆိုတဲ့ သီချင်းကို ပုလွေသံမှုတ်တဲ့သူ red indian က အမေရိကန်က မျိုးပြုတ်ခါနီးဖြစ်နေတဲ့ လူမျိုးစု တစ်ခုထဲက တစ်ခုပါ။ သစ်တော မထိန်းသိမ်းနိုင်လို့ပါ။ နိုင်ငံ ခြားသား ခရီးသွားခွင့် ပိတ်ပင်ခံထားရပြီး တောင်ယာချဲ့ထွင်ခွင့် သစ်ခုတ်ခွင့်ပိတ်ခံထားရပြီး ဘဝရပ်တည်ရေးအတွက် အရမ်း အခက်အခဲရှိနေတဲ့ ရဝမ်တိုင်းရင်းသားတွေ ဒီ 'If I could' 'ငါသာ တတ်နိုင်ခဲ့မယ်ဆိုရင်' ... ဆိုတဲ့သီချင်းကို နောက်ထပ် ပုလွေနဲ့ မှုတ်တဲ့သူ ထပ်မဖြစ်စေချင်ပါဘူး။ If I could ငါသာ တတ်နိုင်ခဲ့ရင်ဆိုတာ 'ငါ မတတ်နိုင်ဘူး' လို့ ဆိုလိုတာဖြစ်ပြီး ရဝမ်တိုင်းရင်းသားတွေမှာ ရွေးစရာနည်းလမ်းလုံးဝမရှိဘူးလို့ ဆိုလိုနေတာပါ)

တွေးမိတွေးရာပါ။

https://www.facebook.com/tin.sein.338/videos/625013204570869/?t=0

■



# စစ်ဗိုလ်ချုပ်ကြီးဟောင်းတွေရဲ့ ကြွယ်ဝမှုစည်းစိမ်တွေကို တရားဝင်တာ မဝင်တာ မေးခွန်းထုတ် စုံစမ်းစစ်ဆေးရင် ကောင်းမလား။

ဘာမှအကျိုးမရှိပါဘူး။ အတိုက်အခံ ပိုဖြစ်လာဖို့ ရှိပါတယ်။ စစ်ဗိုလ်ချုပ်ကြီးတွေအပြင် ခရိုနီတွေ သံယံဇာတ တူးဖော်ခွင့်ရခဲ့သူတွေ၊ သစ်ခုတ်ခွင့်ရသူတွေ၊ မူးယစ်ဆေးဝါးနဲ့ ဆက်နွှယ်သူတွေ တိုင်းရင်းသားအဖွဲ့အစည်းအားလုံးနဲ့ အခြားတရားမဝင် ရှိထားတဲ့ လူတွေအားလုံးတို့ရဲ့ အတိတ်ကို အတိတ်မှာပဲ ထားခွင့်ပြုတာ အကောင်းဆုံးပါ။ (အရင် ဝန်ကြီးဌာနဆိုင်ရာက အခု အစိုးရရဲ့ ဝန်ကြီးဌာနကို လွှဲရန်ကျန်တာတွေတော့ စစ်ဆေး တောင်းခံတာမျိုး လုပ်သင့်ပါတယ်) အဲဒီလူတွေ ရရှိပိုင်ဆိုင်ထားတာတွေက နိုင်ငံတော်ရဲ့ သံယံဇာတတွေ ဖြစ်နိုင်ပါတယ်။ (တရားချင်မှ တရားပါမယ်) သိမ်းထား၊ ဖွက်ထားတာမျိုး လုပ်ရင် နိုင်ငံတော် အတွက် အကျိုးမဲ့စေပါတယ်။

'လွတ်လွတ်လပ်လပ် တရားဝင် လုပ်ငန်းဘာမဆိုကို တရားဝင် အခွန်အခပေးဆောင်ပြီး လုပ်ခွင့်ပေးလိုက်ခြင်းသာ' လျှင် နိုင်ငံတော်က လိုအပ်နေတဲ့ အရင်းအနှီးရစေနိုင်ပါတယ်။ (အတင်းစုံစမ်း စစ်ဆေးတာမျိုးလုပ်လို့ တရားမဝင် ဘောင်ကျော်တာ ရှိရင်တောင် သူတို့ရှိတာရဲ့ ၁၀ ပုံ ၁ ပုံတောင် အစိုးရက ပြန်သိမ်းရဖို့ ခက်ပါတယ်။ လွတ်လွတ်လပ်လပ် လုပ်ခွင့်ပြုရင် လောဘနဲ့ ပုံအောလုပ်ကြဦးမှာမို့ သူတို့ ထပ်ချေးငှားပြီး မလုပ်တောင် ရှိတာရဲ့ ၈၀–၉၀ ရာခိုင်နှုန်း လောက် ခပ်လွယ်လွယ်ထုတ်ပြီး လုပ်ကြမှာပါ) အဲဒါ အလုပ်အကိုင် အခွင့်အရေး ပေါ်စေပါတယ်။ အဲဒီလူတွေအားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှု ပိုရလာစေမယ်။ အနည်းဆုံးဆန့်ကျင်တာမျိုး လျော့သွားမယ်။ ဒါဆို နိုင်ငံဖွံ့ဖြိုးမှုကို အာရုံထား ဆောင်ရွက်လာနိုင်ပါလိမ့်မယ်။ (ဘယ်က လာမှန်းမသိတဲ့ FDI တွေတောင် ပြည်တွင်းမှာ လာလုပ်ခွင့်ပေးနေတာပဲ။ အဲဒီလူတွေ အားလုံးက မြန်မာပြည်ထဲမှာပဲ နေကြပြီး သေကြမှာပါ။ FDI တွေလိုတောင် အခြေအနေမကောင်းရင် ပြန်ပြေးထွက်သွားမယ့်သူတွေ မဟုတ်ပါ)

အကြောင်းတစ်ခုခုကို အမှီပြုပြီး စကားများ အငြင်းပွားနေတာ လွတ်လပ်ရေး ရပြီးကတည်းကပါ။ အငြင်းပွားစရာတွေ တတ်နိုင်သလောက်ရှောင်ပြီး နိုင်ငံဖွံ့ဖြိုးရေး ဝိုင်းလုပ်ဖို့ လိုပါတယ်။

တွေးမိတွေးရာပါ။

**Ref : https://www.xyznews.co/archives/16517**

■



# မြစ်ဆုံ ရေအားလျှပ်စစ် စီမံကိန်း ဆက်လုပ်သင့်သလား

(အမှန်ကို မသိရှိသူအများစုရဲ့ အများဆန္ဒဟာ မှန်ကန်တဲ့ ဆုံးဖြတ်ချက် မဖြစ်နိုင်ပါဘူး။ ဆည်ဆောက်သင့်၊ မဆောက်သင့် ချင့်ချိန်လို့ရအောင် သိသင့်တာတွေ ရေးထားပါတယ်။ ဖတ်ပြီးမှ ပြည်သူတစ်ဦးချင်းအနေနဲ့ လုပ်သင့်၊ မလုပ်သင့် ကြိုက်သလို ဆုံးဖြတ်ပါ။

အစိုးရကလည်း လုပ်သင့်တယ် ယူဆတာ လုပ်ပါ။ ဆုံးဖြတ်လိုက်တဲ့အကျိုး နောက်ဆက်တွဲရလဒ်ကို အစိုးရကသော်လည်းကောင်း ပြည်သူတစ်ဦးချင်းကသော်လည်းကောင်း ခံစားရမှာ သတိပြုပါ။ အခုအချိန်မှာ နိုင်ငံသားအများစုက ဧရာဝတီမြစ်ကို ကာကွယ်ဖို့ စိတ်လှုပ်ရှားနေကြတော့ စိတ်ခံစားမှုနဲ့ မှားမဆုံးဖြတ်မိစေချင်ပါဘူး။ တကယ်တော့ ဧရာဝတီ လက်ရှိအတိုင်း

ထားရင် ဆည်ဆောက်ဆောက် မဆောက်ဆောက် ကာကွယ်ဖို့ မလွယ်ပါဘူး။ ထိန်းသိမ်းစရိတ် အရမ်းများလို့ပါ။ ဒါ့အပြင် တစ်နိုင်ငံလုံးက ဧရာဝတီအပြင် မြန်မာနိုင်ငံတစ်ခုလုံးရဲ့ အချုပ်အခြာအာဏာကို ကာကွယ်သင့်တာပါ)

၂၀၁၉ ခုနှစ် မတ်လ ၁၇ ပဲခူးခရီးစဉ်မှာ ဒေါ်အောင်ဆန်းစုကြည်က မြစ်ဆုံစီမံကိန်းနဲ့ပတ်သက်ပြီး ကြီးမားတဲ့ စီမံကိန်းတွေကို အမြင်ကျယ်ကျယ် စဉ်းစားဖို့လိုကြောင်း စီးပွားရေး၊ နိုင်ငံရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ခြုံငုံစဉ်းစားဖို့ လိုကြောင်း၊ တစ်ခုတည်း စဉ်းစားရင် မှားသွားနိုင်ကြောင်း ပြောကြားသွားခဲ့ပါတယ်။ ဒါကို နိုင်ငံရေး အကဲခတ်နေတဲ့သူတွေက ဒေါ်အောင်ဆန်းစုကြည်က မြစ်ဆုံစီမံကိန်းကို ပြန်စချင်တဲ့ အရိပ်အယောင်ပြတာလို့ ယူဆကြတာကြောင့် ဆည်ဆောက်တဲ့ စီမံကိန်းကို ပြန်လုပ်သင့် မလုပ်သင့် ဝေဖန်ကြည့်ပါမယ်။

ပထမ မြစ်ဆုံဆည်စီမံကိန်းလုပ်တာကို ကန့်ကွက်ရတဲ့ အကြောင်းတွေကို အရင်ပြောကြည့်ပါ။ ပြီးရင် ဆည်စီမံကိန်းတွေ မလုပ်ဖြစ်ရင် ဖြစ်လာမှာတွေကို ပြောကြည့်မယ်။ နောက်ဆုံး ဘယ်ဟာကို ဘယ်လို ရွေးသင့်သလဲဆိုတာ ပြောကြည့်ပါတယ်။ ပြီးရင်တော့ ပြည်သူတစ်ဦးချင်းအနေနဲ့ လုပ်သင့် မလုပ်သင့် ကြိုက်သလို ဆုံးဖြတ်ပါ။ ကန့်ကွက်တဲ့သူတွေကလည်း ဖတ်ပြီးမှ ကန့်ကွက်သင့် မကန့်ကွက်သင့် ဆုံးဖြတ်ကြပါ။ အစိုးရကတော့ ပိုအကျိုးရှိတာကို နိုင်ငံအတွက် ရွေးချယ်ဦးဆောင်စေလိုပါတယ်။

**၁။ ဆည်ဆောက်တာကို ကန့်ကွက်တဲ့ အကြောင်းရင်းတွေ**

မြစ်ဆုံဆည်ဆောက်ဖြစ်ရင် ဆိုးကျိုး ဘာတွေဖြစ်လာမလဲ ဆိုတာ တစ်နိုင်ငံလုံးကလူတွေ သိနေကြပါတယ်။ အကြောင်းက မြစ်ဆုံဆည်ဆောက်တာကို ကန့်ကွက်နေတဲ့ လူတွေအားလုံးက ဒီအကြောင်းကိုပဲ ကျယ်ကျယ်ပြန့်ပြန့် ပြောနေကြလို့ပါ။

၁–၁ ပထမဆုံး ဆည်လုပ်မယ့် ရေလွှမ်းဒေသတစ်ခုလုံးက လူတွေ ရွှေ့ပြောင်းပေးရပါလိမ့်မယ်။

၁–၂ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ရေစီးကြောင်း ပြောင်းပြီး မြေလွှာတိုက်စားခြင်း၊ နုန်းမြေပို့ချခြင်းတို့ကြောင့် မြစ်ကောပြီး ပျက်စီးသွားနိုင်ပါတယ်။

၁–၃ မြစ်ကြောင်းတစ်လျှောက် သဘာဝ ဇီဝမျိုးကွဲတွေ မျိုးတုံး သွားနိုင်ပါတယ်။

၁–၄ တကယ်လို့ ဆည်ဆောက်တာ မသေချာဘဲ ဆည်ပြိုကျ ပျက်စီးတာမျိုးဖြစ်ခဲ့ရင် ဆည်အောက်ပိုင်းဒေသက လူတွေ ရေလွှမ်းတာ ခံရနိုင်ပါတယ်။

၁– ၅ ဆည်က ကြီးမားတဲ့အတွက် အလေးချိန်ကြောင့် အောက်ခံ ကျောက်လွှာ မတည်မငြိမ်ဖြစ်ပြီး ငလျင်လှုပ်နိုင်ပါတယ်။

၁–၆ ဒီဆည်စီမံကိန်းက အရင်အစိုးရလက်ထက်တွေက အရာရှိတွေ ခရိုနီတွေ ခွင်ရိုက်ပြီး လုပ်ပိုင်ခွင့်ချပေးထားတာပါ။ လူတစ်စု ကိုယ်ကျိုးအတွက် လုပ်ထားပြီး နိုင်ငံအတွက် အကျိုးမရှိပါဘူး။

၁– ၇ ထွက်လာမယ့် လျှပ်စစ်ဓာတ်အားရဲ့ ကိုးဆယ်ရာခိုင်နှုန်းကို တရုတ်ကို ပြန်ပို့ပြီး တစ်ဆယ်ရာခိုင်နှုန်းပဲ မြန်မာနိုင်ငံက ရမယ်ဆို တာ မတရားပါဘူး။

၁– ၈ ဆည်ဆောက်မယ့် တရုတ်ကုမ္ပဏီက နိုင်ငံတကာမှာ နာမည်ပျက်ပါတယ် … စသည်တို့ပါ။

ဆည်ဆောက်ပြီး ဖြစ်လာမယ့် ဆိုးကျိုးတွေကို ပြောကြပြီး အဲဒီလို ပြောခဲ့တဲ့ အချက်တွေက မှန်သင့်သလောက် မှန်ပါတယ်။ ဒါပေမဲ့ စဉ်းစားရမှာက မြစ်ဆုံဆည်လို ကြီးမားတဲ့ ဘယ်စီမံကိန်း မျိုးမှာ သေချာပေါက်ဆိုးကျိုးတွေ အပြစ်တွေရှိနေပြီး ဆိုးကျိုးရှိလို့ မလုပ်ဘူးဆိုရင် လူ့သမိုင်းမှာ သမိုင်းတွင်မယ့် စီမံကိန်းမျိုးတွေ ဖြစ်လာမှာမဟုတ်ပါဘူး။ ကောင်းကျိုးနဲ့ ဆိုးကျိုးကို ချင့်ချိန်ပြီး ကောင်းကျိုးပိုများရင် အကောင်အထည်ဖော်ခဲ့ကြတာချည်းပါ။ မြစ်ဆုံဆည်စီမံကိန်းကို ကန့်ကွက်သူတွေက ဆည်ဖြစ်လာရင် ကောင်းလာမယ့်အကြောင်းတွေ၊ ဆည်မဆောက်ဖြစ်ရင် ဖြစ်လာ မယ့် ဆိုးကျိုးတွေကိုတော့ ဘယ်သူမှ မပြောကြတော့ ဆည် ဆောက်သင့် မဆောက်သင့်ဆုံးဖြတ်ဖို့ ပြည့်စုံတဲ့ ပြောကြားချက်မျိုး ဖြစ်မလာခဲ့ပါဘူး။ ဒါဟာ ဆည်တည်ဆောက်ပြီး လူတစ်စုက နိုင်ငံအပေါ် အမြတ်ထုတ်ခေါင်းပုံ ဖြတ်သွားမှာ စိုးရိမ်သွားလို့ ဖြစ်နိုင်ပါတယ်။ ပြည်သူတွေကတော့ ဆည်မဆောက်ဖြစ်ရင် ဖြစ်လာမယ့် ဆိုးကျိုးတွေ၊ ဆည်ဆောက်ပြီး ရလာမယ့် ကောင်းကျိုးတွေကိုလည်း သိသင့်ပြီး အကျိုးနဲ့ အပြစ်ချင့်ချိန်ပြီးမှ အကျိုးများတာကို ရွေးချယ်ရမှာပါ။

## ၂။ ဆည်မဆောက်ဖြစ်ရင် ဖြစ်လာမယ့် ဆိုးကျိုး

လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာနိုင်ငံမှာ ဆည် သိပ် မဆောက်ဖြစ်ပါဘူး။ ဒီနှစ်ပိုင်းမှာတော့ global warming ကမ္ဘာမြေကြီးပူနွေးလာတာနဲ့ သစ်တောပြုန်းတီးလာမှုကြောင့် မြေဆီတိုက်စားမှုနဲ့ နုန်းမြေပို့ချမှုများပြားလာတဲ့အတွက် မြစ်တွေ ချောင်းတွေကောလာပြီး မိုးရွာတဲ့ အချိန်တွေမှာ ရေသေချာ စီးဆင်းဖို့ လမ်းကြောင်း မလုံလောက်တာကြောင့် မြန်မာနိုင်ငံမှာ ဒီနှစ်ပိုင်း မိုးရာသီမှာ ရေကြီးပြီး ရေလွှမ်းမိုးလို့ သဘာဝပတ်ဝန်း ကျင် ပျက်စီးတာ စိုက်ခင်းတွေ ပျက်စီးတာ နိုင်ငံအနှံ့ ဆက်ဖြစ်နေ ပါလိမ့်မယ်။ နွေရာသီမှာတော့ ရေမရလို့ စိုက်ပျိုးမြေ အများ အပြား မစိုက်နိုင်လို့ လူငယ်တွေ မြို့တက်ပြီး စက်ရုံ အလုပ်ရုံ တွေမှာ အလုပ်ရှာရပါလိမ့်မယ်။ ရန်ကုန်လို မြို့ကြီးတွေတော့ လျှပ်စစ်မီး မလောက်လို့ စက်ရုံအကြီးစားတွေ မလည်ပတ်နိုင်ပါ ဘူး။ ဒါကြောင့် အိမ်နီးချင်းနိုင်ငံတွေ ထွက်ပြီး ရရာ အလုပ်ထွက် လုပ်ပြီး နိုင်ငံတွင်းမှာ ကျန်ခဲ့တဲ့ မိသားစုကို ဆက်ထောက်ပံ့ ရပါလိမ့်မယ်။ ဒါအပြင် တစ်နိုင်ငံလုံး လျှပ်စစ်မရတဲ့ ဒေသတွေမှာ ချက်ပြုတ်ဖို့ ထင်း၊ မီးသွေး စတာတွေကို အဓိက ထားသုံးစွဲရတဲ့ အတွက် သစ်တောပြုန်းတီးမှုဟာ ဆက်လက်ဖြစ်ပွားနေပါလိမ့် မယ်။ မြန်မာနိုင်ငံမှာ အိမ်ထောင်စု ၁၁ သန်းခန့်ရှိပြီး ရာခိုင်နှုန်း ၆၀–၇၀ ကြားက လျှပ်စစ်မီး မရသေးတဲ့အတွက် ထင်း၊ မီးသွေး သုံးနေရတဲ့ အိမ်ထောင်စု ၇ သန်းခန့်ရဲ့ ထင်း၊ မီးသွေး လိုအပ် ချက်ဟာ သစ်တောပြုန်းတီးမှုကို အကြီးအကျယ် ဆက်လက် ဖြစ်စေပါလိမ့်မယ်။ အကြမ်းအားဖြင့် တွက်ရရင် မိသားစု တစ်ခု လျှင် တစ်ရက်ကို ထင်းမီးသွေး နှစ်ပိဿာသုံးလျှင် တရက်ကို ထင်းမီးသွေး ပိဿာ ၁၄ သန်းခန့်ကုန်ပါမယ်။ အဲဒါ အလေးချိန်

တန် ၂၃၀၀၀ ခန့်ရှိပြီး တစ်နှစ်လျှင် တန်ချိန် ၈ သန်းခွဲခန့် ရှိပါတယ်။ အဲဒါ သစ်တော ဘယ်လောက်ကျယ်ကျယ်ကို မီးဆိုက်ပစ်ရလဲဆိုတာ မခန့်မှန်းတတ်ပေမဲ့ အတော်များများမှာတော့ သေချာပါတယ်။ ( မြန်မာနိုင်ငံက အရင်က တစ်နှစ်လျှင် တရားဝင် သစ်အိတ်စ်ပို့ တန် ၁၄ သိန်းခန့်ပို့ပြီး အခုအခါမှာတန်ချိန် ၃ သိန်းခန့်သာ ပို့ပါတော့တယ်။ တရားဝင် အများဆုံး သစ် အိတ်စ်ပို့ စံချိန်ထက် ၅ ဆလောက်နဲ့ လက်ရှိ သစ်အိတ်စ်ပို့ရဲ့ ၂၆ ဆကို မြန်မာနိုင်ငံမှာ မီးဆိုက်ပစ်တာပါ)

နောက်တစ်ခုက မြန်မာနိုင်ငံရဲ့ ပြည်နယ်ဒေသတွေမှာ လျှပ်စစ်မီး မလုံလောက်မှုကြောင့် ဒေသဖွံ့ဖြိုးရေး မလုပ်နိုင်၊ အလုပ်အကိုင် အခွင့်အလမ်း မဖန်တီးပေးနိုင်မှုတို့ကြောင့် မြို့တွေကို ရွှေ့ပြောင်းနေထိုင်တာ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေပြီး ဖွံ့ဖြိုးတိုးတက်မှု မညီမမျှဖြစ်နေပါတယ်။ အလုပ်လုပ်နိုင်သူတွေက မြို့တက်အလုပ်လုပ်တာ နိုင်ငံခြားထွက် အလုပ်လုပ်တာတို့ကြောင့် နယ်ဘက်မှာ လူဦးရေ လျော့နည်းလာခြင်း၊ ကျန်ရှိတဲ့ လူငယ်တွေ စိတ်ဓာတ်ပျက်ပြားစေပြီး မျှော်လင့်ချက်ကင်းမဲ့စေခြင်း၊ ပျင်းရိခြင်း၊ အရက်နဲ့ မူးယစ်ဆေးစွဲစေခြင်းတို့ ဖြစ်စေပါတယ်။ အဲဒီအချက်တွေဟာ လူဦးရေ အရမ်းများတဲ့ အိမ်နီးချင်းနိုင်ငံတွေက အခွင့်အရေးရရင် ရသလို ကျူးကျော်ရန်စတာမျိုး ဖြစ်စေပါတယ်။ ဥပမာ ရခိုင် မောင်တောဒေသမှာ ရခိုင်လူဦးရေ အရမ်းနည်းသွားတဲ့အခါ ဘင်္ဂါလီတွေ ကျူးကျော်ရန်စတာကို ခံရတာမျိုးပါ။ ဆည်ဆောက်လို့ ဘယ်နှကောင်မှ မရှိတဲ့ ရောဝတီလင်းပိုင်မျိုးပြုတ်တာ မပြောပါနဲ့၊ ဆည်မဆောက်လို့ မိမိတို့ ဒေသမှာ မနေနိုင်ဘဲ မျိုးပြုတ်သွားမယ့် တိုင်းရင်းသားမျိုးနွယ်စုတွေက ပိုများပြီး လူဦးရေ သန်းနဲ့ချီပြီး ရှိနေပါတယ်။

၁၉၈၈ နောက်ပိုင်း တက်လာတဲ့ တပ်မတော် အစိုးရ လက်ထက်တွေမှာ အကြောင်းအမျိုးမျိုးကြောင့် သဘာဝသယံဇာတတွေကို တူးဖော်ရောင်းချပြီး အချုပ်အခြာအာဏာတည်မြဲအောင် လုပ်ခဲ့ရပါတယ်။ အဲလိုလုပ်တာဟာ အရပ်ဘက် စစ်ဘက်ဌာနဆိုင်ရာ အလွဲသုံးစားမှုများ ပေါင်းလိုက်တဲ့အခါ နှစ်နှစ်ဆယ်ကျော်အတွင်းရှိတဲ့ သယံဇာတတွေဟာ ကုန်ခန်းသလောက် ဖြစ်နေပါပြီ။ သစ်မာ၊ ကျောက်စိမ်း၊ ပတ္တမြား၊ ရေထွက်ကုန် စသည်တို့ပါ။ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံကို သဘာဝသယံဇာတပေါကြွယ်ဝတဲ့ နိုင်ငံလို့ သတ်မှတ်လို့ မရတော့ပါဘူး။ နိုင်ငံသားအများစုက စီးပွားရေးကျပ်တည်းတော့ စည်းကမ်း၊ သိက္ခာ၊ ကျင့်ဝတ်စတာတို့ကိုလည်း မထိန်းသိမ်းနိုင်တော့ပါဘူး။

သစ်တောပြုန်းခြင်းမှ မြေဆီလွှာတိုက်စားခြင်း၊ ယင်းကြောင့် မြစ်ကြောင်းတစ်လျှောက် နုန်းမြေပို့ချခြင်း၊ မြစ်တိမ်ကောခြင်း၊ မိုးတွင်း နိုင်ငံတစ်ဝှမ်း ရေကြီးခြင်း၊ စိုက်ပျိုးမြေဆုံးရှုံးခြင်း၊ ပြည်သူအများ စီးပွားရေးကျပ်တည်းခြင်း၊ တိုင်းရင်းသားလူမျိုးစုရဲ့ အစိုးရအပေါ် မကျေနပ်ခြင်း၊ လက်နက်ကိုင်တိုက်ခိုက်ခြင်းတို့ဟာ ဆင့်ကဲဖြစ်စဉ်တွေပါ။ ဒါတွေကို အရင်အစိုးရရော လက်ရှိအစိုးရပါ ဖြေရှင်းလို့ အရမ်းခက်နေပါပြီ။ မြစ်ကြောင်းတစ်လျှောက် ဆည်ဆောက်ဆောက် မဆောက်ဆောက် သဘာဝပတ်ဝန်းကျင်ထိခိုက်တာကို ထိန်းသိမ်းဖို့ ငွေက မရှိ၊ ရှိနေတဲ့လူတွေကတော့ ဘဝရပ်တည်ဖို့ အခြင်းပွားတာမျိုး ပိုဖြစ်လာပါတယ်။ ဒါတွေက တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဆက်ပြီး ထိခိုက်လာစေပါတယ်။ ဒီအချက်တွေကြောင့် မြန်မာနိုင်ငံဟာ ၂၀၁၈ ခုနှစ် fragile state index အရ ရမှတ် ၉၆ ၊ ၄ နဲ့ ပြိုကွဲနိုင်တဲ့ နိုင်ငံအဆင့် ၂၀ မှာ ရပ်တည်နေစေပါတယ်။ (အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်

ကတော့ အမှတ်စဉ် ၃၂ မှာ ရှိနေပြီး မြန်မာနိုင်ငံထက် အခြေအနေကောင်းနေပါတယ်။

ဒီအချက်တွေအားလုံးက မြန်မာနိုင်ငံ မြစ်ကြီးတွေတစ်လျှောက်မှာ ဆည်တွေ လုံလုံလောက်လောက်ဆောက်ပြီး ရေဘေးကာကွယ်ဖို့နဲ့ ရေအားလျှပ်စစ်ထုတ်ဖို့နည်းလမ်းက အကောင်းဆုံး ဖြစ်နေတယ်ဆိုတာ ညွှန်ပြနေပါတယ်။ ဆည်ဆောက်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်တာထက် ဆည်မဆောက်လို့ သစ်ပင်ခုတ် မီးဆိုက်လို့ သဘာဝပတ်ဝန်းကျင်ထိခိုက်တာ လူငယ်တွေ သန်းပေါင်းများစွာ နိုင်ငံက ရွှေ့ပြောင်းနေထိုင်ရတာတွေက ပိုများပါတယ်။ မြစ်ဆုံဆည်တင်မကပါဘူး။ လုံလုံလောက်လောက် ဆည်တွေ အလုံး ၃၀–၄၀ လောက်ကို ဆောက်ရမှာပါ။ မြစ်ဆုံဆည် တည်ဆောက်တာ လုံးဝမမှားပါဘူး။ ဆည်ဆောက်လို့ ရေလွှမ်းသွားမယ့်ဒေသတစ်ခုက နစ်နာမှုရှိနိုင်ပေမဲ့ ရရှိမယ့် အကျိုးကျေးဇူးက တစ်နိုင်ငံလုံးရရှိမှာဖြစ်လို့ နိုင်ငံအတွက် စဉ်းစားမယ်ဆိုရင် ဆည်က ဆောက်ကို ဆောက်ရမယ့် နည်းလမ်းပါ။

အခုလိုအခြေအနေမျိုးမှာ အမေရိကန်က ဟူးဗားရေကာတာ ဆောက်ဖူးပါတယ်။

https://m.facebook.com/groups/2121359091238233...
2942550899119044

ဟူးဗားရေကာတာကို ဆောက်ပြီးနောက်ပိုင်း ရေကြီးတာ ကာကွယ်နိုင်ပြီး လျှပ်စစ်ဓာတ်နဲ့ စိုက်ပျိုးဖို့လိုတဲ့ ရေကို ဆည်က ရခဲ့ပါတယ်။ အိမ်နီးချင်းနိုင်ငံထဲမှာ လာအိုက ဆည်အများအပြားကိုဆောက်ပြီး လျှပ်စစ်ရောင်းစားလို့ရပြီး မြန်မာနိုင်ငံရဲ့ GDP

နှစ်ဆလောက် ဖြစ်သွားပါတယ်။ အဆင်းရဲဆုံးနိုင်ငံ အီသီယိုး ပီးယားနိုင်ငံလည်း အခုနှစ်ပိုင်းမှာ ဆည်အများကြီးဆောက်ပြီး မြန်မာနိုင်ငံထက် စီးပွားရေးမှာ သာသွားတာပါ။

http://thevoicemyanmar.com/article/30916-eii

ဆည်ဆောက်ရင် လျှပ်စစ်ပေးမယ်ဆိုတာမှန်ပေမဲ့ အမြင့်ပေ ၁၀၀၀ ကျော်ရှိတဲ့ ဆည်တွေမှာပဲ ဖြစ်တာပါ။ မြစ်ဆုံဆည်က အဲဒီအမြင့်ရဲ့ သုံးပုံတစ်ပုံ ပေသုံးရာပဲ ရှိပါတယ်။ ဆည်ဆောက်လို့ အကျိုးအမြတ်မရှိဘဲ အရှုံးပေါ်နိုင်တယ် ထင်ရင် မြန်မာနိုင်ငံက စိုက်ရမယ့် ငွေကို မစိုက်ဘဲ နိုင်ငံခြားကုမ္ပဏီတွေကို ရာနှုန်းပြည့် ရင်းနှီး မြှုပ်နှံခိုင်းလိုက်လို့ ရပါတယ်။ အတင်းပါစရာ မလိုပါဘူး။ ရာနှုန်းပြည့် ရင်းနှီးမြှုပ်ထားသူတွေက ဆည်ဆောက်ပြီး ပြုခဲ့ရင် ဆုံးရှုံးမှု အရမ်းများမှာမို့ သေချာပေါက် ကောင်းအောင်ဆောက်ပြီး လုပ်ပိုင်ခွင့်ရမယ့် နှစ်ရှည် အမြတ်ရအောင် လုပ်ကြမှာပါ။

မှားနေတာက –

မြန်မာနိုင်ငံကရမယ့် ဝေစုပါ။ ထွက်လာတဲ့ လျှပ်စစ်ရဲ့ ၁၀ ရာခိုင်နှုန်းပဲရမယ် ဆိုတာမျိုးက လုံးဝ မဖြစ်သင့်ပါဘူး။ ဒါ့အပြင် ထွက်လာတဲ့ လျှပ်စစ်ကို ပြည်တွင်းသုံး လုံလောက်မှ နိုင်ငံခြားကို တင်ပို့ခွင့်ပြုမယ်ဆိုတာလည်း ထည့်သင့်ပါတယ်။ ဒါတွေကိုတော့ ပြန်ညှိနှိုင်းသင့်ပါတယ်။ တစ်ခုတော့ ရှိပါတယ်။ ရာနှုန်းပြည့် ရင်းနှီးခွင့်ပြုလိုက်ရင်လည်း မြန်မာပြည်က ရမယ့် လျှပ်စစ် အချိုး အစား ပိုရမှာ သေချာပါတယ်။

တရုတ်ကုမ္ပဏီမို့ နည်းပညာအရ စိတ်မချဘူးဆိုရင် အနောက်နိုင်ငံနဲ့ ဂျပန်ကုမ္ပဏီတွေကို ဆက်သွယ်ကြည့်ပါ။ တကယ်လုပ်မယ်ဆိုရင်လည်း လုပ်ခွင့်ပေးသင့်ပါတယ်။ ( အရင်

အစိုးရအဆက်ဆက် လက်ထက်ကတည်းက တရုတ်ကုမ္ပဏီတွေကို အယုံအကြည် သိပ်မရှိတာကြောင့် အနောက်နိုင်ငံနဲ့ ဂျပန်နိုင်ငံတို့က ရင်းနှီးမြှုပ်နှံမှုကို ဦးစားပေး ဖိတ်ခေါ်ခဲ့ပေမဲ့ လာရောက်ရင်းနှီးမှု မရှိခဲ့ကြပါဘူး။ NLD အစိုးရကတော့ နိုင်ငံတကာမှာ ထောက်ခံမှုပိုရတော့ ထပ်ကြိုးစားပြီး တရုတ်ကလွဲရင် ရင်းနှီးမြှုပ်နှံမယ့် တခြားနိုင်ငံတွေကို ပိုဆွဲဆောင်နိုင်မှာမို့ ကြိုးစားကြည့်သင့်ပါတယ်)

နောက်တစ်ခု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဖို့ အစီအစဉ်နဲ့ ဒေသခံတို့အတွက် ပြန်လည်နေရာချထားရေးနဲ့ အလုပ်အကိုင်ဖန်တီးပေးဖို့ အစီအစဉ်တွေ စီစဉ်ပေးသင့်ပါတယ်။

နောက်ဆုံးတစ်ခုက ကြံဖန်အပြစ်ရှာ ဝေဖန်ကြသူတွေကိုတော့ ပြတ်ပြတ်သားသား ရှင်းပစ်ဖို့တော့ လိုပါတယ်။ အထူးသဖြင့် ငွေရလို့ ပြဿနာရှာပြနေတဲ့ လုပ်စားသူတွေပါ။ အဲဒီလူတွေကို မေးကြည့်ပါ။ မြန်မာနိုင်ငံက

၁။ လျှပ်စစ်မလောက်တဲ့ ပြဿနာ၊ လျှပ်စစ်မလုံလောက်လို့ စက်ရုံ မလည်ပတ် မယှဉ်ပြိုင်တာ ဖြေရှင်းဖို့ နည်းလမ်း

၂။ နွေရာသီ စိုက်ပျိုးမရလို့ အလဟဿထားရတဲ့ စိုက်ပျိုးမြေ (ဆည်ရေသောက်ရေ ရရင် မြန်မာပြည်နိုင်ငံက စိုက်ပျိုးမြေ နှစ်ဆလောက် အနည်းဆုံး ပိုစိုက်နိုင်မှာပါ)

၃။ မိုးတွင်း ရေကြီးတဲ့ ပြဿနာ

၄။ လျှပ်စစ်မီးမရလို့ နယ်တွေမှာ ထင်းမီးသုံးပြီး တောပြုန်းတဲ့ ပြဿနာ၊ မြေဆီလွှာ တိုက်စားပြီး မြစ်တွေ တိမ်ကောလာတဲ့ ပြဿနာ

၅။ နယ်တွေက လူငယ်တွေ အိမ်နီးချင်းနိုင်ငံတွေမှာ ထွက်အလုပ်လုပ်ကြရတဲ့ ပြဿနာ အားလုံးကို ဆည်ဆောက်ပြီး ဖြေရှင်းတာထက် ပိုကောင်းတဲ့ နည်းလမ်းကို မေးကြည့်ပါ။

တကယ်ပိုကောင်းပြီး အကောင်အထည်ဖော်လို့ရတာဆို အစိုးရက တကယ်လုပ်ပေးမှာပါ။ အခု လက်ရှိအစိုးရဟာ သမိုင်းတစ်လျှောက်မှာ လူထုထောက်ခံမှု အများဆုံးရတဲ့ အစိုးရဖြစ်တဲ့ အပြင် အလွဲသုံးစား လာဘ်စားမှု အနည်းဆုံးဖြစ်တာကို အများပြည်သူတွေက လက်ခံကြတာကြောင့် ဒေသခံတိုင်းရင်းသားတွေရဲ့ အကျိုးကို ထိခိုက်တာ မလုပ်တာကို သေချာရှင်းပြနိုင်ရင် ဒါ့အပြင် ဆည်တည်လို့ ရေလွှမ်းမယ့်ဒေသခံတို့ရဲ့ ပြည်လည်ထူထောင်ရေး အစီအစဉ်သေချာ ရှင်းလင်းဖော်ပြသင့်ပါတယ်။ လက်ရှိအစိုးရလက်ထက်မှာ အကောင်အထည်မဖော်ရင် နောင်အစိုးရလက်ထက်တွေမှာ အကောင်အထည်ဖော်ဖို့ ပိုခက်သွားမှာမို့ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အရေး လက်လွတ်သွားနိုင်ပါတယ်။ ဒေသခံတွေ ပြန်လည်ထူထောင်ရေးက အရေးကြီးတဲ့အတွက် ဘယ်လိုအကောင်အထည်ဖော်မလဲဆိုတာ သေချာရှင်းလင်းသင့်ပါတယ်။ နမူနာပြောရရင်

၁။ ကားလမ်း လျှပ်စစ်မီးတို့ကို သေချာစီစဉ်ပေးသင့်ပါတယ်။

၂။ စိုက်ပျိုးမြေကို ဒေသခံတိုင်းရင်းသားတွေကို သီးနှံပေါ်မူတည်ပြီး လုံလောက်တဲ့ စိုက်ပျိုးမြေကို ချထားပေးသင့်ပါတယ်။ ဆန်စပါးစိုက်ရင် တစ်နှစ် ဝင်ငွေ ကျပ်နှစ်သိန်း ပတ်ဝန်းကျင်ပဲ ရတတ်တာကြောင့် ၅ ဧက စိုက်ပျိုးမြေရလို့ လယ်သမားတွေရဲ့ စားဝတ်နေရေး အဆင်မပြေပါဘူး။ ၅ ဧက ဆိုတာ ချင်းပြည်နယ်မှ ဝဥစိုက်တဲ့ တောင်သူတွေ စားဝတ်နေရေး အဆင်ပြေနိုင်ပါတယ်။

၁၀ ကေ လုပ်ပိုင်ခွင့်ရရင် ချောင်လည်တဲ့ အဆင့်ရောက်လာနိုင်ပါတယ်။ ဒါကြောင့် ချင်းပြည်နယ်မှာ ဆည်ဆောက်ခဲ့ရင် ရွှေ့ပြောင်းပေးရတဲ့ တောင်သူတွေကို မိသားတစ်စုကို မြေ ၁၀ ကေနှုန်း လုပ်ပိုင်ခွင့်ချထားပေးသင့်ပါတယ်။ ကားလမ်းကို လမ်းမကြီးကနေ ရွာချင်းဆက် လမ်းငယ်တွေအထိ ဖောက်ပေးသင့်ပါတယ်။ ကချင်ပြည်နယ်မှာလည်း သင့်တော်တဲ့ ကောက်ပဲသီးနှံရှိပါလိမ့်မယ်။ ဝင်ငွေ သိပ်မရတဲ့ စပါးကိုပဲ တွန်းစိုက်ခိုင်းလို့ အဆင်မပြေပါဘူး။ ကော်ဖီနဲ့ အခြား cash crop စိုက်ပျိုးနိုင်ဖို့ လုပ်ကိုင်ခွင့်ချပေးတာတို့ ဈေးကွက်ရှာပေးတာတို့ လုပ်သင့်ပါတယ်။ ဒေသတွင်းက စစ်တပ် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေ လုပ်ငန်းရှင်တွေကိုလည်း စီးပွားဖြစ်စိုက်ပျိုးနိုင်တဲ့ စီးပွားဖြစ်တွက်ခြေကိုက်နိုင်တဲ့အကျယ်အဝန်းအထိ မြေတွေကို ချပေးသင့်ပါတယ်။ စိုက်ပျိုးမြေအကြီးတွေ စိုက်ပျိုးဖို့က နိုင်ငံတကာ ဈေးကွက်နဲ့ ယှဉ်ပြိုင်ဖို့ လိုနေပါတယ်။ စိုက်ခင်းကြီးတွေမှာ နိုးတတ်တဲ့ ပြဿနာရှိတာကြောင့် စစ်တပ်နဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေကို လုပ်ကိုင်ခွင့်ပေးလိုက်တာ အကောင်းဆုံးပါ။ တချို့ လုပ်ငန်းရှင်ကြီးများလည်း စိုက်ခင်းကြီးများ လုပ်ကိုင်နိုင်စွမ်းရှိတာကြောင့် အခွင့်အရေးပေးသင့်ပါတယ်။ အဲလိုလုပ်နိုင်ဖို့ လုပ်ပိုင်ခွင့်ရပြီး လုပ်ငန်း မလုပ်ဆောင်တဲ့ လုပ်ငန်းရှင်တွေရဲ့ မြေကွက်တွေကို ဥပဒေအတိုင်း ပြန်သိမ်းယူသင့်ပါတယ်။ လုပ်ပိုင်ခွင့်ချပေးစဉ်က နှစ်အလိုက် ပြီးစီးအောင် စိုက်ပျိုးရမယ့် ဧရိယာအကျယ် ရာခိုင်နှုန်းသတ်မှတ်ချက် မပြည့်မီဘဲ ဆက်လက်ပိုင်ဆိုင်နေတဲ့ လုပ်ငန်းရှင်တွေရဲ့ မြေကွက်တွေကို သိမ်းယူမှသာ တကယ်လုပ်နိုင်မယ့် လုပ်ငန်းရှင်တွေကို လုပ်ပိုင်ခွင့် ထပ်ချပေးနိုင်မှာပါ။

အခုလို အမေရိကန်နဲ့ တရုတ် ကုန်သွယ်ရေးစစ်ပွဲဖြစ်နေချိန် တစ်ကမ္ဘာလုံး စီးပွားရေး တုံ့ဆိုင်းနေချိန်မှာ အခုလို စီမံကိန်းကြီးမျိုးကို တခြားနိုင်ငံတွေက ရင်းနှီးမြှုပ်နှံဖို့ ဆန္ဒရှိမှာ မဟုတ်တာကြောင့် မြန်မာနိုင်ငံက ဒီစီမံကိန်းကို ဆက်လုပ်ဖို့ ငြင်းပယ်လိုက်ရင် ပိုနစ်နာမယ့်သူက မြန်မာနိုင်ငံဖြစ်ဖို့ များသွားပါလိမ့်မယ်။ အကြောင်းက ဆည်ဆောက်မယ့်ဒေသ ပတ်ဝန်းကျင်က လူအများအပြားဟာ ဆည်မဆောက်ဖြစ်ရင်လည်း ရွှေ့ပြောင်းလုပ်သားများအနေဖြင့် ရွှေ့ပြောင်းရမှု ပိုများလာနိုင်ပြီး အလုပ်လုပ်နိုင်တဲ့အရွယ်တွေဟာ ကျေးရွာတွေမှာ ကျန်တော့မှာ မဟုတ်ပါဘူး။ အဲဒါ လယ်ယာလုပ်ငန်းခွင်အတွက် လုပ်သားလိုအပ်ချက်ပိုကြီးလာစေပြီး ကုန်ထုတ်လုပ်ငန်းပိုကျလာစေမှာပါ။ ဒါကြောင့် သွင်းကုန် ပိုလိုလာပြီး မြန်မာငွေတန်ဖိုး ဆက်လက်ကျဆင်းစေပါလိမ့်မယ်။ အဲဒီနောက် မြန်မာကျပ်ငွေရဲ့ ဝယ်ယူနိုင်စွမ်း ဆက်လက်ကျဆင်းစေပြီး ဆင်းရဲမွဲတေမှု ပိုမိုဖြစ်လာစေမှာပါ။ အဲဒီဆင်းရဲမှုသံသရာက ထွက်နိုင်မှာ မဟုတ်တော့တဲ့အတွက် တိုင်းရင်းသားတွေနဲ့ စည်းရုံးမှုကျဆင်းတာတို့ ဆက်ဖြစ်လာနိုင်ပါတယ်။ လူနေကျဲပြီး နေရာလွတ်တွေ အများကြီးကျန်လို့ အိမ်နီးချင်းနိုင်ငံတွေက နည်းမျိုးစုံနဲ့ ဝင်ကျူးကျော်တာတို့ ဝင်စွက်ဖက်တာတို့ ဖြစ်လာနိုင်ပါတယ်။ ဥပမာ လက်ရှိ ရခိုင်ဒေသပြဿနာမျိုးပါ။ နိုင်ငံအတွက် အစစအရာ ပိုဆိုးစေမှာပါ။ နောက်တစ်ခုပြီးခဲ့တဲ့ တပ်မတော်အစိုးရ ၂၅ နှစ် နှစ်သုံးဆယ်မှာ စီးပွားရေးနိုင်ငံရေး အဖက်ဖက်က ယိုယွင်းနေတဲ့အတွက် နိုင်ငံတော် အချုပ်အခြာ တည်မြဲရေးကို အတော်ကြိုးပမ်းခဲ့ရတာပါ။ အနောက်နိုင်ငံတွေက စီးပွားရေးပိတ်ဆို့လို့ နိုင်ငံတော်အုပ်ချုပ်ရေးကဏ္ဍအတွက် သဘာဝသံယံဇာတတွေကို ထုတ်ယူရောင်းချခဲ့ရတာပါ။ ဒါကို အပြစ်သိပ်ပြောလို့တော့ မရပါဘူး။

## ဘာလုပ်ရင် ကောင်းမလဲ။

မြစ်ဆုံစီမံကိန်းတင်မကပါဘူး။ တခြား ဆည်အများအပြားကို အမြန်ဆောက်သင့်ကြောင်း ပြောပြပါ။ ဆည်တွေက သေချာပေါက် ဆောက်သင့်တာပါ။ မိုင်တစ်ထောင်ကျော် ရှည်လျားတဲ့ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ဆည်ဆောက်လို့ရတဲ့ နေရာပေါင်း ကိုးဆယ်ကျော် ရှိပါတယ်။

ဆည်တစ်ခု ဆောက်ပြီးလို့ ရလဒ်ကောင်းရင် ဆက်ဆောက်လို့ ရပါတယ်။ မှားယွင်းတာရှိရင် ဆက်မလုပ်ဘဲ ရပ်ထားလို့ရပါတယ်။ စပြီး ဆည်တစ်လုံးဆောက်ဖို့တောင် ခက်နေပြီး နိုင်ငံလိုအပ်ချက်အတွက် အဖြေမရှိဘဲ မျက်စိမှိတ်ပြီး ဖွတ်တရွတ်ငြင်းတာ ဆင်ခြင်မဲ့ရာကြပါတယ်။ (လက်တွေ့ကျတာ ပြောရရင် တရုတ်နိုင်ငံက သူ့နိုင်ငံတွင်းမှာ ဆည်တာတမံ စုစုပေါင်း ၈၇၀၀၀ ကျော် တည်ဆောက်ထားပြီး ကမ္ဘာပေါ်မှာ ဆည်အများဆုံးတည်ရှိတဲ့ နိုင်ငံတွေထဲကတစ်ခုပါ။ ဆည်ဆောက်မယ့် ကုမ္ပဏီကို ရွေးချယ်တာ မှားကောင်းမှားနိုင်ပေမဲ့ တရုတ်နိုင်ငံကို ရွေးချယ်တာ မမှားနိုင်ပါဘူး။ ဒါပေမဲ့ တရုတ်ကို မှီခိုနေရတာ လျှော့ချချင်လို့ ဒါမှမဟုတ် အကြောင်းကြောင်းကြောင့် တရုတ်နဲ့ မဆောက်ချင်ဘူးဆိုရင်လည်း တရုတ်ကုမ္ပဏီကို ဆောက်လုပ်ခွင့် မပေးဘူး။ အနောက်နိုင်ငံတွေပဲ ဆောက်ခွင့် ဦးစားပေးမယ်ဆိုတဲ့ မူဝါဒထားပြီး ရင်းနှီးမြှုပ်နှံမှု ရှာကြည့်ပါ။ နောက်ဆုံး မြစ်ဆုံစီမံကိန်း မလုပ်ချင်လည်း တခြားဆည် အလုံအလောက်ဆောက်ဖို့ လိုပါတယ်) အမြန်သေချာပေါက်တည်ဆောက်သင့်တဲ့နောက်အကြောင်းတစ်ခုက အခု နိုင်ငံတကာမှာ Forth Industrial Revolution စတုတ္ထအကြိမ် စက်မှုတော်လှန်ရေး ဖြစ်နေပါတယ်။ ကုန်ထုတ်လုပ်မှုအားလုံးကို စက်တွေနဲ့ပဲ လုပ်သွားတာပါ။

https://m.youtube.com/watch?v=v9rZOa3CUC8

အဲဒီအပြောင်းအလဲဖြစ်နေတဲ့အထဲ မြန်မာနိုင်ငံပါသွားဖို့ လိုနေပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းမှာလည်း ပြောင်းလဲမှုတွေ အများကြီး ဖြစ်လာနိုင်ပါတယ်။ လက်ရှိမြန်မာနိုင်ငံမှာ စိုက်ပျိုးတဲ့ ပုံစံနဲ့ အရမ်းကွာသွားပါပြီ။ နောက်က link ထဲ ဝင်ကြည့်ပါ။

**https://m.youtube.com/watch?v=Qmla9NLFBvU&t=626s**

အဲဒီ အပြောင်းအလဲမှာလည်း မြန်မာနိုင်ငံ ဝင်ပါနိုင်အောင် လျှပ်စစ်၊ မြေနေရာ စိုက်ပျိုးဖို့ ရေတော့ရှိဖို့ လိုနေပါတယ်။ ဒါတွေ မပြင်ဆင်ထားရင် အဆင်သင့်ပြင်ဆင်ထားတဲ့ လာအိုလိုနိုင်ငံမျိုး ကမ္ဘောဒီးယားလိုနိုင်ငံမျိုးနဲ့ အာဖရိကနိုင်ငံတွေကို ရင်းနှီးမြှုပ်နှံအမှု ရောက်ကုန်တော့မှာပါ။ စိုက်ပျိုးရေး ထွက်ကုန်ကအစ မြန်မာနိုင်ငံက ဘယ်ထုတ်ကုန်မဆို အရည်အသွေး ထုတ်ကုန်ပမာဏ ဈေးနှုန်း ဝန်ဆောင်မှုကအစ ဘယ်နေရာမှာမှ တခြား နိုင်ငံတွေကို ပြိုင်နိုင်မှာမဟုတ်တော့ပါဘူး။ နောက်ဆုံး တစ်ခုက လျှပ်စစ်ဓာတ်က နှစ်သုံးဆယ်နောက်ပိုင်းမှာ မဟာဗျူဟာမြောက်တဲ့ ရောင်းကုန် မဟုတ်တော့ပါဘူး။ နောက်ပေါ် လာမယ့် nucler fusion technology က ပိုပြီး ဈေးပေါပေါနဲ့ ရနိုင်ပြီး ရေအားလျှပ်စစ်စက်ရုံတွေလို ရေဝေးမြေဝေးဒေသမှာ သွားလုပ်ရမှာ မဟုတ်ပါဘူး။

**https://m.youtube.com/watch?v=puoElmXW-PY**

ဒါကြောင့် မြန်မာနိုင်ငံက ရေအားလျှပ်စစ်စီမံကိန်းလုပ်ရင် ရောင်းစားလို့ရသေးတဲ့ အခုအချိန်မှာ ဆောက်ရမှာပါ။

အဲဒါတွေအားလုံးက နှစ်နှစ်ဆယ်အတွင်း ဖြစ်တော့မှာပါ။ အဲဒီအချိန်အတွင်းမှာတော့ ရှိတဲ့ သဘာဝသယံဇာတကို ရတဲ့ ဈေးနဲ့ ထိုးရောင်း၊ လူသားအရင်းအမြစ်တွေ တခြားနိုင်ငံ ရွှေ့ပြောင်းနေထိုင်တာမျိုး အကြီးအကျယ်ဖြစ်ပြီး ယဉ်ကျေးမှု အမျိုးဘာသာသာသနာလည်း ထိန်းသိမ်းနိုင်တော့မှာ မဟုတ်ပါဘူး။ လက်ရှိအခြေအနေက ကိုယ့်နိုင်ငံကလိုတာ ကိုယ်တိုင် မထုတ်လုပ်နိုင်လို့ ရှိတာလေး ထုတ်ရောင်းပြီးဝယ်နေရတဲ့ အဆင့်ပါ။ ထုတ်ဖို့ လျှပ်စစ်၊ ရေ လိုနေတာပါ။ ဆည်လုံလုံလောက်လောက်မရှိလို့ ဖြစ်နေတဲ့ ပြဿနာဆိုပါတော့။ အခု အချိန်ဆောက်ရင် အချိန်မီနိုင်သေးပေမဲ့ သိပ်နောက်ကျရင် နိုင်ငံထိုးပေးလိုက်ဖို့ပဲ ကျန်တော့တာပါ။

လာမယ့် မိုးတွင်း မိုးကြီးပြီး ရေလျှံနေတဲ့ အချိန်ကျမှ ရေလျှံတာ ကာကွယ်ဖို့ ဆည်စီမံကိန်းကို ချပြသင့်တာပါ။ အဲဒီအချိန်ထိ ရေနဲ့ လျှပ်စစ်လိုအပ်မှုပြဿနာကို ဖြေရှင်းဖို့ အဖြေမရှိဘဲ တစ်ခုတည်းသော နည်းလမ်းဖြစ်တဲ့ ဆည်တည်ဆောက်ခြင်းကို ထပ်ကန့်ကွက်ကြရင် နိုင်ငံပြိုကွဲဖို့ နီးလာပါပြီ။ အစိုးရက အမိန့်အာဏာ လုပ်နိုင်ရင် လုပ်၊ မလုပ်နိုင်ရင် နိုင်ငံပြိုကွဲဖို့ ပိုနီးလာပါလိမ့်မယ်။

**Q & A**

၁။ မြစ်ဆုံဆည်စီမံကိန်းကို အရင်က ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဦးဆောင်ပြီး ကန့်ကွက်ဖူးပါတယ်၊ ပြည်သူတွေ ဆန္ဒအတိုင်း ဖြစ်စေရမယ်လို့လည်း ပြောဖူးပါတယ်။ အခု အာဏာရတော့မှ ပြန်လုပ်ဖို့ စိတ်ပြောင်းသွားတာဟာ သူ့ကတိမတည်ဘူးလို့ ပြောလို့ မရဘူးလား။

တကယ်တော့ ပြဿနာတစ်ခု တကယ်လုပ်နေတဲ့လူတွေပဲ အဖြစ်အပျက်မှန်ကို သိတာပါ။ အရင်အစိုးရတွေ ဆည်ဆောက်ဖို့ ဆုံးဖြတ်တာနဲ့ အရင်အစိုးရတွေ ဆည်ဆောက်ဖို့ ဆုံးဖြတ်တာနဲ့ ရည်ရွယ်ချက် လုံးဝ မတူပါဘူး။ အရင်က ဆည် လိုအပ်ချက်ရှိတာကို သတိထားမိတယ်။ (နောက်က link ထဲမှာလို ဆိုရင် ကိုယ်ကျိုးပါလို့ ရောလုပ်လိုက်တာ ဖြစ်နိုင်ပါတယ်)

**https://www.facebook.com/groups/2121359091238233/permalink/2946230072084460/**

ဒေါ်အောင်ဆန်းစုကြည် ဆုံးဖြတ်တာက လိုအပ်ချက်ရှိတာ သတိထားမိတယ်။ ကိုယ်ကျိုး မပါဘဲ နိုင်ငံအတွက်ပဲ ကြည့်ပြီး လုပ်တာပါ။

နောက်ဖြစ်နိုင်တာ အရင်က ကန့်ကွက်တာက အတိုက်အခံဖြစ်နေပြီး အဲဒီအချိန်က အစိုးရလုပ်သမျှ ကောင်းကောင်း မကောင်းကောင်း လိုက်ကန့်ကွက်တဲ့ သဘောပါ၊ အဲဒါ မြန်မာပြည်မှာ ဖြစ်နေကျပါ။ ( ဖြစ်သင့်တာက ဆည်ဆောက်တာကို ထောက်ခံသင့်ပြီး အလွဲသုံးစား လုပ်တာမျိုးကိုပဲ ကန့်ကွက်သင့်

တာပါ) အခု အာဏာရသွားတဲ့ အချိန်ကျတော့ နိုင်ငံရဲ့ လိုအပ်ချက် အခက်အခဲ အခွင့်အရေး ဒါတွေကို တကယ်သိသွားပြီး လုပ်သင့်တယ်လို့ ယူဆလို့ပါ။ ကိုယ်ကျိုးကြောင့် မဟုတ်တာ ပိုသေချာသွားတာပေါ့။ ဒါကြောင့် အရင်အစိုးရ အလွဲသုံးစားလုပ်ခဲ့ပုံပေါက်တဲ့ ဆည်ဆောက်တာကို ကန့်ကွက်သင့်ပေမဲ့ လက်ရှိအစိုးရက နိုင်ငံအကျိုးမျှော်ကိုးပြီး ဆည်ဆောက်မှာ ဖြစ်လို့ ထောက်ခံသင့်ပါတယ်။

အတိုချုပ်ပြောရရင် လူတစ်စုစာ ကိုယ်ကျိုးအတွက် လုပ်တာကို ကန့်ကွက်ပါ။ တစ်နိုင်ငံလုံးက လူအများစုအတွက် လုပ်တာဆို ထောက်ခံပါ။

၂။ အခုချိန်ထိ ပြည်သူအများစုက မြစ်ဆုံဆည်စီမံကိန်းကို ကန့်ကွက်နေတာ ဒေါ်အောင်ဆန်းစုကြည်က အတင်းလုပ်ခဲ့ရင် political suicide နိုင်ငံရေး သေကြောင်းကြံတာမျိုး ဖြစ်မသွားနိုင်ဘူးလား။

ဖြစ်နိုင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က မြစ်ဆုံစီမံကိန်းကို အခုအချိန်မှာ အကောင်အထည်ဖော်ခဲ့ရင် တစ်နိုင်ငံလုံးက ဝိုင်းဆန့်ကျင်မှာကို တရုတ်နိုင်ငံက သိသင့်ပါတယ်။ တရုတ်မုန်းတီးရေးဝါဒ ပြန့်ပွားလာနိုင်လို့ နှစ်နိုင်ငံစလုံးအတွက် မကောင်းပါဘူး။

ပြည်သူတွေနဲ့ သိသင့်တာတစ်ခုက စွမ်းအင် စီမံကိန်းလုပ်တဲ့အခါ အမြဲတန်း မျက်စိစုံမိတ်ပြီး လိုက်ကန့်ကွက်နေတာ အဆင်မပြေပါဘူး။ မှတ်မိသလောက် ကျောက်မီးသွေး၊ ဓာတ်အားပေးစက်ရုံတွေကို ကန့်ကွက်တယ်။ ရေအားလျှပ်စစ်ကိုလည်း ကန့်ကွက်တယ်။ ဓာတ်ငွေ့နဲ့ လည်တဲ့ စက်ရုံကျတော့ မကန့်ကွက်ပါဘူး။ ဒါပေမဲ့ အဲဒါက ကုန်ကျစရိတ်က ရေအားလျှပ်စစ်ထက် နှစ်ဆ ဈေးကြီးပါတယ်။ (ရေအားလျှပ်စစ်နဲ့ဆို တစ်ယူနစ်ကို

ကျပ် ၈၀ ခန့်ကုန်ကျပြီး သဘာဝဓာတ်ငွေ့နှင့် ထုတ်လျှင် ကျပ် ၁၆၀ ခန့် ကုန်ကျပါတယ်။) အဲဒါအတွက် အစိုးရကို ပိုက်ဆံစိုက် ခိုင်းပြီး ဝင်ငွေခွန်တွေတော့ ပေးဖို့ရှောင်ကြပါတယ်။ အဲဒါအစိုးရ မရပ်တည်နိုင်ပါဘူး။

၃။ မြစ်ဆုံဆည် တည်မယ့်နေရာက ငလျင်ကြောနဲ့ အရမ်းနီးကပ် နေပါတယ်။ ဆည်တည်ရင် အလေးချိန်များပြီး ငလျင်လှုပ်နိုင်လို့ အန္တရာယ်များပါတယ်။

https://m.facebook.com/story.php?story_fbid=808537432840602&id=100010530573795

ဆည်ဆောက်လို့ အလေးချိန်များပြီး ငလျင်လှုပ်စေတယ် ဆိုတာ ဟုတ်ပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့ နှစ်နှစ်ဆယ်အတွင်း ဆည်ဆောက်ပြီး ငလျင်လှုပ်တာတွေကို လေ့လာတဲ့အခါ ဆည် အမြင့်ပေ တစ်ထောင် အထက် မီတာ ၃၀၀ ရှိတဲ့ဆည်တွေမှာ အဖြစ်များပါတယ်။ မြစ်ဆုံဆည်လိုမျိုး ကျယ်ပြန့်တဲ့ဆည်မှာ ငလျင်လှုပ်နိုင်၊ မလှုပ်နိုင်ကတော့ သိပ်မသဲကွဲသေးပါဘူး။ အငြင်းပွားနေကြတုန်းပါ။ ဆည်ပြိုခဲ့ရင် ဆည်ဆောက်တဲ့ ကုမ္ပဏီ က အရင်ဆုံး ဆုံးရှုံးမှာမို့ ကောင်းအောင်ဆောက်မယ်လို့ ယူဆ လို့ရပါတယ်။ ဒါပေမဲ့ အကောင်းဆုံးက နိုင်ငံတကာ ပညာရှင် တွေကို လေ့လာဆန်းစစ်မှု ပြန်လုပ်စေသင့်ပါတယ်။ ဒါ့အပြင် ငလျင်ကြောင့် ဆည်ပြိုခဲ့ရင် ဆည်ဆောက်တဲ့ ကုမ္ပဏီက ဘယ်လိုလျော်ကြေးပေးမလဲဆိုတာ ထည့်ချုပ်သင့်ပါတယ်။ ဆည် ပြိုကျတာမျိုးတော့ တရုတ်ပြည်ထဲမှာ လွန်ခဲ့တဲ့ နှစ်လေးဆယ်က ဖြစ်ဖူးပါတယ်။ နောက်ပိုင်း ဆည်တွေတော့ နည်းပညာ ပိုကောင်း သွားတော့ မပြိုတော့ပါဘူး။

၄။ မြစ်ဆုံဆည်စီမံကိန်းက လူတစ်စု အကျိုးစီးပွားအတွက် လုပ်တဲ့စီမံကိန်းပါ။ နိုင်ငံအတွက် အကျိုးမရှိပါဘူး။

https://m.facebook.com/story.php?story_fbid=
786036028419275&id=100010386556250

နိုင်ငံတကာမှာ မူဝါဒပြောင်းလဲတာနဲ့ပတ်သက်ပြီး နာမည်ကြီး လေ့လာချက်တစ်ခုက Kingston's three streams model ဆိုတာပါ။ အဲဒီမော်ဒယ်ထဲမှာ အစိုးရတွေရဲ့ မူဝါဒပြောင်းတဲ့ အကြောင်းကို လေ့လာထားတာပါ။ အဲဒီမှာ ပြောထားတာက နိုင်ငံတစ်ခုမှာ လိုအပ်ချက်တစ်ခု ရှိမယ်။ အစိုးရနဲ့ နီးစပ်တဲ့ Elite ( မြန်မာပြည်မှာတော့ ခရိုနီဆိုပါတော့) လူတန်းစား တစ်ခုရှိမယ်။ အဲဒီနိုင်ငံတော်လိုအပ်ချက်ကို အကောင်အထည်ဖော်ရင် အကျိုးအမြတ်ရှိတာကို သတိထားမိတဲ့ Elite တွေက အစိုးရ အရာရှိကို ချဉ်းကပ်မယ်။ ပြီးရင် အဲဒီ Elite လူတန်းစားက နိုင်ငံတော်လိုအပ်ချက်ကို လုပ်ပေးသလိုလိုနဲ့ သူတို့ ကိုယ်ကျိုး အတွက် လုပ်လိုက်ပါတယ်။ အစိုးရ အရာရှိကြီးတွေကလည်း နိုင်ငံတော်လိုအပ်ချက်ရှိနေတာကြောင့် (လာဘ်ယူပြီး) မူဝါဒ ပြောင်းပြီး လုပ်ပိုင်ခွင့်ချပေးလိုက်တယ်လို့ ဆိုပါတယ်။ အဲဒီ Kingston's ရဲ့ three streams model အတိုင်း မြန်မာနိုင်ငံရဲ့ မူဝါဒတွေ ပြောင်းခဲ့တာလည်း အမှန်ပါပဲ။ နိုင်ငံမှာ လျှပ်စစ်နဲ့ ရေလိုနေတာ သတိထားမိတဲ့ ကုမ္ပဏီက အဲဒါတွေရအောင် လုပ်ပေးဆိုပြီး လုပ်ပိုင်ခွင့်တောင်းပါတယ်။ ပြီးတော့ လာဘ်ပေးခဲ့ ကောင်းပေးပါလိမ့်မယ်။ ဒီတော့ အစိုးရက အရင်က လုပ်ပိုင်ခွင့် မပေးဖူးတဲ့ ဆည်ဆောက်တာကို မူဝါဒပြောင်းပြီး လုပ်ပိုင်ခွင့် ပေးလိုက်ပါတယ်။ ဒါဟာ အရမ်းသဘာဝကျပါတယ်။ နိုင်ငံ

တော်က လိုအပ်နေတာ ရှာဖွေလုပ်ပေးတော့ နိုင်ငံတော်က ကိုယ်တိုင် မလုပ်နိုင်တော့ လုပ်ပိုင်ခွင့်ချပေးလိုက်တာပေါ့။ တခြား လုပ်ငန်းတွေလည်း ဒီလိုပါဘဲ။ နိုင်ငံမှာ လမ်းလိုလို့ လုပ်မယ်ဆိုရင် အစိုးရက လုပ်ပိုင်ခွင့် ပေးပါတယ်။ အင်တာနက်လိုနေတော့ လုပ်နိုင်တဲ့သူ လုပ်ပိုင်ခွင့် ချပေးလိုက်တာပါပဲ။ အကုန်တူတူပါပဲ။ တစ်ခုရှိပါတယ်။ ရသွားတဲ့လူတွေက ပမာဏများသွားတော့ မနာလိုတာ ဖြစ်နိုင်ပါတယ်။ ဒါမျိုးဖြစ်ရင် မြန်မာပြည်ကလူ အတော်များများက လိုက်တိုက်ခိုက်လိုက်ဖို့ စဉ်းစားကြပါတယ်။ အဲဒီမှာ စဉ်းစားဖို့ ကောင်းတာက ရသွားတဲ့လူက လောဘနဲ့ နိုင်ငံလိုအပ်ချက်တွေကို ပိုရှာဖွေလုပ်ကိုင်လာနိုင်တယ်ဆိုတာပါ။ ပိုရှာဖွေလုပ်ကိုင်လေ နိုင်ငံပိုတိုးတက်လေပါ။ အဲဒီလူ အများကြီး ပိုချမ်းသာသွားနိုင်ပါတယ်။ နောက်ဆုံး ဘယ်လောက်ချမ်းသာ ချမ်းသာ နောင်ဘဝကို ယူသွားလို့မရပါဘူး။ မြန်မာနိုင်ငံကြီးကိုပဲ ပေးခဲ့ရမှာပါပဲ။ အဲဒီလူက သူ့ဘဝမှာ ခဏ သုံးခွင့်ရသွားတာပါ။ တကယ်ခံစားရတဲ့သူတွေက မြန်မာပြည်သူတွေနဲ့ တကယ်ရသွားမှာက မြန်မာနိုင်ငံကြီးပါပဲ။ လောဘနဲ့ သိပ်မတရား လုပ်တာမျိုး မဖြစ်အောင်တော့ ကာကွယ်ဖို့တော့ လိုပါတယ်။ နောက်ဆုံး ဥပဒေနဲ့ ကာကွယ်လို့ မရရင် စိတ်မပူပါနဲ့ ဘာသာ တရားနဲ့ သဘာဝတရားကြီးက ကာကွယ်ပေးပါလိမ့်မယ်။ မတရားသိပ်လုပ်ခဲ့ရင် အဲဒီလူရဲ့ သားသမီးမြေးတို့က အတုမြင် အတတ်သင်ပြီး သက်ကြီးရွယ်အို ဖြစ်သွားတဲ့အချိန်မှာ ပြန်နှိပ် စက်တာကို ခံရပါလိမ့်မယ်။ ဝဋ်ဆိုတာ နောင်ဘဝ မကူးပါဘူး။ သတိထားရမှာတစ်ခုက လုပ်ပိုင်ခွင့် ရထားပြီး မလုပ်ဘဲ နောင် အလုပ်လုပ်မယ့်သူကို ဈေးတင်ရောင်းဖို့ စောင့်တာမျိုးတော့ အဖြစ်မခံဖို့ လိုပါတယ်။ ဒါ့အပြင် လုပ်မယ့်သူက ဖြစ်သင့်တဲ့

ဈေးကို အများဆုံးပေးတာ ဟုတ်မဟုတ် သိသင့်ပါတယ်။ ဥပမာ အရင်က ဆည်စီမံကိန်းတွေမှာ နိုင်ငံတော်က အရင်းအမြစ် စိုက်တဲ့အတွက် ကုမ္ပဏီရဲ့ ရှယ်ယာ တစ်ဆယ့်ငါး ရာခိုင်နှုန်းနဲ့ ထွက်လာတဲ့ လျှပ်စစ် ၁၀ ရာခိုင်နှုန်းကို ရပါတယ်။ မြန်မာနိုင်ငံက ကျန်တဲ့လျှပ်စစ် ကိုးဆယ် ရာခိုင်နှုန်းထဲက လိုချင်ရင် ကုမ္ပဏီဆီက ပိုက်ဆံပေးပြီး ဝယ်လို့ရပါတယ်။ လျှပ်စစ်ကို ဘယ်သူ့ကိုပဲ ရောင်းရောင်း မြန်မာအစိုးရက ရလာတဲ့ငွေထဲက တစ်ဆယ့်ငါး ရာခိုင်နှုန်း ရှယ်ယာအတွက် ပိုက်ဆံရမယ်၊ ကုန်သွယ်ခွန်ကနေ ငါးရာခိုင်နှုန်း ထပ်ရမယ်။ စာချုပ်သက်တမ်းက ၃၀ + ၅ ဆိုတော့ စာချုပ်ပြည့်ရင် ရာနှုန်းပြည့် မြန်မာပိုင်ပါတယ်။ ဆည်တွေရဲ့ သက်တမ်းကို နှစ်ခုနစ်ဆယ် သတ်မှတ်ကြတော့ အစိုးရက နှစ်သုံးဆယ်လောက် ထပ်သုံးလို့ ရနိုင်ပါတယ်။ အခုမြစ်ဆုံဆည်မှာတော့ ဘယ်လိုအပေးအယူနဲ့ ချုပ်ဆိုထားလည်းတော့ မသိပါဘူး။ ပြောခဲ့တဲ့အတိုင်းဖြစ်ရင် မြန်မာနိုင်ငံက ရမှာ မဆိုးဘူး ထင်ပါတယ်။ အခုလိုပေးထားတာ ဖြစ်သင့်တဲ့ ဈေးဟုတ်သလားဆိုတာတော့ မပြောတတ်ပါဘူး။ ဒါမျိုးကိုတော့ တရားဝင်လေလံပစ်ပြီး လုပ်ပိုင်ခွင့်ပေးရင် ဖြစ်သင့်တဲ့ ဈေးကို အများဆုံးပေးနိုင်မယ့် စွမ်းဆောင်ရည်အကောင်းဆုံး ကုမ္ပဏီတွေ လာလုပ်ပါလိမ့်မယ်။ တကယ်လို့ ဆည်ဆောက်တဲ့ ကုမ္ပဏီက သိပ်အကျိုးအမြတ် ရှိသွားရင် နောက်ဆည်တွေတည်ဆောက်တဲ့အခါ ပြိုင်ဆိုင်မှု ပိုများလာပြီး နောက်ဆည်ဆောက်ရင် ပိုတိုးပေးပါလိမ့်မယ်။ ဒီတော့ လိုနေတာက ပထမဆုံးဆည် စဆောက်မိဖို့တော့ လိုနေပါတယ်။

တွေးမိတွေးရာပါ။

■